
www.burmeseclassic.com

# လွန်းထားထား

(ဆေးတက္ကသိုလ်)

သိမ်မွေ့သောလမင်း နက်ရှိုင်းသောရေပြင်




www.burmeseclassic.com

www.burmeseclassic.com

# လွှမ်းထားထား(ဆေးတက္ကသိုလ်)

## သိမ်မွေ့သောလမင်း နတ်ရှိုင်းသောရေပြင်

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၄၇၂၁၂၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၂၉၂၀၁၀၈

၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

BURMESE CLASSIC .com

၀


စေတနာစာပေ ၏

အမှတ်တရ အစီအစဉ်

# လွှမ်းထားထား

(ဆေးတက္ကသိုလ်)

## သိမ်မွေ့သောလမင်း နတ်ရှိုင်းသောရေပြင်



www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာပေါ်မှာ

သမီးအပေါ်

နားလည်နိုင်စွမ်း အရှိဆုံးသော

အဖေနဲ့ အမေ ...။

ဘဝရဲ့ အဓိပ္ပာယ်တွေကို

ပိုပြီး လေးနက်လှပ

ပြည့်စုံလာစေခဲ့တဲ့


ဘဝအဖော်မွန် မောင်နဲ့ သမီးလေးကို

အမှတ်တရ

မှတ်တမ်းတင်လျက် ...

လွန်းထားထား (ဆေးတက္ကသိုလ်)

BURMESE CLASSIC .com



မိန်းမတွေဟာ လမင်းနဲ့တူတယ်

သိမ်မွေ့သလောက် ညို့ငင်စွမ်းတယ်

ယောကျ်ားတွေကတော့ ရေပြင်နဲ့တူတယ်

နက်ရှိုင်းသလောက် ကိုယ့်ရင်ဘတ်ဆီမှာ

အရိပ်လာထင်တတ်တဲ့

လမင်းကို ဖမ်းယူဖို့ တတ်စွမ်းသရွေ့တော့

ကြိုးစားတတ်ကြတယ် ...။

www.burmeseclassic.com

www.burmeseclassic.com





# အခန်း . . . ၁

## Newcastle, bus stop:

လောက၏ အစိုးမရသော အရာတွေထဲမှာ အင်္ဂလန်၏ ရာသီဥတုကလည်း တစ်ခုအပါအဝင်ဖြစ်သည်။ အခုပဲ မတ်လကုန်လို့ ဧပြီလထဲဝင်တော့မည်။ ဆောင်းရာသီ Winter ကုန်ဆုံးခဲ့ပြီးလို့ Spring နွေဦးပေါက်ပင်ရောက်နေပြီ။ မနက်ဆေးရုံရှိ ကိုယ့်အခန်းကလေးထဲကနေ စ,ထွက် လာခဲ့စဉ် တုန်းကတော့ နေရောင်သည် ပွင့်လိုက်သည်မှ စူးရဲလို့ပင်



www.burmeseclassic.com

www.burmeseclassic.com



နေခဲ့သည်။ တစ်ခုပဲ သူ သတိလက်လွတ်သွားခဲ့သည်မှာ ရုပ်မြင်သံကြားကနေ Weather အစီအစဉ်ကို မကြည့်မိခဲ့ခြင်းပဲ ဖြစ်သည်။ မြို့ထဲ (City Centre) ရှိ Eldon Square သို့ ဘတ်(စ်) ကားဖြင့် လာခဲ့ပြီး W.H Smith စာအုပ်ဆိုင်မှာ စာအုပ်ကလေး ဘာလေး လာမွှေနှောက်ရှာဖွေရုံသက်သက် ဖြစ်သည်။ ဈေးတွေက ကြီးလွန်းသဖြင့် ဝယ်တော့ မဝယ်နိုင်ပါ။ မြို့ထဲကအပြန်မှာ Mc Donald's ဆိုင်ကနေ Chicken burger တစ်လုံးဝယ်ပြီး လမ်းလျှောက်ရင်း စားလာခဲ့ကာ bus stop သို့ ရောက်ကာမှပင် ရာသီဥတုက ရုတ်တရက်ကြီး ဖြုန်းခနဲ ပြောင်းလဲသွားခဲ့ခြင်း ဖြစ်သည်။ တစ်မနက်လုံး လင်းပွင့်နေသော နေရောင်သည် ဖြုန်းစားကြီးပင် ပျောက်ကွယ်သွားခဲ့ကာ မိုးသားတွေ မည်းမှောင်အုံ့ဆိုင်းကျလာပြီး မိုးစက်မိုးပေါက်တွေ စတင်၍ သွန်းကျလာတော့သည်။ တဖြည်းဖြည်း သည်းလာသည်မှာ မယုံနိုင်စရာပင်။ မနက်က ဝတ်လာခဲ့သော Newcastle အထိမ်းအမှတ် စပို့ရှပ်အနက်စင်းကျားကလေးမှာ မိုးရေဖြင့် စိုစိုရွှဲနစ်သွားခဲ့ပြီ။ မိုးစက်တို့၏ အေးစက်သော





အထိအတွေ့က ဟိုးရင်ထဲအထိပင် ရောက်ကာ အသည်းထဲကနေ တခိုက်ခိုက်တုန်အောင် ချမ်းစိမ့်လာလေသည်။ ဝတ်ထားသော Levi's 501 ဂျင်းပဲန်အနက်ရောင်မှာလည်း မိုးဒဏ်၏ အေးစက်မှုကို အကာအကွယ်မပေးနိုင်။ သူ ချမ်းလှပြီ။ ခိုက်ခိုက်တုန်အောင်ကို ချမ်းနေပြီ။ ဘတ်(စ်)ကားက မလာနိုင်သေး။ တော်တော်နှင့်လည်း လာဦးမှာမဟုတ်သေး။ ဒီမှာက ဘတ်(စ်)ကားတွေက အလွန် အချိန်မှန်ကာ တိကျပါသည်။ အငြိုးတကြီး သည်းသည်းမည်းမည်းရွာလျက်ရှိသော မိုးကို ကြည့်ပြီး သူ တော်တော် စိတ်ဓာတ်ကျဆင်းသွားပါသည်။ လက်နှစ်ဘက်ကို ခပ်တင်းတင်းပိုက်ထားရင်း Eldon Square ထဲ ပြန်သွားပြီး အနွေးဓာတ်ရှိသော တစ်နေရာရာမှာ သွားခိုနေရင် ကောင်းမလား စဉ်းစားကြည့်သေးသည်။ သို့သော် ပြန်သွားချင်စိတ်က မရှိ။ ဘတ်စ်ကားမှတ်တိုင်ဆီ ရောက်အောင် တော်တော် လမ်းလျှောက်ခဲ့ပြီးပြီမို့ ပြန်မလျှောက်ချင်တော့ပါ။ တစ်ယောက်တည်း အခုလို ရေခြားမြေခြား သူစိမ်းတွေရဲ့အလယ်မှာ ကူကယ်ရာမဲ့စွာ ဒုက္ခရောက်သည်



www.burmeseclassic.com

www.burmeseclassic.com



အခါတိုင်း သူ မြန်မာပြည်ကို ပြန်ပြေးချင်စိတ်ပေါက်အောင်ပင် သိပ်လွမ်းပါသည်။

ထိုအချိန်မှာ သူ ဘယ်လိုမှ မျှော်လင့်မထားသော အဖြစ်အပျက်တစ်ခုက နတ်ဒေဝတာတစ်ပါးပါး၏ ဖန်ဆင်းမှုပမာ သူ့ ရှေ့မှောက်သို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်ပါသည်။ ဘတ်(စ်)ကားမှတ်တိုင်နှင့် မလှမ်းမကမ်းနားသို့ ကားတစ်စီး ကျော်လွန်သွားပြီးမှ အနောက်သို့ ဘက်(စ်)ပြန်ဆုတ်လာခဲ့ခြင်း ဖြစ်သည်။ ဘာရယ်မဟုတ် သူ လှမ်းကြည့်နေလိုက်မိစဉ်မှာ ထို B.M.W ကား အရောင်ခပ်ဆန်းဆန်းနှင့် Private Number တပ်ထားသော ကားလေးက သူ့ရှေ့နားသို့ ရောက်လာလေသည်။ ကားအရောင်က ရောင်ပြေး Metallic Colour ဖြစ်ပါသည်။ ပန်းခရမ်းလိုလို၊ အစိမ်းလိုလို အရောင်ပြေးကလေး ဖြစ်ပြီး အမိုးဖွင့်လို့ရသော Convertible နောက်ဆုံးပေါ် 2006 Model ဖြစ်သည်။ သူ ရှေ့သို့ရောက်လျှင် ကားမှန်တံခါးက လျှောခနဲကျလာကာ အလွန်လှပသော အမျိုးသမီးတစ်ယောက်၏ မျက်နှာတစ်ခုပေါ်လာသည်။ ရုတ်တရက်ကြည့်လိုက်လျှင် ဗိုလ်ပဲလား





ဘာလူမျိုးလဲဟု မဝေခွဲနိုင်ဘဲ ရှိစဉ် သူမထံမှ . . .

"ဟိတ် . . . မင်း မြန်မာလားဟင်"

ဟူသော မြန်မာလို လှမ်းမေးသံကြားလိုက်ရတာမို့ သူ့တစ်ကိုယ်လုံး ကြက်သီးမွေးညင်းတွေပင် ဖြာထသွားရသည်အထိ စိတ်လှုပ်ရှားသွားရလေသည်။ အင်္ဂလန်ရောက်ပြီးမှ မြန်မာသံမကြားခဲ့ရတာ ဘယ်လောက်ကြာပြီလဲ။ အခုမှပင် သူမ၏အလှက ဗိုလ်ဆန်လှသော်လည်း မြန်မာတစ်ယောက်ပဲဆိုတာ သေချာသွားရသည်။ သူက ဝမ်းသာအားရပြုံးလျက် ကားနံဘေးသို့ ဖြုန်းခနဲ ချဉ်းကပ်သွားမိကာ . . .

"ဟုတ်ကဲ့ ခင်ဗျ . . .' ကျွန်တော် မြန်မာပါ"

ဟု တရင်းတနှီး ပြန်ဖြေဖြစ်သွားလေသည်။ သူမ ပြုံးလိုက်သောအခါ ပါးပြင်ကလေးတစ်ဖက်တစ်ချက်မှာ ပါးချိုင့်လှလှကလေး ခွက်ဝင်သွားပုံကို သူ ငေးခနဲ ကြည့်မိသွားပါသည်။

"အေး . . . ထင်သားပဲ၊ ရုတ်တရက် တွေ့လိုက်တာနဲ့ မြန်မာပဲလို့ ထင်လိုက်မိတာ၊ မင်းရုပ်ရည်က filipino



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



(ဖိလစ်ပီနို) ပုံစံလည်း မပေါက်ဘူး၊ အသားညိုညို အရပ်ထောင်ထောင်မောင်းမောင်းနဲ့ မြန်မာရုပ်မှ မြန်မာရုပ်စစ်စစ်ပဲ၊ ဒါကြောင့် လှမ်းမေးလိုက်တာ၊ မင်းဘတ်(စ်)စောင့်နေတာလား၊ မိုးတွေလဲ ရွာလို့"

"ဟုတ်ကဲ့ . . . မိုးရွာလိမ့်မယ်လို့ ကျွန်တော် မထင်ခဲ့တာ"

သူ့အဖြေကို သူမက ပခုံးတစ်ချက် တွန့်ပြရင်း. . .

"အင်္ဂလန်မှာ ဘာကိုမှ ကျိန်းသေပေါက် မတွက်ထားနဲ့၊ မင်းရဲ့ ဘတ်(စ်)က ကြာဦးမှာလား၊ ဘတ်(စ်)ပဲ စောင့်မလား၊ ဒါမှမဟုတ် ကိုယ် မင်းကို မြန်မာချင်း အကူအညီပေးတဲ့အနေနဲ့ လိုက်ပို့ပေးရမလား"

သူမ၏ ကမ်းလှမ်းမှုကို သူ ဘယ်လိုမှ မငြင်းဆန်နိုင်ပါ။

"ဘတ်(စ်)က နောက်တစ်နာရီလောက်ကို ကြာဦးမှာခင်ဗျ၊ ကျေးဇူးပြုပြီး ကျွန်တော် ကားကြုံလိုက်ခဲ့ပါရစေ၊



BURMESE CLASSIC .com



ကျွန်တော် ချမ်းလှပြီ . . ."

"OK . . . လာ တက်လေ"

သူ ချက်ချင်းပဲ ကားပေါ်သို့ တက်ထိုင်လိုက်မိပါသည်။ ကားထဲရောက်သွားသည်နှင့် ကားထဲမှာ ဖွင့်ထားသော heater ကြောင့် တစ်ကိုယ်လုံး ပူနွေးသွားလေသည်။ ချမ်းတာမှ သူ့တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေကာ နှုတ်ခမ်းများပင် ပြာနှမ်းနေလောက်ပြီ။

"ကဲ . . . မင်းကို ဘယ်ကို ပို့ပေးရမလဲ"

"Sunderland Royal Hospital ပါ မမ၊ ကျွန်တော် အဲဒီမှာ attachment ဆင်းရင်း M.R.C.P လာဖြေနေတဲ့ ဆရာဝန်တစ်ယောက်ပါ"

"ဪ . . . ဆေးရုံ accomodation ရတယ်လား"

"ဟုတ်ကဲ့ . . ."

ကားပေါ်မှာ ဆူညံလျက်ရှိသော Metro Radio မှ လွှင့်သော သီချင်းတွေကို သူမက ပိတ်ပစ်လိုက်ပြီး. . .

" M.R.C.P က Part I လား II လား PACES လား?"



www.burmeseclassic.com

www.burmeseclassic.com



ဟု စိတ်ဝင်တစား မေးလိုက်သော မေးခွန်းကြောင့် သူ ပို၍ အံ့ဩသွားပါသည်။ သူမသည်ပင်လျှင် ဆရာဝန်တစ်ယောက်ပဲ ဖြစ်ရမည်ဟု လုစ်ခနဲ သူ တွေးလိုက်မိသည်။

"ကျွန်တော် PACES လာဖြေတာပါ မမ"

"ပညာတော်သင်နဲ့ လာတာလား၊ ရိုးရိုး ကိုယ့်ဘာသာကိုယ် လာဖြေတာလား"

"ကျွန်တော် ပညာတော်သင်နဲ့ပါ"

"Visa ဘယ်လောက်ရသလဲ"

"တစ်နှစ်ရပါတယ်၊ ကျွန်တော် ပထမတစ်ခေါက်လာတုန်းက Part I နဲ့ II ကို တစ်နှစ်တည်းနဲ့ အပြီး ဖြေသွားခဲ့တာလေ၊ အခုမှ ပြန်လာပြီး PACES လာဖြေတာပါ၊ တစ်နေ့တစ်နေ့ Sunderland မှာပဲ ဆေးရုံသွားလိုက်၊ attachment ဆင်းလိုက်၊ Library သွားလိုက်၊ စာဖတ်လိုက်နဲ့ ငြီးငွေ့တာနဲ့ Newcastle အထိ စွန့်စွန့်စားစားထွက်လာခဲ့တာ၊ Metro စီးမလို့ပဲဗျ၊ bus ပဲ စီးချင်တာနဲ့ စီးလာတာ၊ ကျွန်တော့်နာမည် 'နှောင်တိုး' ပါ မမ"





"ဘာရယ် . . . နာမည်ကလည်း ဆန်းလိုက်တာ၊ နှောင်တိုးတဲ့လား၊ Dr. Toe ပေါ့ . . . ဟုတ်လား"

"ဟုတ်ကဲ့ မမ"

သူက သူမကို ဘေးတစောင်းလှမ်းကြည့်မိရင်း သိပ်လှတဲ့ မိန်းမတစ်ယောက်ပဲဟု မတွေးမိဘဲ၊ မငေးမိဘဲ မနေနိုင်။

"ကိုယ့်နာမည်လည်း မင်း သိချင်မှာပဲနော်၊ ကိုယ်က 'ဒေါက်တာ နွေးမယ်ရင်' ပါ၊ G.P ဆိုပါတော့၊ ကိုယ် G.P Partner ပေါ့၊ ကိုယ့် Surgery က Sunderland မှာ၊ ကိုယ်နေတာ 'Chester-Le-Street မှာပေါ့၊ မင်းလိုအပ်တဲ့ အကူအညီရှိရင် ပြောလေ၊ မမျှော်လင့်ဘဲ မြန်မာတစ်ယောက်ကို တွေ့ခွင့်ရခဲ့ပြီ၊ ကူညီခွင့်ရမယ်ဆိုရင် ကိုယ့်လူမျိုးချင်း ရှိုင်းပင်းရာကျတာပေါ့နော်၊ မင်းရဲ့ Sunderland Royal Hospital မှာလည်း ကိုယ် အလုပ်လုပ်ခဲ့ဖူးတယ်၊ G.P Training ဆင်းတုန်းကပေါ့"

"မမ ဒီကိုရောက်တာ ဘယ်လောက်ကြာပြီလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ဆယ်နှစ်ကျော်ပြီ ဆိုပါတော့"

မိုးကလည်း သည်းသထက် သည်းလာခဲ့သည်။

"နေဦး . . . တစ်ယောက်နဲ့တစ်ယောက် သိလည်း သိသွားပြီဆိုတော့ မင်းကို ကိုယ့်အိမ်ကို တစ်နေ့နေ့မှ ထမင်းစားဖိတ်ဦးမယ်"

သူမက သူ့ရဲ့ ဆေးရုံရှိအခန်းကလေးဆီအထိ ရောက်အောင် လိုက်ပို့ပေးခဲ့ပါသည်။

"မမ ကျွန်တော့် ထမင်းစားခန်းထဲလိုက်ပြီး ကော်ဖီ ပူပူကလေးသောက်ပါဦးလား ခင်ဗျ"

ဟု သူကပြောလျှင် သူမက လှပသော အပြုံးကလေးနှင့်အတူ . . .

" I'm fine. Thanks. ကိုယ်က ကော်ဖီပူပူတစ်ခွက်ထက် မင်းရဲ့ Mobile No. ရရင် ပိုကျေနပ်မှာပါ"

ဟု ဆိုသောကြောင့် သူ့ရဲ့ Mobile နံပါတ်ကလေးကို ခပ်သွက်သွက် ပြောပြလိုက်သည်ကို သူမက သူမ၏ Sony Ericsson Mobile ဖုန်း လှလှကလေးထဲမှာ ချက်ချင်း





ပင် သွင်းမှတ်ယူထားလိုက်ပါသည်။

"မမရဲ့ နံပါတ်ရော"

"ကိုယ် စပြီး ခေါ်လိုက်မယ်လေ . . . ဟုတ်ပြီလား၊ ဘိုင့် ဘိုင် . . . ဆီးယူ"

သူမ၏ ကားကလေးက သူ့ရဲ့ ဆေးရုံအိမ်ဝင်း အတွင်းကနေ ခပ်သွက်သွက်ကလေး ပြန်ထွက်သွားသည်အထိ သူ ငေးမောလျက် ကျန်ရစ်ခဲ့သည်။ ဒေါက်တာနွေးမယ်ရင်တဲ့။ နာမည်ကလေးက တကယ်ပဲ နွေးလိုက်တာ။ ခိုက်ခိုက်တုန်အောင် ချမ်းနေသော သူ့နှလုံးသားတစ်ခုလုံးဆီ အနွေးဓာတ်တွေ စိမ့်ဖြာစီးဆင်းသွားခဲ့ပါသည်။ ရေစိုရွှဲနေသော အဝတ်အစားတွေကို ခပ်သွက်သွက် လဲပစ်လိုက်ပြီး ကော်ဖီပူပူကို မတ်ခွက်ကြီးကြီးနှင့် အပြည့်ဖျော်ကာ ခုတင်ပေါ်တက်ခွေနေခဲ့သော်လည်း ထိုညမှာ သူ ဖျားပါသည်။

☺☺☺

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ ထိုအသံကို ဘယ်ကလာမှန်း သူ မသိ။ ကယောင်ချောက်ချားဖြင့် အဖျားတက်လျက်ရှိသည်။ မျက်လုံးများကို ကြိုးစား၍ ဖွင့်ကြည့်မိတော့မှ ခေါင်းရင်းရှိ သူ့ရဲ့ Motorola ဖုန်းကလေးဆီမှ ခေါ်သံတီးလုံးကလေး မြည်နေခြင်းဖြစ်သည်။ သူ ကြိုးစားပြီး ရှန်းထကာ ဖုန်းကို ကောက်နားထောင်လိုက်ရသည်။ ခေါင်းတွေက မထူနိုင်လောက်အောင် ကိုက်ခဲနေခဲ့သည်။ အပူရှိန်က ခြစ်ခြစ်တောက်လျက် မီးခဲရဲရဲ တင်ထားသလိုပင်။

"ဟဲလို . . ."





"ဟောတော့ . . . အသံက ဘယ်လိုဖြစ်နေရတာလဲ၊ မင်း ဖျားနေပြီမှလား နှောင်တို့၊ အင်း . . . ကိုယ် ထင်တဲ့အတိုင်းပဲ"

ထိုအသံကို ကြားလိုက်ရသည်နှင့် လေးလံထိုင်းမှိုင်းလျက်ရှိသော သူ့အာရုံတွေ တစ်ခုလုံး ပေါ့ပါးလင်းလက်သွားလျက် ပြုန်းခနဲ ထထိုင်လိုက်မိသည်။ သူ့မျက်လုံးများ တကယ်ပင် ပြာဝေလျက် ရှိတာပါ။

"မမ . . . မမလားဟင်"

တကယ်တော့ မေးစရာမလိုပါ။ ညှိမ့ညှိမ့ ချိုပြီး သြသြကလေးနှင့် သြဇာသံလွှမ်းနေသော မြန်မာသံဆိုလို့ မမ နွေးမယ်ရင်တစ်ယောက်တည်းပဲ ရှိတာပါ။

"ဟုတ်ပါ့ . . . မင်း ဘာသောက်ထားလဲ၊ Temperature ဘယ်လောက်ရှိသလဲ"

သူမအသံက တရင်းတနှီးပင်။ မနေ့ကမှ တစ်ခါပဲ တွေ့ဆုံရင်းနှီးထားသူတစ်ယောက်နှင့်ပင် မတူပါ။ အံ့သြစရာကောင်းသည်က မမသည် နာမည်နှင့်လိုက်ဖက်လှစွာ



www.burmeseclassic.com

www.burmeseclassic.com



အောင်ပင် လူကို နွေးမြလွှန်းစေခြင်းပင်။

"ကျွန်တော် LEMSIP တစ်ခွက် သောက်ထားပါတယ် မမ၊ temperature ကတော့ 102-103 လောက် ရှိမယ် ထင်တယ်"

"မင်း ဘာစားထားသလဲ . . ."

"ကျွန်တော် ဘာမှ မလုပ်နိုင်တော့ဘူး မမ၊ ခေါက်ဆွဲပြုတ်တစ်ခွက်လောက် ထပြုတ်ဖို့တောင် Kitchen ကို မဆင်းနိုင်တော့ဘူး"

"အဲဒီတော့ မင်းဗိုက်ထဲမှာ ဘာအစာမှ မရှိဘူးပေါ့၊ မင်း အားငယ်နေသလားဟင်"

တဲ့ . . .။ သူမ၏ မေးခွန်းက တစ်ပြည်ရပ်ခြားတိုင်းတစ်ပါးမှာ ရောက်ရှိနေသော သူတစ်ယောက်တည်း အဖော်မဲ့စွာ နေနေရသော လူတစ်ယောက်ကို တကယ် ငိုချင်စိတ်ပေါက်သွားစေပါသည်။ ယောကျ်ားတစ်ယောက်ဖြစ်သော်လည်း သူ မရှက်နိုင်ပါ။ ခုအချိန်မှာ သူ ဖျားနေသည်။ သူ့ဘေးမှာ ပြုစုယုယဖေးမကြင်နာမည့် ဆွေမျိုးသားချင်း၊ ချစ်သူ၊ ခင်သူ





တစ်ယောက်တစ်လေမှ မရှိပါ။ သူ ဘယ်လောက် အားငယ်နေသလဲဆိုတာ သူပဲ သိပါသည်။ သူ ဘာမှ အဖြေမပေးသည်ကို သူမက သဘောပေါက်သွားဟန်ရှိပြီး . . .

"OK . . . နောက် နာရီဝက်လောက်ဆို ကိုယ့်ကား မင်းရဲ့ အိမ်ဝင်းအပြင်ဘက်မှာ ရောက်မယ်၊ မင်း ဆင်းလာနိုင်မလား၊ နွေးနွေးထွေးထွေးဝတ်ပြီးတော့လေ"

သူ့ရင်ထဲ လှိုက်ခနဲ ခုန်သွားကာ ယောင်ယမ်း၍ ခေါင်းပါညိတ်ပြလိုက်မိသည်။ ကိုယ်ပေါ်မှာ ဝတ်ထားသော Tommy Hilfiger V-neck jumper ပေါ်မှ Nike fleece အနွေးထည် top နက်ပြာကလေးကို ကောက်စွပ်ကာ ခေါင်းစွပ် hood ကလေးကိုပါ ဆွဲဆောင်းထားလိုက်သည်။ Nike pant ကတော့ နွေးပြီးသားပင်။ ခေါင်းကိုက်နေခြင်းတွေ ဘယ်ဆီရောက်ကုန်ပြီမသိ။ ရင်တထိတ်ထိတ်ခုန်ကာ စိတ်လှုပ်ရှားစွာဖြင့် လမ်းမဆီ လှမ်းမြင်ရသော ပြတင်းပေါက်ကနေ ခြံဝင်းတံခါးအပြင်ဘက်ဆီမှာ လာရပ်မည့် B.M.W ရောင်ပြေး ကားကလေးကိုသာ



www.burmeseclassic.com

www.burmeseclassic.com



မျှော်တလင့်လင့် စောင့်စားနေမိသည်။ တကယ့်ကို နာရီဝက်ပါပဲ။ ကားကလေးကို လှမ်းမြင်လိုက်သည်နှင့် သူ ဝုန်းခနဲ ပြေးဆင်းလာခဲ့မိသည်။ သူမက ကားဝေါမှနေ၍ ပြုံးကြည့်နေသည်။ ကော်ဖီရောင်ဖျော့ဖျော့ ကက်ရှ်မီးယားဆွယ်တာ လက်ရှည်ကလေးကို လက်ပင့်တင်ထားသော ဘောင်းဘီအညိုရောင်နှင့် မျက်နှာကလေးပေါ်မှာ Dior မျက်မှန်လေးထောင့် အညိုရောင် ခပ်ကြီးကြီးကို တပ်ထားသော သူမကို မြင်လိုက်ရစဉ်မှာ သူ့ရင်ထဲ ခင်မင်ရင်းနှီးသူ ဆွေမျိုးသားချင်းတစ်ယောက်နှင့် ပြန်တွေ့လိုက်ရသလို ရင်ထဲ နွေးမြလုံခြုံသွားသည်ကတော့ အမှန်ပဲဖြစ်သည်။

"ဒီနေ့ Sunday လေ၊ ကိုယ်အားတာနဲ့ အိမ်မှာ တစ်ခုခု ချက်စားမယ်ဆိုပြီး စဉ်းစားတော့ မင်းကို ဖြုန်းခနဲ သတိရသွားတယ်၊ မနေ့က မိုးမိထားတော့ မင်း ဖျားနေမှာပဲလို့တွေးပြီး ဖုန်းကောက်ဆက်လိုက်တာ၊ ထင်တဲ့အတိုင်းပဲ၊ ကိုယ် မင်းအတွက် ဆိတ်ရိုးစွပ်လုပ်ထားခဲ့တယ်၊ ကိုယ် Spaghetti လုပ်ထားတယ်၊ Lamb အသား





လုံးနဲ့လေ၊ မင်း ကြိုက်ရဲ့လား"

"ကျွန်တော်ကြိုက်ပါတယ် မမ၊ ကျေးဇူးတင်ပါတယ်၊ တစ်ယောက်တည်းဆိုတော့ ကျွန်တော်က ဖြစ်သလိုပဲ ရှင်းလိုက်တာ၊ များသောအားဖြင့် Greegs က Sandwich တို့ ဘာတို့ပဲ ဝယ်စားလိုက်တာများတယ်"

"ကိုယ်သိတာပေါ့၊ တစ်ယောက်တည်းသမားရဲ့ဘဝကို၊ ကိုယ်လည်း အဲဒီဘဝကနေပဲ ဖြတ်သန်းလာခဲ့တာပါ"

Chester-Le-Street ရှိ သူမ၏အိမ်ရှေ့သို့ ရောက်လျှင် ကားကို အိမ်ရှေ့မှာပဲ ရပ်ထားခဲ့ပြီး သူမ၏အိမ်ထဲသို့ အတူ ဝင်လာခဲ့ကြသည်။ အိမ်ကြီးက အကြီးကြီးပဲ ဖြစ်သည်။ ဧည့်ခန်းကို ပြင်ဆင်ထားသည်မှာ ခမ်းနားလှပါသည်။ မဟော်ဂနီရောင် ပြောင်လက်တောက်ပနေသော စန္ဒရားကြီးနှင့်အတူ နံရံမှာ ချိတ်ဆွဲထားသော တန်ဖိုးကြီး ဆီဆေးပန်းချီကားချပ်ကြီးများက ပို၍ ခမ်းနားစေခြင်း ဖြစ်သည်။ ဧည့်ခန်းမှာ ခင်းထားသော ဘယ်လ်ဂျီယံမွေးပွကော်ဇော အဖြူရောင်က နူးအိမွနေကာ ခြေဖဝါးများကို နွေးမြစေသည်။ တစ်အိမ်လုံး



www.burmeseclassic.com

www.burmeseclassic.com



Magnolia ရနံ့ သင်းပျံ့နေသည်။

"ကဲ . . . ထိုင်ဦး . . . ကိုယ် သွားပြင်လိုက်ဦးမယ်"

"ကျွန်တော် ကူပေးမယ်လေ မမ"

"အေးအေးနေပါဟယ် . . . မင်းကြည့်ရတာ ထူချင်ပုံတောင် မရဘူး၊ မနည်းကို ထူမတ်ထားရတာ . . . ဟုတ်တယ်မှုလား၊ အဲဒီ ဆိုဖာပေါ်မှာ လှဲလို့ရတယ်၊ သက်တောင့်သက်သာကလေး နားနေ . . . ဟုတ်လား၊ ကိုယ့်ကို မင်းရဲ့ အစ်မတစ်ယောက်လို့ သဘောထားလိုက် . . . OK!"

သူမက ပြုံးပြုံးကလေးပြောသည်။

"မမ တစ်ယောက်တည်း နေတာလားဟင်"

"အေးပေါ့ . . . ကိုယ်က Partner နဲ့ နေကဲ့ရုပ် ပေါက်နေလို့လား"

"ဟာ . . . မဟုတ်ပါဘူး မမရဲ့၊ အိမ်ကြီးက အကြီးကြီးမို့ပါ"

"5-bed-rooms လေ၊ မင်း လျှောက်ကြည့်ချင် ကြည့်လို့





ရတယ်၊ စိတ်ပြေလက်ပျောက်ပေါ့၊ လှဲနေရင်တော့ မင်းအိပ်ပျော်သွားမှာပဲ"

"ကျွန်တော် မမကို ကူညီပေးမယ်လေ"

"OK . . . ဒါဖြင့်လည်း Kitchen ထဲ လာနေပေတော့၊ မင်းက ပြောမရဆိုမရနဲ့ မောင်ဆိုးလေးကျနေတာပဲ"

သူမက မျက်စောင်းကလေးချီလိုက်သောအခါ ဆရာဝန်မကြီးတစ်ယောက်ဟု လုံးဝမထင်ရတော့ဘဲ နုပျိုမြူးဖျူသော အပျိုရိုင်းကလေးပုံစံကလေး ဖြစ်သွားလေသည်။ ထမင်းစားခန်းကို Conservatory ဟုခေါ်သော မှန်အဆောင်ခပ်ကြီးကြီးထဲမှာ ပြင်ဆင်ထားပြီး Kitchen ထဲမှာတော့ Kitchen Unit တစ်ခုလုံး နောက်ဆုံးပေါ် ဒီဇိုင်းတွေ တပ်ဆင်ထားလေသည်။ သူမက Apron ကလေး ကောက်စွပ်လိုက်ပြီး . . .

"Spaghetti လုပ်တာ ဘာမှ မခက်ပါဘူး၊ အသားလုံးဟင်းက ချက်ပြီးသားလေ၊ မင်းအတွက် ဆိတ်ရိုးစွပ်ကို ပြန်နွေးရုံပဲ၊ မညီအောင်တော့ ဆီတွေသတ်၊ အမွှေး



www.burmeseclassic.com

www.burmeseclassic.com



ရွက်တွေ ခပ်ထားတာပဲ၊ မင်း ဘာနဲ့စားမလဲ၊ နံပြားနဲ့ စားမလား၊ ကိုယ့်မှာ ကုလားဆိုင်က နံပြားတွေရှိတယ်၊ ခဏလေး . . . oven နဲ့နွှေးပေးမယ် . . . ဟုတ်လား"

သူမက ပြောလည်းပြောရင်း လက်ကလည်း သွက်လက်စွာ လှုပ်ရှားနေသည်။ Spaghetti ခေါက်ဆွဲခြောက်တွေကို ပြုတ်ပြီး olive oil ကလေး ဆမ်းသည်။ သူ့အတွက် နံကို oven ထဲ ထည့်ကာ ပူနွေးစေသည်။ ဆိတ်ရိုးစွပ်ဆိုသည်မှာ Lamb ပေါင်ရိုးကို အချောင်းလိုက် ပြန်ပေါင်းကာ စွပ်ပြုတ်လုပ်ထားခြင်းပင်။ အလွန်လှပသော ပန်းကန်ခွက်ယောက်တွေထဲမှာ စနစ်တကျ ပြင်ဆင်ထည့်ပေးသမျှကို သူက conservatory ထဲရှိ ထမင်းစားပွဲပေါ် သို့ သွားတင်ပေးရသည်။ conservatory တစ်ခုလုံး မှန်ချပ်တွေနှင့် ဖွဲ့စည်းထားသည်မို့ ခြံထဲကို အတိုင်းသားပင် လှမ်းမြင်နေရသည်။ ခြံထဲမှာ fountain (ရေပန်း)ကလေးက ခုန်မျံနေသော ဧရာမ ဝေလငါး ပုံသဏ္ဍာန်ဖြစ်ကာ ငါးပါးစပ်ထဲကနေ ရေပန်းတွေ ပန်းထွက်နေသည်။ ဥယျာဉ်ကလေးထဲမှာ နှင်းဆီပန်းရောင်စုံ၊ tulip ပန်း ရောင်စုံ၊





ပြီးတော့ . . . သူ မသိသည့် ပန်းရောင်စုံတွေနှင့် အလွန်လှပစွာ ပြင်ဆင်ထားသည်။ အင်း . . . ဥယျာဉ်ထိန်းသိမ်းပြုပြင်ခ,ကတင် နည်းမှာမဟုတ်။ conservatory ထဲမှာလည်း indoor plants တွေဖြစ်သော နှင်းဆီ၊ သစ်ခွရောင်စုံတွေ လှပစွာ ရှိသည်။

"မမ အိမ်ကလေးက စိတ်ချမ်းသာစရာ ကောင်းလိုက်တာဗျာ"

ဟု သူကပြောလျှင် သူမက . . .

"ဒါတွေကို ခံစားနေဖို့လည်း အချိန်မရှိပါဘူးဟယ်၊ ကိုယ်က အလုပ်ကခပ်များများရယ်၊ ဒါပေမဲ့ ကိုယ့်အိမ်ကိုရော ခြံထဲကိုပါ လှပသန့်ရှင်းနေမှ ကြိုက်တတ်တော့ house keeper ရော gardener ရော ဈေးကြီးကြီးပေးပြီး တစ်ပတ်တစ်ခါ ခေါ်ခိုင်းရတာပေါ့၊ ကဲ . . . စားလို့ရပြီ နောင်တိုး၊ မင်းကြည့်ရတာ နည်းနည်းနေကောင်းလာသလိုပဲ၊ စိတ်ပြောင်းသွားလို့ထင်တယ်"

သူနှင့်မမ နှစ်ယောက်တည်း ဧရာမကျွန်းစားပွဲ



www.burmeseclassic.com

www.burmeseclassic.com



ရှည်ရှည်ကြီးမှာ မျက်နှာချင်းဆိုင်ထိုင်လျက် စားဖြစ်ကြသည်။

"မမက MRCGP ရပြီးပြီပေါ့နော်"

ဟု သူက စပ်စုလျှင် သူမက . . .

"ကိုယ် MRCP ရော MRCGP ပါ ပြီးပြီ၊ နောက်မှ မင်းကို အပေါ်ထပ်က ကိုယ့်ရဲ့ private library ကို လိုက်ပြမယ်၊ စာအုပ်တွေရော DVD တွေ CD-Room တွေရော အကုန်ရှိတယ်၊ မင်း လိုအပ်တာရှိရင် ကိုယ် ငှားပေးမယ်၊ ဒါမှမဟုတ်လည်း ကိုယ့်ရဲ့ library ကို အချိန်မရွေး လာအသုံးပြုခွင့်ပေးမယ်၊ မင်း ဆေးရုံကအခန်းမှာ internet သုံးလို့ရသလား"

"မရဘူး မမ . . . ကျွန်တော် စာဖတ်ချင်ရင်၊ internet သုံးချင်ရင် ဆေးရုံက Library မှာ သွားသုံးရတယ်"

"သြော် . . . သြော် . . . အဲဒါဆိုရင် မင်း ကိုယ့်ဆီမှာ အချိန်မရွေး internet လာသုံးလေ၊ စာအုပ်တွေလည်း ကြိုက်တာဖတ်လို့ရတယ်၊ နေဦး . . . PACES အတွက် အခွေတွေတောင် ကိုယ့်မှာရှိတယ်၊ မင်းအတွက် ကောင်း





ကောင်း အသုံးကျမယ်"

"ဟာ . . . ကျေးဇူးပဲ မမရယ်၊ ကျွန်တော်တော့ နတ်ရေကန်ထဲကျတာပဲ၊ ဆေးရုံက Library က ညနေ ငါးနာရီထိပဲ သုံးခွင့်ရှိတာလေ၊ ပြီးတော့ . . . week-end သုံးလို့မရဘူး၊ ကျွန်တော့်အတွက်က internet ရှိမှ ပိုအဆင်ပြေတာ"

သူ တကယ်ပဲ လှိုက်လှိုက်လှဲလှဲ ဝမ်းသာသွားပါတယ်။ ဖြစ်နိုင်ရင် သူသည် PACES စာမေးပွဲကို တစ်ကြိမ်တည်းနှင့်သာ အောင်မြင်သွားချင်ပါသည်။ သူ့အတွက် တော်တော့်ကို အသည်းအသန် ကြိုးစားအားထုတ်ရမည်မှန်းလည်း သိသည်။ မမျှော်လင့်ဘဲ မမဆီမှ သူရမည့် အကူအညီတွေက နည်းနည်းနောနော မဟုတ်ပါ။

"ကိုယ် ကူညီနိုင်တာမှန်သမျှ ကူညီပေးချင်ပါတယ်ကွယ်၊ ဒါနဲ့ မင်း PACES အတွက် Courses တွေရော မတက်ဘူးလား၊ London မှာ အများကြီးပဲ ရှိတယ်၊ မင်း တက်သင့်တယ်၊ 4 day courses တွေရှိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



internet မှာ ရှာလိုက်ရင်တောင် ရတယ်"

"ဟုတ်ကဲ့ . . . ကျွန်တော် တက်မှာပါ မမ၊ မမနဲ့တွေ့တာ ကျွန်တော့်အတွက် လမ်းပြကြယ်ကလေး တွေ့လိုက်သလိုပဲ . . . တော်တော်အားတက်သွားတယ်"

"ကိုယ်က မင်းရဲ့ guiding star ပေါ့လေ၊ အသုံးအနှုန်းကလေးတော့ သင့်ပါပေ့၊ ဘယ်လိုလဲ စားလို့ကောင်းရဲ့လား၊ နည်းနည်းညှိသလား"

"မညှိဘူး မမ . . . အရမ်းကောင်းတယ်၊ ကျွန်တော် ပန်းကန်တွေ ဆေးပေးမယ်လေ"

"ဟင့်အင်း . . . ဆေးစရာ မလိုဘူး . . . dish washer ထဲ ထည့်လိုက်မယ်"

သူက စားပြီးသား ပန်းကန်တွေကို tissue ဖြင့် သုတ်ပေးပြီး dish washer ထဲ ထည့်ပေးလိုက်သည်။

"မင်း ဝိုင်သောက်မလား နှောင်တိုး"

ဟု သူမက မေးသောအခါ သူ့ရင်ထဲ ပူထူရှင်းသွားအောင် ဝိုင်သောက်ချင်စိတ်ပေါက်လာသောကြောင့်





ခေါင်းညိတ်ပြလိုက်မိသည်။

" red လား white လား"

"ရပါတယ် မမ . . . ကျွန်တော် ဘာမဆို သောက်တယ်"

သူမက ဝိုင်ဖန်ခွက်လှလှထဲမှာ red wine နှစ်ခွက် ငှဲ့ထည့်ပေးသည်။ ဝိုင်အရသာသည် သူ့လည်ချောင်းမှတစ်ဆင့် ဟိုးရင်ထဲအထိ ပူနွေးရှတစွာ ရှင်းလင်းသွားစေသည်။

"ကဲ . . . လာ၊ မင်းကို ကိုယ့်ရဲ့ Library ရော home theatre ပါ လိုက်ပြမယ်၊ အပေါ်ကို လိုက်ခဲ့"

ဟု ဆိုကာ သူမက ဦးဆောင်ပြီး အပေါ်ထပ်ဆီသို့ ခေါ်ဆောင်သွားပါသည်။ ဝိုင်၏ အရှိန်ကြောင့် သူ နည်းနည်း နေသာထိုင်သာရှိလာသည်။ အပေါ်ထပ် တစ်ထပ်လုံးကိုလည်း ဘယ်လ်ဂျီယံ မွေးပွကော်ဇော အဖြူလွလွမွမွပင် ခင်းထားပါသည်။ ခေါင်းရင်းအခန်းတစ်ခန်းမှာ ဘုရားခန်းဖြစ်လျက် ဘုရားစင်ကို ဟိန်းနေအောင်ပင် ကျွန်းပလ္လင်မြင့်



www.burmeseclassic.com

www.burmeseclassic.com



မြင့်ကြီးဖြင့် ရွှေရောင်ဝင်းအိနေသော ဗုဒ္ဓဆင်းတုတော်မြတ်ကြီး တစ်ဆူကို သပ္ပယ်စွာ စံမြန်းတော်မူစေသည်။ လှပသော ကြွေပန်းအိုးကြီးများဖြင့် ဘုရားပန်းများကို LiLi အဖြူများ ဝေဆာနေအောင် ထိုးထားပါသည်။ ဒုတိယအခန်းကတော့ Home Theatre အခန်းဖြစ်သည်။ 50" ရှိသော Pioneer Plasma TV ကြီးကို နံရံမှာ ကပ်ထားသည်။ Amplifiers တွေ Speakers တွေကို သူ့နေရာနှင့်သူ စံနစ်တကျ တပ်ဆင်ခင်း ကျင်းထားပြီး တကယ့်ကို Home cinema တစ်ခုသဖွယ် ပြင်ဆင်ထားပါသည်။ Home cinema ကို သူ အလွန်သဘောကျပါသည်။ မြန်မာပြည်ရှိ သူ့အိမ်မှာ တပ်ဆင်ထားပေမယ့် ပစ္စည်းတွေက အခုလောက် ခေတ်မမီ၊ မဆန်းသစ်ပါ။ ရုပ်ရှင်ကြည့်ဖို့ ဆိုဖာဆက်တီကြီးတွေမှာ ကျယ်ပြန့်ကြီးမားကာ အိစက်နေသည်။

"ဒီအခန်းထဲမှာ မမတစ်ယောက်တည်း ရုပ်ရှင်ကြည့်ဖြစ်သလားဟင်"

ဟု သူမေးတော့ . . .





"သူငယ်ချင်းတွေလာမှ အတူကြည့်ဖြစ်တာ့ များပါတယ်၊ အားမှ မအားတာဟယ်၊ အိမ်မှာ entertainment တစ်ခုအနေနဲ့သာ တပ်ထားတာပါ၊ သိပ် မကြည့်လှပါဘူး၊ မင်းဝါသနာပါလို့လား၊ လာကြည့်လေ၊ ကိုယ့်မှာ နောက်ဆုံးထွက်သမျှ DVD တွေ အကုန်ရှိတယ်၊ ဝယ်စုတာတော့ ဝါသနာပါတာ၊ ကြည့်သာ မကြည့်ဖြစ်တာ၊ ဟိုဘက်အခန်းက ကိုယ့်အိပ်တဲ့အခန်း၊ ဒီအခန်းက ကိုယ့်ရဲ့ Library ပေါ့၊ လာ . . . ကြည့်၊ မင်းကြိုက်တာ ယူသုံးပါ"

မမရဲ့ Library ကိုတော့ သူ အကြိုက်ဆုံးဖြစ်သွားသည်။ နံရံတွေအပြည့်မှာ နံရံကပ်မှန်ဗီရိုတွေချည်းသာရှိပြီး စာအုပ်တွေ၊ စာအုပ်တွေမှ အပြည့်ပင်။ ကွန်ပျူတာစားပွဲကလေးပေါ်မှာ Sony Laptop Computer ကလေး ရှိနေပြီး နောက်မှီမြင့်မြင့် ဆုံလည် လည်သာခုံ အညိုရင့်ကလေးရှိသည်။ စာကြည့်ခန်းမှီ လင်းချင်းနေအောင် ပြတင်းပေါက်တွေကို ဇာလိုက်ကာဖြူဖြူကလေးတွေ ရှည်လျားစွာ တပ်ဆင်



www.burmeseclassic.com

www.burmeseclassic.com



ထားသည်။ နေရာတိုင်းမှာ ပန်းအိုးနှင့် ပန်းအလှထိုးထားတတ်သည်။

"မမရဲ့ Library ကို ကျွန်တော် အကြိုက်ဆုံးပဲ"

ဟု . . . သူပြောလျှင် . . .

"မင်း ကြိုက်တဲ့အချိန် လာသုံးနိုင်ပါတယ်"

ဟု သူမက ခွင့်ပြုလေသည်။

"နောက်ဆုံး တစ်ခန်းကတော့ ဧည့်သည်ခန်းပေါ့၊ ကဲ မင်း စာကြည့်ခန်းထဲမှာ အေးအေးဆေးဆေး အနားယူ ရင်း အချိန်ဖြုန်းပေါ့၊ ကိုယ် မင်းကို ညနေကျမှ ပြန်ပို့ ပေးမယ်၊ မင်း နောက်ထပ် ဆေးတစ်ခွက် သောက်လိုက် မလား၊ ကိုယ့်ဆေးဘီရိုထဲမှာ LEMSIP တွေ ရှိပါတယ်"

"ကျွန်တော် နေကောင်း ကောင်းသွားသလိုပဲ မမရယ် ကျွန်တော့်ကို ခုလိုလာခေါ်တာ ကျေးဇူးတင်ပါတယ်"

"မင်းကို ကိုယ် ဘာလို့လာခေါ်တယ်လို့ ထင်သလဲ နှောင်တိုး"

"ကျွန်တော် နေမကောင်းလို့လေ၊ ကျွန်တော့် အားငယ်နေ





မှာစိုးလို့လေ . . . ဟုတ်တယ်မဟုတ်လား မမ"

"အင်း . . . ဟုတ်တယ်၊ ကိုယ်လည်း ဒီမှာ တစ်ယောက် တည်းနေရတာလေ၊ နေမကောင်းတဲ့အခါ ဘယ် လောက် အထီးကျန်အားငယ်သလဲဆိုတဲ့ ခံစားချက်ကို ကိုယ် ကောင်းကောင်းကြီး နားလည်တယ်၊ ကိုယ်နေမ ကောင်းရင် ဘေးမှာ ပြုစုပေးမယ့် အဖော်ကို အရမ်း တောင့်တတာပဲ၊ ဒါကြောင့် . . . မင်းလည်း တစ် ယောက်ယောက်ကို လိုအပ်မှာပဲဆိုပြီး လာခေါ်လိုက် တာ"

"တကယ်ကျေးဇူးတင်တယ် မမရယ်၊ ဒီ အင်္ဂလန်လို နေရာမျိုးမှာ သူစိမ်းတွေချည်းပဲ၊ ကိုယ့် မြန်မာချင်းတွေ ဆုံတွေ့ခွင့်ရဖို့ဆိုတာ တကယ်မလွယ်ပါဘူး၊ မမသာ ကားရပ်ပြီး လှမ်းမမေးခဲ့ရင် ကျွန်တော်တို့ ဆုံဖြစ်မှာ တောင် မဟုတ်ဘူးနော်"

"ကံကြမ္မာဆိုတာ ဒီလိုပဲပေါ့ကွယ်၊ တစ်ယောက်နဲ့တစ် ယောက် ဆုံစည်းဖို့ ကံပါလာရင် မလွဲမသွေကို ဆုံရမှာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ"

သူက သူမကို ခပ်ဆဆကြည့်ရင်း . . .

"မမ ဒီဆယ်နှစ်အတွင်း မြန်မာပြည်ကို ဘယ်နခေါက်လောက် ပြန်ပြီးပြီလဲဟင်"

ဟု မေးဖြစ်သွားသည်။ သူမက ပြုံးလျက်ဖြေသည်မှာ . . .

"ပြန်ဖြစ်ပါတယ်၊ ကိုယ်ကြည့်ရတာ မြန်မာပြည်ကို သိပ်မပြန်တဲ့ရုပ်မျိုး ပေါက်နေလို့လား၊ တစ်နှစ်တစ်ခေါက်တော့ ကိုယ် ပြန်ပါတယ်၊ ဟိုမှာ ကိုယ့်ရဲ့ Family ရှိတယ်လေ"

သူက မျက်ခုံးများပင့်လျက် . . .

"မမက အိမ်ထောင်နဲ့လား၊ ကျွန်တော်က မမကို single မှတ်နေတာ"

ဟု အံ့သြသလို ဆိုလိုက်သည်။

"အိမ်ထောင်တော့ မရှိဘူး ဆိုပါတော့၊ ဒါပေမဲ့ သမီးတစ်ယောက်တော့ ရှိတယ်၊ အိမ်ထောင်နဲ့ ပြတ်သွားတာ





ကြာပြီ ဆိုပါတော့"

မေးလိုက်မိပြီးမှ သူ မမကို အားနာသွားမိပါသည်။

"ဆောရီးပဲ မမရယ် . . . ကျွန်တော့် ဘာတွေ မေးမိမှန်း မသိဘူး"

"မေးလို့ရပါတယ်၊ ဒါမှ တစ်ယောက်အကြောင်း တစ်ယောက် ပိုသိနိုင်တာပေါ့၊ နေဦး မင်းအတွက် PACES အတွက် စာအုပ်တွေနဲ့ အခွေတွေ ရှာပေးလိုက်မယ်၊ မင်း ယူသွား၊ စာမေးပွဲဖြေပြီးမှပဲ ပြန်ပေး . . . ဟုတ်လား"

သူမက စာအုပ်ဗီရိုထဲကနေ PACES အတွက် စာအုပ်တွေ၊ CD-Rom နှင့် VIDEO အခွေတွေ ထုတ်ယူပေးသည်။

"ကဲ . . . မင်းနားချင်လောက်ရောပေါ့၊ ကိုယ် မင်းကို ပြန်ပို့ပေးမယ်၊ မင်းအတွက် ဆိတ်စွပ်ကို ဘူးနဲ့ ထည့်ပေးလိုက်မယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်စွပ်တင်မကဘဲ ဝိုင်တစ်ပုလင်းနှင့်အတူ Thorntons ချောကလက်တစ်ဘူးကိုပါ မမက ထည့်ပေးလိုက်ပါသည်။ ပြီးတော့ သူ့ကို ပြန်ပို့ပေးသည်။ သူ့စိတ်ထဲမှာ ထို အဖြစ်ကို အိပ်မက်တစ်ခုလို ထင်နေသည်။ သူ့စိမ်းတွေရဲ့ အလည်မှာ မြန်မာအဖော်တစ်ယောက်ကို တွေ့ဆုံခွင့်ရလိုက်ခြင်းသည် သူ့အတွက် အလွန်နွေးထွေးမက်မောဖွယ်ကောင်းသော လက်ဆောင်တစ်ခုပဲ ဖြစ်သည်။ ထိုညက ထူးထူးဆန်းဆန်းပင် သူ မမကို အိပ်မက်,မက်ပါသည်။ မမနှင့် ခင်မင်ရင်းနှီးမှုသည် ထိုကနေ စတင်ခဲ့ခြင်းဖြစ်သည်။ သူက အများကြီး မျှော်လင့်မထားပါ။ အင်္ဂလန်တွင် သူသည် ဧည့်သည်တစ်ယောက်သာဖြစ်၏။ အချိန်တန်လျှင် စာမေးပွဲအောင်လျှင် သူ ပြန်ရုံပင်။ သို့သော် . . . သူ မျှော်လင့်မထားခဲ့သော မျှော်လင့်ချက်များကို မမက မသိမသာ စတင်၍ ပေးလာခဲ့ခြင်း ဖြစ်သည်။

☺☺☺



အခန်း . . . ၂

**The Gate, Newcastle : ည ၇ နာရီ**

Newcastle ၏ Night Life ကို သူ မကြုံဖူးခဲ့ပါ။ များသောအားဖြင့် ညဘက်တွေဆိုလျှင် သူ အပြင်ထွက်လေ့မရှိပါ။ အခန်းအောင်းကာ စာဖတ်နေသည်သာ များ၏။ Pub ထိုင်ဖို့ Night Out ထွက်ဖို့ဆိုတာ သူနှင့် ဘာမှ မသက်ဆိုင်သော ကိစ္စတစ်ခုဖြစ်သည်။ သွားစရာ အဖော်အပေါင်းလည်း မရှိခဲ့ပါ။ ဒီနေ့တော့ ဆေးရုံကပြန်လာပြီး သူ ရေမိုးချိုးပြီးချိန် ညနေခြောက်နာရီလောက်မှာ မမဆီက ဖုန်းဝင်လာခဲ့ခြင်း ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"မင်း . . . ညစာ စားပြီးပြီလား နှောင်တိုး"

တဲ့ . . .။

"ဟင့်အင်း . . . မမ"

ဟု . . . သူဖြေလိုက်တော့ သူမက . . .

"အေး . . . အဝတ်အစားလဲထားလိုက်ကွာ၊ ကိုယ်တို့ Night Out ထွက်ရအောင်၊ "The gate" မှာ မင်းကို Nando's ကြက်ကင်ကျွေးမယ်၊ ပြီးရင် ရုပ်ရှင်ကြည့်ရအောင်၊ ကိုယ်ကြည့်ချင်တဲ့ Sandra Bullock ကားတင်နေတယ်၊ Premonition ဆိုတာလေ၊ ကြည့်ရအောင်သိလား"

ဟု . . . ခပ်သွက်သွက် ပြောပြီး ဖုန်းချသွားခဲ့သည်။ နာရီဝက်အကြာမှာ သူမ၏ကားကလေးက ခြံဝင်းအပြင်ဘက်တွင် ရောက်နေပြီ။ သူက Marks & Spencer မှ ဝယ်ထားသော ကက်ရှ်မီးယားဆွယ်တာ V-Shape ခေါင်းစွပ်ကလေးနှင့် ဂျင်းဘောင်းဘီကိုသာ ဝတ်ထားခဲ့သည်။





မမရှိရာဆီ ခပ်သွက်သွက် ဆင်းသွားလိုက်သည်။ မမက ကြော့လို့။ အနက်ရောင် ဂါဝန်ကလေးနှင့် ဖြစ်သည်။ အပေါ်ကနေ ရင်စေ့ဆွယ်တာကလေးသာ ထပ်ဝတ်ထား၏။

"ကိုယ် Night Out မထွက်တာကြာပြီ . . . သိလား နှောင်တိုးရေ၊ အခု မင်းကို အဖော်ရှိနေလို့ ထွက်ဖြစ်တာ၊ သိတဲ့အတိုင်းပဲ၊ ဒီမှာ Friday night ဆိုရင် Club သွားတဲ့လူတွေနဲ့ ရှုပ်ယှက်ခတ်နေတာ၊ မင်းကို စာတွေချည်းဖတ်ပြီး ငြီးငွေ့မှာစိုးလို့ တမင် ခေါ်ထုတ်လာတာ"

မမက The Gate ရှိ Car Park မှာ ကားရပ်ခဲ့ပြီး The Gate ထဲသို့ သူနှင့်အတူ ယှဉ်တွဲလျက် ဝင်လာခဲ့သည်။ မီးရောင်တွေ ပြိုးပြက်ဝင်းလက်လျက် လူစည်ကားလှသော သီချင်းသံတွေ ဆူညံကျယ်လောင်လွန်းသော 'The Gate' သည် သူ့စိတ်ကို အတော် ဆွဲဆောင်နိုင်စွမ်းရှိပါသည်။ Nando's ဆိုသော ပေါ်တူဂီ ကြက်ကင်ဆိုင်ကလေးထဲမှာ လူတွေ ပြည့်နှက်စည်ကားလျက်ရှိသည်။ ဆိုင်ထဲ ဝင်ခွင့်ရဖို့တောင် တန်းစီစောင့်ရပါသည်။ နေရာရပြီဆိုမှ နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချင်းဆိုင်ထိုင်ရင်း စားစရာကို ကိုယ်တိုင်သွားမှာရသည်။

"မင်း စားနိုင်တယ်မှလား၊ ကိုယ် whole chicken မှာလိုက်မယ်နော်၊ ကိုယ်က olive ကြိုက်တယ်၊ spicy rice ကြိုက်တယ်၊ မင်း corn on the cop စားမလား၊ ပြောင်းဖူးကင်ပေါ့၊ ထောပတ်ကလေးသုတ်ပြီး စားရတယ်"

"မမ ကြိုက်တာမှာပါ၊ ကျွန်တော် တစ်ခါမှ မစားဖူးဘူး"

"OK . . . "

ဟု . . . ဆိုကာ မမက သူမကိုယ်တိုင်ပင် သွားမှာပေးပါသည်။ နူးညံ့မွှေးပျံ့သော ကြက်ကင်တစ်ကောင်လုံးကို မမက ပေါင်တစ်ခြမ်းသာစားလျက် ကျန်တာ သူ့အကုန် ကြိတ်ပစ်ရသည်။

"မမ . . . ကျွန်တော် ပိုက်ဆံရှင်းပေးချင်တယ်"

ဟု . . . စားပြီးချိန်မှာ သူ ပြောတော့ သူမက ရယ်ကာ . . .

"ရှင်းပြီးပြီ မောင်တိုးရဲ့ . . .၊ မှာကတည်းက ရှင်းရတာ၊ ကိုယ် မင်းကို ခေါ်လာတာလေ၊ ကိုယ့်ရဲ့ treat





ပေါ့၊ ရုပ်ရှင်လည်း ကိုယ်ပဲပြမှာ"

"ဟာ . . . မမကလည်း၊ ကျွန်တော်လည်း တစ်လှည့်ပေးမှပေါ့၊ မမကိုပဲ ကပ်စားနေလို့ ဘယ်ကောင်းမလဲ"

"မရှည်စမ်းပါနဲ့ဟယ်၊ မင်း ကိုယ့်ကို အများကြီးပဲ ပေးထားပြီးသားလေ"

တဲ့ . . .။ သူ အံ့အားသင့်စွာ မျက်ခုံးပင့်လျက် သူမကို နားမလည်နိုင်သလို ငုံ့ကြည့်မိတော့ သူမက ပြုံးလျက် . . .

"ဒီလိုနိုင်ငံမျိုးမှာ ကိုယ်တစ်ယောက်တည်း ပိုက်ဆံတွေ၊ စည်းစိမ်ချမ်းသာတွေ materials တွေ ပြည့်စုံနေရုံနဲ့ ကိုယ် စိတ်ချမ်းသာပျော်ရွှင်ပြီး ကိုယ့်ဘဝကို ကျေနပ်နေတယ်လို့ မင်း ထင်နေသလား၊ မှားသွားမယ် မောင်တိုးရေ ကိုယ့်မှာ အဖော်မရှိဘူး၊ မျှဝေခံစားပေးမယ့် sharing လုပ်ပေးနိုင်မယ့် အဆိပ်အတောက် ကင်းမဲ့တဲ့ ယုံကြည်စိတ်ချရတဲ့ အဖော်ဆိုတာ မရှိဘူးကွယ်၊ တခြား မြန်မာတွေတော့ ရှိကြသားပဲ၊ ဒါပေမဲ့ သူတို့လည်း



www.burmeseclassic.com

www.burmeseclassic.com



သူတို့ အရေးကိစ္စနဲ့ သူတို့လေ၊ တစ်ခါတလေ ချိန်းပြီး gathering လုပ်မှပဲ ဆုံဖြစ်တာ၊ မင်းလို ကိုယ် ရုပ်ရှင်ကြည့်ချင်တာနဲ့ မင်းရဲ့ တန်ဖိုးရှိတဲ့ အချိန်တွေကို ရက်ရက်ရောရော ဖဲ့ပြီး ကိုယ့်ကို အဖော်လုပ်ပေးနိုင်မယ့် သူမျိုး မရှိဘူး၊ အဲဒီတော့ မင်းပေးထားတဲ့ အချိန်တွေကို တစ်နာရီ ဘယ်လောက်နှုန်းဆိုပြီး တန်ဖိုးဖြတ်လို့မှ မရတာ"

"အပြန်အလှန်ပေါ့ မမရယ်၊ မမနဲ့ တွေ့လိုက်ရလို့လည်း ကျွန်တော့်ရင်ထဲမှာ ဘယ်လောက်နွေးသွားတယ်မှတ်လဲ၊ ကွဲကွာနေတဲ့ ကိုယ့်အစ်မတစ်ယောက်ကို ပြန်ရလိုက်သလိုပဲ"

"အေး . . . ပြီးရောပေါ့၊ ဒါဆိုရင် ငွေကြေးကိစ္စတွေ ခေါင်းထဲ မထည့်နဲ့၊ မတွက်နဲ့၊ ကိုယ်မှာ သုံးလို့ မကုန်ဘူး"

အဲဒီနောက်တော့ နှစ်ယောက်အတူ Premonition ဆိုသော စိတ်ဝင်စားစရာ ရုပ်ရှင်ကားကလေးကို အတူ





ကြည့်မိကြသည်။ Sandra Bullock နှင့် Julian Mc Mahon ပါဝင်သော ထိုကားကလေးထဲမှာ သူတို့နှစ်ယောက်စလုံး နစ်ဝင်မျောပါလျက်ရှိကြသည်။ ဇာတ်လမ်းကလေးက ထူးဆန်းပါသည်။ လှည့်ကွက်ကလေးက ဇာတ်လမ်းရဲ့ အသက်ပဲ ဖြစ်သည်။ Sandra Bullock က သူ့ယောကျ်ား ကား crash ဖြစ်ပြီး သေဆုံးသွားပြီဆိုသော သတင်းကို ရဲတစ်ယောက်က လာပြောသည်။ နောက်တစ်နေ့ သူမ အိပ်ရာက နိုးသောအခါ သူမ ဘေးမှာ သူမ၏ ခင်ပွန်းက အိပ်လျက်။ အဖြစ်အပျက်တွေကို Monday ကနေ ရှေ့ဆက်သွားလိုက်၊ Saturday ကနေ backwards ပြန်ဆုတ်ပြလိုက်နှင့် ရောယှက်ပြသည်မှာ စိတ်ဝင်စားစဖွယ်။ တကယ်တော့ သူမက ထိုအဖြစ်အပျက်ကို ကြိုတင်သိနေခဲ့ရခြင်း ဖြစ်သည်။ သူမယောကျ်ား တကယ်သေမည့်နေ့သို့ရောက်သောအခါ ထိုနေရာသို့ရောက်အောင် သူမ လိုက်မိရက်သား ဖြစ်နေခဲ့ကာ သူမ၏ မျက်စိရှေ့မှောက်မှာပဲ သူမ၏ယောကျ်ား ကား crash ဖြစ်သွားခဲ့ပုံကို လှည့်ကွက်များ twist များဖြင့် သပ်သပ်ရပ်ရပ် ရိုက်ပြသွားခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်။ ရုပ်ရှင်ပြီးသွားချိန်မှာ သူက သူမကို အမှတ်မထင် ငေးကြည့်ရင်း . . .

"ကျွန်တော် ခုမှ သတိထားမိတယ်၊ မမက Bullock နဲ့ တူတာကိုး"

ဟု . . . ပြောလိုက်စဉ် သူမက မျက်စောင်းချိလျက် . . .

"သွားစမ်းပါ . . . ကိုယ်က ဘယ်သူနဲ့မှ မတူချင်ဘူး၊ ကိုယ်က ကိုယ်ပဲ ဖြစ်ချင်တာ၊ ကိုယ့်အသက်ကို မင်း ခန့်မှန်းကြည့်စမ်း"

car park နေရာသို့ ပြန်လျှောက်လာကြရင်း စကားပြောလာကြခြင်း ဖြစ်သည်။ အေးလာပြီမို့ သူမက လက်နှစ်ဘက်ကို ခပ်တင်းတင်းကလေး ပိုက်ထားလျက်။ ပိန်ပိကလေးလေးလိုပင်။ မမရဲ့ မျက်နှာကလေးက အများကြီးပဲ နုပျိုလှပါသည်။

"ကျွန်တော်က လေးစားမှုနဲ့သာ မမလို့ ခေါ်တာပါ၊ ကျွန်တော့်ထက်ကြီးရင် တစ်နှစ် နှစ်နှစ်ပေါ့၊ ကျွန်တော်





က သုံးဆယ်တစ်၊ မမ အလွန်ဆုံးရှိလှ သုံးဆယ့်သုံးပေါ့"

ဟု သူက ပြောသောအခါ မမက သဘောကျစွာ အသံကျယ်ကျယ်ဖြင့် ရယ်မောရင်း ကားကို remote ကလေးဖြင့် လှမ်းဖွင့်လိုက်သည်။

"မင်း တမင်မြှောက်နေတာတော့ မဟုတ်ပါဘူးနော်၊ ရယ်ရတယ်၊ စိတ်ချမ်းသာဖို့ ကောင်းအောင် ပြောတတ်လိုက်တာနော်၊ ကိုယ့်မောင်လေးက၊ မင်း နုပါသေးတယ် ချာတိတ်ရဲ့၊ ကိုယ် လေးဆယ့်တစ်ရှိပြီ၊ လာမယ့် JUNE မှာ ကိုယ့်အသက် 41 "

"ဟာ . . . လုံးဝ မထင်ရဘူး မမ၊ မမ အရမ်းနုတာပဲ၊ ကျွန်တော် မယုံပါဘူး၊ မမ ညာပြောနေတာ၊ ကျွန်တော်နဲ့ အဲဒီလောက်ကို မကွာနိုင်ဘူး"

"ဩော် . . . ကိုယ်က ညာပြောပါ့မလားဟဲ့၊ ကိုယ်က ပိုတောင် ငယ်ချင်သေးတယ်၊ ကိုယ့်သမီးပဲ နှစ်ဆယ်ရှိပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ . . ."

သူ တကယ်မင်သက်ပြီး စကားပင် မဆက်နိုင်။ ဤမျှ လှပနုပျိုငယ်ရွယ်နေသော မမမှာ အသက်နှစ်ဆယ် အရွယ် အပျိုကြီးဖားဖား သမီးတစ်ယောက် ရှိနေလိမ့်မည်ဆို တာကို သူများကသာ လာပြောလျှင် သူ ယုံမိမှာ မဟုတ်ပါ။ အခုတော့ မမက တကယ် အတည်ပေါက် ပြောနေခြင်းဖြစ် သည်။

"မမမှာ သမီးရှိတယ်၊ ဟုတ်လား . . . မမ တကယ် ပြောနေတာလား"

"တကယ်ပေါ့ နှောင်တိုးရဲ့၊ သမီးက မမနဲ့ လာမနေချင် ဘူး၊ ဟိုမှာ အဘိုးအဘွားနဲ့ နေရတာကို ပိုပျော်တယ်၊ ဒီကို အလည်သက်သက် shopping လောက်ပဲ လာလေ့ ရှိတာ၊ ငယ်ငယ်ကတည်းက သမီးကို အဘိုးအဘွားကပဲ မွေးစားခဲ့တာလေ၊ ကိုယ်က ပညာနဲ့ပတ်သက်ပြီး လောဘကြီးလွန်းတော့ သမီးကို လုံးဝ လှည့်မကြည့်နိုင် ခဲ့ဘူး"





"မမရဲ့ ခင်ပွန်းကရော . . .၊ မမ မဖြေချင်ရင် မဖြေနဲ့ နော်"

"သူ့ကို ကိုယ့်ခေါင်းထဲမှာ မရှိတော့တာ ကြာလှပြီ၊ သူဟာ ကိုယ့်ဘဝရဲ့ အမှားအယွင်း ကြက်ခြေခတ် တစ်ခုလို့ပဲ သဘောထားခဲ့တာ"

စကားတပြောပြောနှင့် သူ့ အဆောင်ရှေ့သို့ ရောက်လာခဲ့သည်။ သူ့ကို နှုတ်ဆက်ပြီး သူမ ပြန်သွားခဲ့သည်။ သူ့ဘဝမှာ အမျိုးသမီးတစ်ယောက်နှင့် နှစ်ယောက်တည်း ရုပ်ရှင်ကြည့်ဖြစ်ခြင်းသည် ပထမဆုံးအကြိမ် ဖြစ်သည်။ သူ့စိတ်ထဲမှာ လှုပ်ရှားနေတာလား၊ ကြည်နူးပျော်ရွှင်နေသလား ဆိုတာ ဝေခွဲ၍မရ။ သူ့နှလုံးသားဆီမှာ နူးညံ့တိုးတိတ်သော၊ သိမ်မွေ့ညင်သာလွန်းသော ရင်ခုန်ခြင်းတစ်မျိုး ရှိနေသည်ကို သူ့ဘာသာသူ သတိထားမိလေသည်။

☺☺☺

www.burmeseclassic.com

www.burmeseclassic.com



Weekday ငါးရက်လုံးလုံး မမဆီမှ ဘာအဆက်အသွယ်မှ မလာခဲ့ပါ။ သူလည်း ဆေးရုံမှာ attachment ဆင်းရင်း၊ library မှာ စာသွားဖတ်ရင်း အချိန်ကုန်ခဲ့သည်။ မမကိုတော့ တစ်ခါတစ်ခါ သတိရမိသား။ ဖုန်းဆက်ကြည့်ဖို့ စိတ်ကူးမိသည်မှာလည်း အကြိမ်ကြိမ်ပင်။ မမက သူမ၏ ဖုန်းနံပါတ်ရော၊ အိမ်လိပ်စာရော၊ *e-mail address* တွေပါ သူ့ *mobile* ဆီ message လှမ်းပို့ထားခဲ့သည်။ ဖုန်းဆက်ကြည့်ဖို့ စိတ်ကူးမိတိုင်း သူ့ဘက်မှ ရိုးသားရဲ့လား၊ မမနှင့် မကြာခဏ နှစ်ယောက်တည်း တွေ့တွေ့နေတာ သင့်မှ သင့်တော်ပါရဲ့လားဆိုသော မေးခွန်းတွေ သူ့ခေါင်းထဲသို့ ဖျတ်ခနဲ ဝင်ရောက်လာလျှင် သူ call ခလုတ်ကလေးကို မနှိပ်မိတော့ချေ။ တစ်ခါ တစ်ခါ သူ စဉ်းစားကြည့်မိပါသည်။ သူ့ဘဝမှာ အချစ်ဆိုတာ





ဘယ်လိုပုံစံမျိုးဆိုတာ ယောင်၍ပင် မှန်းဆပုံဖော်မကြည့်မိခဲ့။ အချစ်ဦးဆိုသော မိန်းမသည်လည်း ဘယ်လိုပုံစံမျိုး ဖြစ်လာမည်လဲဆိုတာ မြင်ယောင်မကြည့်ဘူးခဲ့။ သူ့ထက် အသက်ဆယ်နှစ်ပိုကြီးသော၊ သမီးတစ်ယောက်ရှိသော၊ တစ်ပြည်ရပ်ခြားမှာ အခြေတကျဖြစ်နေပြီဖြစ်သော မိန်းမတစ်ယောက်သည် သူ့ဘဝ၏ အချစ်ဦး ဖြစ်သင့်ပါသလား။ သူက ဒီမှာ အချိန်အကြာဆုံးနေရလျှင် တစ်နှစ်ပင်။ MRCP အောင်ပြီဆိုတာနှင့် မြန်မာပြည်ပြန်ရမည့်သူဆိုသော အသိက သူ့ရင်ထဲမှာရော၊ ဦးနှောက်ထဲမှာပါ စွဲနေပြီးသား။ မမနှင့်သူ ဘယ်လိုမှ *မဖြစ်နိုင်ဘူးဆိုတာလည်း သူ သိပြီးသား။ သူ မမကို သာယာ* နေမိတာပဲ ဖြစ်မှာပါ။

သောကြာနေ့ညနေမှာတော့ သူ့ mobile ကလေးဆီမှ သီချင်းသံကလေး ခုန်ထွက်လာလျှင် သူ ထိတ်ခနဲ ပျော်ရွှင်သွားမိသည်ကို သူ့ဘာသာသူ အသိဆုံး။ ဖုန်းကို ခပ်သွက်သွက် ထူးလိုက်မိသောအသံက ချိုမြတက်ကြွလွန်းနေသည်။

" hello stranger! နေစိမ့်နိုင်လိုက်တာနော်၊ ဖုန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



တောင် ခေါ်ဖော်မရဘူး"

မမ၏အသံက သူငယ်မကလေးတစ်ယောက်လို မြူးထူးလန်းဆန်းလျက်။

"ကျွန်တော် ခေါ်မလို့ပါပဲ မမရယ်၊ မမ အလုပ်တွေ ရှုပ်နေမှာပဲလို့တွေးပြီး အားနာသွားတာနဲ့"

"အေး . . . အလုပ်ကတော့ ခပ်ရှုပ်ရှုပ်ပါပဲဟယ်၊ မနက်ဖြန် မင်းကိုဘောလုံးပွဲခေါ်သွားမလို့၊ Newcastle မှာ ဘောလုံးပွဲရှိတယ်၊ St James' Park Stadium မှာလေ၊ ကိုယ် လက်မှတ်နှစ်စောင် Online ကနေ ဝယ်ထားတာရှိတယ်၊ မင်းက Newcastle fun လားလို့၊ မင်းနဲ့ စတွေ့တဲ့နေ့က မင်းဝတ်ထားတာ Newcastle အကျႌလေ"

"Newcastle fun တော့ မဟုတ်ပါဘူး မမရယ်၊ ဒါပေမဲ့ ကျွန်တော် ဘောလုံးပွဲကိုတော့ Stadium မှာ ကြည့်ဖူးတယ်ရှိအောင် ကြည့်ချင်သား"

"ကိုယ်ကတော့ Newcastle Supporter အစစ်ပဲ၊ အလုပ်





လုပ်တော့သာ Sunderland မှာ လုပ်တာ၊ Sunderland ကို တစ်စက်ကလေးမှ အားမပေးဘူး၊ Sunderland နဲ့ Newcastle ကလည်း တကယ့်ကို ကမ္ဘာ့ ရန်တွေလေ၊ တွေ့တာနဲ့ တချိန်းချိန်း ဆော်နေကြတာပဲ၊ မင်း Newcastle စပို့ရှပ် ဝတ်ခဲ့နော်၊ ကိုယ်လည်းဝတ်မှာ၊ Stadium မှာ သွားကြည့်ရင် လူတိုင်းလိုလို black stripe အကျႌတွေနဲ့ချည်းပဲ၊ အရမ်းပျော်ဖို့ကောင်းတာ၊ မနက်ဖြန် မင်းကို ကိုယ် မနက်ကတည်းက လာခေါ်မယ်၊ ကိုယ့်အိမ်မှာ တစ်ခုခုစားပြီးမှ သွားကြတာပေါ့"

"OK မမ၊ ဆီးယူ"

မမ ဖုန်းချသွားသည်။ မမ၏အသံကတော့ ပဲမှန်ပင်။ ဒီတစ်ပတ်လုံးလုံး အလုပ်တွေ လုပ်ပြီးလျှင် week-end အားတာနှင့် သူနှင့်အတူ သွားဖို့ သူမဘာသာ ကြိတ်၍ စီစဉ်ထားခဲ့သည်။ သူ့ဘက်က မငြင်းဘူးဆိုတာ အပိုင်တွက်ထားဟန်မျိုး။ သူ မမ၏မျက်နှာကို မြင်ယောင်ကြည့်မိသည်။ ဆံပင်တွေက ကြေးနီ (bronze) ရောင်။ ခပ်ခွေခွေကောက်



www.burmeseclassic.com

www.burmeseclassic.com



ကောက်ကလေးတွေ။ တစ်ခါတစ်ရံ ဒီအတိုင်း ဖြန့်ဝဲချထားလျက် တစ်ခါတစ်ရံ ကပိုကရိုကလေး ဖြစ်သလို စုတင်စည်းနှောင်ထားတတ်သည်။ မျက်ခုံးမျက်လုံးတို့က ထူးခြားစွာထင်ရှားနက်မှောင်လျက် နှာတံစင်းစင်း၊ နှုတ်ခမ်းပြည့်ပြည့်အိအိကလေး ဖြစ်သည်။ မေးရိုးက တကယ့်ကို Sandra Bullock နှင့် တူထေရာတည်း။ ဗိုလ်ဆန်ဘောအလှနှင့် သိပ်မပြင်ဆင်မခြယ်သသော်ငြား လှပစွာ စွဲဆောင်မှုရှိလွန်းသော မမ၏ဘေးမှာ ဘာကြောင့်များ ချစ်သူတစ်ယောက်ယောက် ရှိမနေခဲ့တာပါလိမ့်။ မမကပဲ ဇီဇာကြောင်လွန်းလို့လား မသိ။ မမကို မချစ်တဲ့ လူတွေတော့ ရှိမယ်မထင်။ အသက်လေးဆယ်ဆိုတာကို ကျိန်ပြောမှပင် ယုံလောက်စရာ နုနယ်ပျိုမျစ်လွန်းသော မမ၏ အလှထံတွင် သူတောင် ရင်မခုန်ဘဲ နေနိုင်သည်မှ မဟုတ်တာ။ ထိုညက မမအကြောင်းတွေးပြီး သူ စာမဖတ်ဖြစ်ခဲ့ချေ။

☺☺☺



## St. James Park Stadium, Newcastle:

သူ မျှော်လင့်ထားသလို ဧရာမ Stadium ကြီး၏ ရှေ့တန်းတွေလောက်ကနေ ဘောလုံးပွဲကို ကြည့်ရတာမဟုတ်။ ဟိုး အနောက်ဘက် အမြင့်ကြီးဆီကနေ ကွင်းထဲကို လှမ်းကြည့်ရသည်မှာ ဘယ်လိုမှ အားမရ။ ပရွက်ဆိတ်ကလေးတွေ ကန်နေသလောက်သာ မြင်ရခြင်း ဖြစ်ပါသည်။ ပွဲကတော့ ကောင်းပါသည်။ Newcastle နှင့် Sunderland ပွဲ ဖြစ်သည်။ ပရိသတ်တွေထဲမှာလည်း အော်ဟစ်သံတွေ တညံညံ။ မမရော သူပါ အကျီဆင်တူ Newcastle ရှပ်တွေနှင့် Newcastle ဘောင်းဘီရှည်တွေ ဝတ်ထားခဲ့ကြသည်။ မမက ဘောလုံးပွဲကို



www.burmeseclassic.com

www.burmeseclassic.com



တော်တော် ဝါသနာပါပုံရသည်။ တကယ့်ကို စိတ်လိုက်မာန်ပါပင် အော်ဟစ်အားပေးနေခြင်းဖြစ်သည်။ လက်ထဲမှာလည်း Starburg ကော်ဖီခွက်ကြီးကိုင်လျက်။ သူ မမကို အမှတ်တမဲ့ လှည့်ငေးကြည့်သည်ကိုတောင် မမက လုံးဝ သတိထားမိပုံ မရချေ။ ချာတိတ်မကလေးတစ်ယောက်လိုပင် စိတ်လွတ်လက်လွတ် အော်ဟစ်အားပေးနေခြင်း ဖြစ်သည်။ သူကတော့ TV ကနေ ထိုင်ကြည့်သလောက်တောင် အားရပါးရ မရှိလှတာမို့ စိတ်ကူးရကာ Mobile ဖုန်းကလေးနှင့် မမ၏ အော်ဟစ်အားပေးနေဟန်တွေကို Video အသာလေး ခိုးရိုက်ယူထားလိုက်သည်။ ဘောလုံးပွဲပြီးတော့ လူတွေမှ နည်းနည်းနောနော မဟုတ်။ ကား parking နေရာဆီရောက်အောင် အတော်လျှောက်ရသည်။ တော်ပါသေးရဲ့ . . . ။ Newcastle က နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရလို့ မမမျက်နှာက ကြည်လင်ရွှင်ပျစွာ။

"မင်းကို Newcastle နိုင်တဲ့အထိမ်းအမှတ်နဲ့ စပိန်ဆိုင်မှာ ကျွေးမယ်၊ La Tasca မှာ စားရအောင်၊ PAELLA





စားဖူးလား၊ ထမင်းဝါဝါတွေထဲမှာ Seafood တွေ Squid တို့၊ ပုစွန်တို့ Mussels တို့နဲ့ ရောမွှေထားတာ အရမ်းစားလို့ကောင်းတယ် . . . သိလား"

မမက La Tasca ဆိုသော Spain ဆိုင်ကလေးဆီသို့ သူ့ကို ခေါ်သွားပါသည်။

"မမ ကျွန်တော်နဲ့ မတွေ့ခင်ကရော ဒီလိုပဲ တစ်ယောက်တည်း လျှောက်သွားစားနေတာပဲလားဟင်"

ဟု . . . သူမေးလျှင် မမက သဘောကျစွာ ရယ်မောလျက် . . .

"ဟဲ့ . . . တစ်ယောက်တည်းတော့ ဘယ်လျှောက်စားမလဲ၊ ဘော်ဒါတွေနဲ့ ချိန်းပြီးမှ ထွက်စားတာပေါ့၊ မင်းနဲ့ကတော့ ကိုယ့်မြန်မာချင်းဆိုတော့ ပိုပြီး လွတ်လပ်တယ်လေ၊ နေဦး မင်းကို တစ်နေ့မှာ Theatre မှာ Play (ပြဇာတ်) လိုက်ပြဦးမယ်၊ Sunderland မှာ Theatre ရှိတယ်၊ မင်း ပြဇာတ်ကြည့်ဖူးလား"

"ဟင့်အင်း . . . မကြည့်ဖူးဘူး မမ"



www.burmeseclassic.com

www.burmeseclassic.com



“အရမ်းကြည့်လို့ကောင်းတယ်၊ My Fair Lady တို့ Mamamia ကိုယ် ကြည့်ဖူးတယ်၊ အဖော်ကောင်းရင် London အထိတောင် တကူးတက ဆင်းကြည့်တတ်တယ်၊ hotel မှာ တစ်ညအိပ်ပြီးတော့လေ”

သူ မမကို တအံ့တဩ ကြည့်မိသည်။ မမရဲ့ ဘဝမှာ ဘာမှ ပူပန်ကြောင့်ကြ ရှိပုံမရ။ အနှောင်အဖွဲ့ကင်းစွာ တစ်ကိုယ်တော် ရွက်လွှင့်နေသူတစ်ယောက်လိုပင်။

“မမမှာ ချစ်သူ မရှိဘူးလားဟင်”

သူ အရဲစွန့်ပြီး မေးလိုက်မိသောအခါ မမက သူ့မေးခွန်းကို သိပ် ရယ်မောသွားချင်ဟန်ဖြင့် အားပါးတရ ရယ်ချပစ်လိုက်တော့မည့်ဟန် နှုတ်ခမ်းကိုဖွင့်လိုက်ပြီးမှ အနည်းငယ် ကျနွေ့ပြန်ဆည်လိုက်ကာ ပြုံးရုံသာ ပြုံးလိုက်ပြီး . . .

“ကိုယ်ကမှ မချစ်တတ်ဘဲ နှောင်တိုးရဲ့၊ ပြီးတော့ . . . ကိုယ့်ကိုယ်ကိုယ်ကလွဲပြီး လူတွေကို ဘယ်သူ့ကိုမှ မယုံဘူး၊ အထူးသဖြင့် ယောက်ျားတွေကိုပေါ့၊ အင်း . . . မင်းကို ရှေ့ထားပြီး ဒီစကားပြောရတာ အားနာစရာ





တော့ အကောင်းသား၊ ဒါပေမယ့် ဆောရီးပဲ ချာတိတ်ရေ၊ ကိုယ်က ငှက်သာဖြစ်ချင်တာ၊ စွန်ဘဝကို မကြိုက်ဘူး၊ တစ်စုံတစ်ယောက်က ကြိုးနဲ့ ထိန်းချုပ်နေတာကို မလိုချင်ဘူးလေ၊ ဘာကိုမှ မတွယ်တာချင်ဘူး၊ မစုံမက်ဘူး၊ နှောင်မဖွဲ့ချင်ဘူး၊ ကိုယ့်ကို လာချည်နှောင်မှာကိုလည်း နည်းနည်းမှ မကြိုက်ဘူး”

ကျွန်တော့်ကို ဘာသဘောနဲ့ တွဲနေတာလဲ ဟူသော မေးခွန်းသည် သူ့လည်ချောင်းထဲကနေ ခုန်တက်လာခဲ့သည်။ သူ့ အဆိပ်မရှိတာ၊ အန္တရာယ် မပေးနိုင်တာ၊ တစ်နေ့ အိမ်ပြန်မည့်ဧည့်သည်တစ်ယောက်ဆိုတာ သိလို့ စိတ်ချလက်ချ ယုံယုံကြည်ကြည် တွဲနေတာလား မသိ။ ဒါမှမဟုတ် တပြည်ရပ်ခြားမှာ တစ်ယောက်တည်း ဖြစ်နေကြသူတွေအချင်းချင်း နားလည်စာနာစွာ ဖေးမလက်တွဲချင်သော ရိုးရိုးသားသား စေတနာဖြူဖြူစင်စင်နဲ့လည်း ဖြစ်နိုင်တာပဲ။ သူ ဘာတွေ လျှောက်တွေးနေမိပါလိမ့်။

La Tasca ကနေ ပြန်ထွက်လာသောအခါ မမ



www.burmeseclassic.com

www.burmeseclassic.com



က. . .

"မင်း Millennium Bridge ကို ရောက်ဖူးပြီးပြီလား"

ဟု မေးပြန်သည်။

"ဟင့်အင်း . . . မရောက်ဖူးဘူး မမ၊ ကြားသာ ကြားဖူးတာ"

"အတော်ပဲ . . . အဲဒီမှာ လမ်းလျှောက်ရအောင်၊ ဒီနေ့ ရာသီဥတုက fine တယ်၊ sunny day ပဲ၊ လာ . . . သွားရအောင်"

ဟု ဆိုကာ သူ့ကို Quayside သို့ ခေါ်သွားပါသည်။

"ဒါ Tyne မြစ်လေ၊ Newcastle Upon Tyne ဆိုတာ ဒီ Tyne မြစ်ရဲ့အပေါ်မှာ Newcastle မြို့က ရှိနေတာပေါ့၊ ဒီ Millennium Bridge က Tyne river ကို ဖြတ်ပြီး ဆောက်ထားတာ၊ သင်္ဘောတွေ Tyne မြစ်ကနေ ဖြတ်လာမယ်ဆိုရင် ဒီတံတားကြီးကို တံခါးလို နှစ်ခြမ်းခွဲပြီး ဖွင့်ပေးတယ်လေ၊ ဒီနေရာက Newcastle ရဲ့ Tour-





ist attraction တစ်နေရာပေါ့၊ နေဦး . . . မင်းနဲ့ကိုယ် ဓာတ်ပုံအမှတ်တရ ရိုက်ထားရအောင်၊ တစ်ယောက်ယောက်ကို ရိုက်ခိုင်းလိုက်မယ်"

မမက ဘေးနားဆီမှ ဖြတ်လျှောက်သွားသူတစ်ယောက်ကို သူမ၏ sony digital camera ကလေး လှမ်းပေးကာ နှစ်ယောက်စုံတွဲပုံ ရိုက်ပေးခိုင်းလိုက်ပါသည်။ သူကလည်း သူ့ mobile ဖုန်းကလေးကိုပါ လှမ်းပေးကာ ထပ်ရိုက်ခိုင်းလိုက်သည်။ ပြီးတော့ . . . ထိုတံတားကနေ ဖြတ်လျှောက်ကာ Quayside တစ်လျှောက် လမ်းလျှောက်ကြရင်း သူက စောစောက Stadium ထဲမှာ မမ၏ပုံကို Video ရိုက်ယူထားခဲ့တာကလေးကို ပြန်ဖွင့်ပြလိုက်သည်။ မမက သဘောကျစွာ ရယ်မောလျက် သူ့လက်မောင်းဆီ သုံးချက်လောက် တဖျပ်ဖျပ် ဆင့်ပြီး ရိုက်လိုက်လေသည်။

"ကြည့်စမ်း . . . ဆိုးလိုက်တာ၊ မင်း paparazzi ပဲ၊ ကိုယ့်ပုံကို ခိုးရိုက်ထားတယ်တော့"

ဟု ကလေးမကလေးတစ်ယောက်လို ရှက်ကိုး



www.burmeseclassic.com

www.burmeseclassic.com



ရှက်ကန်း အော်၏။ သူ မမကိုကြည့်ကာ ရင်ထဲ ဘယ်လိုဖြစ်သွားမိမှန်း မသိ။ ချစ်စနိုး ဖြစ်သွားသလိုလို၊ မြတ်နိုးသွားမိသလိုလို တစ်မျိုးကလေးဖြစ်သည်။ မမကို သူ အကြာကြီးပင်ငေးမောကြည့်မိသွားသည်ကို မမကတော့ သတိတောင် ထားမိမည်မထင်။ သူထက် အသက်သာ ဆယ်နှစ်ကြီးသည်ဆိုပေမဲ့ မမကို သူ့စိတ်ထဲမှာတော့ သူ့ထက်ငယ်သလိုပင် ခံစားရပါသည်။ မမကလည်း လူကြီးဆန်ဆန်ကြီးမနေဘဲ ကလေးတစ်ယောက်လို မြူးဖျတက်ကြွလွန်းသည်ကိုး။

"သြော် . . . မေးမလို့၊ မင်းရဲ့ PACES စာမေးပွဲက ဘယ်တော့လဲ နှောင်တိုး"

"ကျွန်တော် ဇူလိုင်လထဲ တင်ထားတယ် မမ"

"သြော် . . . နီးတောင် နီးနေပြီ၊ မင်း ဘာလိုသေးလဲ၊ ကိုယ့် library ကို သုံးချင်ရင် လာခဲ့လေ၊ internet လည်း စိတ်ကြိုက်သုံးလို့ရတယ်၊ နေဦး . . . မင်းကို ကိုယ့်ရဲ့ အိမ်သော့အပိုတစ်ချောင်း ပေးထားမယ်၊ ကိုယ် ရှိရှိ မရှိရှိ မင်း ကြိုက်တဲ့အချိန်လာခဲ့ပေါ့၊ Sunderland





ကနေ Chester-Le-Street City Centre ကို ဘတ်(စ်) စီးလာခဲ့ပြီး လမ်းလျှောက်လာခဲ့ရင် အလွယ်လေးရယ်၊ ကိုယ် လာလာခေါ်နေစရာမလိုတော့ဘူးပေါ့၊ ကိုယ့်ကို ဘာမှ အားနာစရာမရှိဘူး၊ မင်း အစ်မရဲ့အိမ်လို သဘောထားလိုက်၊ kitchen ထဲကနေ ကြိုက်တာယူစားနိုင်တယ်၊ ဘယ်လို သဘောရသလဲ၊ ကိုယ်မေးတဲ့ အခွင့်အရေးက သိပ်များ ရက်ရောလွန်းရာ ကျနေမလား၊ မင်းရဲ့ စာမေးပွဲက နှစ်လကျော် သုံးလနီးနီးလောက်ပဲ လိုတော့တာမှလား၊ မင်းအတွက် LONDON မှာ Course သွားတက်ဖို့လည်း စီစဉ်ဦးလေ၊ Course တက်ထားရင် တကယ် အသုံးကျတာ နှောင်တိုးရဲ့"

မမက သူမ၏ သော့တွဲတွေထဲကနေ အိမ်သော့အပိုတစ်ချောင်းကို သူ့ကို ပြန်ပို့ပေးစဉ်မှာ လှမ်းပေးခဲ့ပါသည်။ သူ မငြင်းမိပါ။ မမပြောသလိုဆို သိပ်ကို ရက်ရောသော အခွင့်အရေးတစ်ခုပါပဲ။ အဲဒီလို အိမ်သော့ကို ပေးထားခြင်းအားဖြင့် မမ၏အိမ်ကို သူ တံခါးမရှိ၊ ဓားမရှိ ဝင်ထွက်ခွင့်ရှိလာမည်။



www.burmeseclassic.com

www.burmeseclassic.com



မမနှင့် အချိန်မရွေး တွေ့ဆုံခွင့်ရလာမည်ဆိုလျှင် သူ့ရဲ့ စိတ်နှလုံးကို လုံခြုံအောင်သိမ်းဆည်းထားနိုင်ပါ့မလားဆိုတာကိုပဲ သူ စိုးရိမ်ပါသည်။ သူ မမကို မချစ်ချင်ပါ။ မမ၏ စေတနာနှင့် ယုံကြည်မှုတို့ကို အလွဲသုံးစားမလုပ်လိုသောကြောင့် ဖြစ်သည်။ ပြီးတော့ . . . အခွင့်အရေးသမားတစ်ယောက် သူ မဖြစ်ချင်ပါ။ အရိပ်နေပြီး အခက်ချိုးသော၊ အသီးစားသော သစ္စာမဲ့သူတစ်ယောက် မဖြစ်ချင်။ မမရဲ့ သဘောထားသည် သူ့အပေါ်မှာ ဖြူစင်လွန်းချင် ဖြူစင်လွန်းမည်။ ရိုးသားလွန်းချင် ရိုးသားလွန်းမည်။ သူ့ဘက်က အရောင်ဆိုးလိုက်လျှင်သာ အရောင်ပြောင်းလဲသွားချင် ပြောင်းလဲသွားလိမ့်မည်။ ပြီးလျှင် . . . သူက အချိန်တန်လျှင် အိမ်ပြန်သွားမည့်သူ။ မမက ကျန်ရစ်ခဲ့ရမည့်သူ ဖြစ်သည်။ သူ့အတွက်နှင့် စိတ်ချမ်းသာ ပျော်ရွှင်မှုကို ရှေ့တန်းမတင်လိုပါ။ ထို့ကြောင့် သူ့ဘက်က အတတ်နိုင်ဆုံး ထိန်းချုပ်စောင့်စည်းရပါမည်။

☺☺☺



## အခန်း . . . ၃

လက်ထဲမှ သော့ကလေးကို ဆော့ကစားရင်း သူ ချီတုံချတုံ ဖြစ်နေမိသေးသည်။ မမ၏ အိမ်သော့ကလေး ဖြစ်သည်။ week days တွေဆိုလျှင် မမနှင့်သူ တွေ့လို့မရပါ။ မမက အလုပ်ပြီးလျှင် Gym သို့ တန်းသွားကာ ကစားပြီးမှ အေးအေးဆေးဆေး အိမ်ပြန်လာလေ့ရှိသောကြောင့် ညဆို ရှစ်နာရီလောက်မှ အိမ်ပြန်ရောက်လေ့ရှိသည်ဟု ဆိုပါသည်။ သူက ဆေးရုံ library ရှိ internet ကို ငါးနာရီအထိသာ သုံးခွင့်ရှိသောကြောင့် ငါးနာရီနောက်ပိုင်း သူ internet ဆက်သုံးချင်လျှင် သုံး၍မရတော့။ ပြီးတော့ CD-Rom နှင့် ကွန်ပျူတာလုပ်



www.burmeseclassic.com

www.burmeseclassic.com



ဖို့ဆိုလျှင် သူ့အခန်းမှာ ကွန်ပျူတာ မရှိချေ။ video အခွေကြည့်ဖို့ကလည်း TV နှင့် video ပြစက်မရှိ။ ဧည့်ခန်းမှာတော့ အများကြည့်ဖို့ TV သာ ရှိသည်။ ထို့ကြောင့် သူ အခန်းပြန်ရောက်ချိန်ဆိုလျှင် စာအုပ်ဖတ်ရန်မှတစ်ပါး တခြား ဘာမှ လုပ်လို့မရချေ။ ညနေ ငါးနာရီကနေ နောက်ပိုင်း သူ မအိပ်ခင် အချိန်အထိ အချိန်တော်တော်များများသည် ကွန်ပျူတာ မသုံးရသောကြောင့် သူ့အတွက် အကျိုးမရှိသလို ဖြစ်နေသည်။ ထို့ကြောင့် သူသည် မမ၏ library မှာ internet သုံးခွင့်၊ ကွန်ပျူတာသုံးခွင့် ရချင်ပါသည်။ သူ့ဘက်ကသာ သင့်တော်ပါ့မလားဟု အားနာစိတ်ဖြစ်နေခြင်းဖြစ်သည်။ မမကတော့ welcome ပင်။ မနက်က library ကနေ မမဆီ e-mail လှမ်းပို့လိုက်မိသည်။ ညနေကျရင် မမအိမ်မှာ internet လာသုံးချင်လို့ပါဟု ရေးလိုက်ခြင်းဖြစ်သည်။ ညနေ သူမပြန်ခင် မမဆီမှ e-mail ပြန်ဝင်လာပါသည်။ အချိန်မရွေးပါတဲ့ . . .

ထို့ကြောင့် သူ ညနေ ဆေးရုံကအပြန် bus stop ဆီ တန်းလျှောက်လာခဲ့ခြင်း ဖြစ်သည်။ ဆေးရုံရှေ့မှာပင် ဘတ်(စ်)ကား





မှတ်တိုင် ရှိနေသောကြောင့် သူ့အတွက် လုံးဝ မခက်ခဲပါ။ Chester-Le-Steet ဘက်ရောက်သော bus ကားပေါ်သို့ သူ တက်လာခဲ့သည်။ အပြန်မှာ မမ လိုက်မပို့စေရအောင် return လက်မှတ်ပင် ဝယ်လိုက်သည်။ အသွားရောအပြန်အတွက်ပါ ဖြစ်သည်။ စာမေးပွဲအတွက်က အရေးကြီးလာပြီမို့ သူ နေ့နေ့ညည အသည်းအသန် ကြိုးစားချင်ပါသည်။

မမအိမ်နှင့် အနီးဆုံးဖြစ်သော bus-stop မှာ ဆင်းပြီး မမအိမ်သို့ လမ်းဆက်လျှောက်လာခဲ့သည်။ winter ဆိုလျှင် လေးနာရီ့လောက်ဆို မှောင်တတ်သော ရာသီဥတုက အခုတော့ spring ထဲရောက်လာပြီမို့ ခြောက်နာရီကျော်တဲ့အထိ နေမဝင်သေးပါ။ Summer ဆိုလျှင်တော့ ညဆယ်နာရီထိုးသည့်တိုင် လင်းချင်းနေဆဲဖြစ်သည်ကို သူ ပထမတစ်ခေါက် စာမေးပွဲလာဖြေစဉ်တုန်းက ကြုံခဲ့ဖူးသည်။ အခုလည်း သူ စာမေးပွဲဖြေပြီးလျှင် ချက်ချင်း မပြန်သေးဘဲ visa ကုန်အထိ ဆက်နေဖို့ စိတ်ကူးထားသောကြောင့် Summer ကို ကြုံရဦးမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



မမ၏အိမ်ကို သူ ကောင်းစွာမှတ်မိနေပြီ။ မမ အိမ်ကလေးက ငြိမ်သက်တိတ်ဆိတ်နေသော်လည်း နွေးထွေး လှိုက်လှဲစွာပင် သူ့ကို ကြိုဆိုနေခဲ့ပါသည်။ သော့ဖွင့်ပြီး အိမ်ထဲသို့ သူဝင်လိုက်တော့ အနည်းငယ် စိတ်မလုံခြုံသလိုပင် ခံစားရသည်။ ဘာကြောင့်မှန်းမသိ ရင်ကလည်း ခုန်နေခဲ့သည်။ မမ၏ တစ်အိမ်လုံးက မွှေးမြသန့်ရှင်းလျက်။ သူသည် အပေါ်ထပ်သို့ တန်းတက်လာခဲ့ကာ မမ၏ library အခန်းကလေးထဲသို့ ဝင်လာခဲ့သည်။ အင်မတန် စနစ်ကျပုံရသော မမက တစ်နေ့နေ့ တစ်ချိန်ချိန် သူရောက်လာခဲ့လျှင် အလွယ်တကူ ဖွင့်နိုင်အောင် ဘယ်ခလုတ်တွေ ဘာတွေကို နှိပ်ရ၊ ဖွင့်ရသည်ဆိုသော ဖွင့်နည်းတွေကို စားပွဲပေါ်ရှိ စာအုပ်ကလေးပေါ်မှာ နံပါတ်စဉ်အလိုက် ချရေးပေးထားခဲ့သည်။ မမ၏ ညွှန်ကြားချက်အတိုင်း သူ ဖွင့်သွားလျှင် ကွန်ပျူတာ ဖွင့်လို့ရပြီး internet ပါ ချက်ချင်းဝင်လာသည်။ သူ ညနေက ဆေးရုံမှာ ဖတ်လက်စ စာကို ဆက်၍ဖတ်သည်။ တစ်အိမ်လုံး ငြိမ်သက်တိတ်ဆိတ်နေသောကြောင့် သူ စာဖတ်ရသည်မှာ အလွန်ပဲ စိတ်ပါလက်ပါ ရှိလှပါသည်။





အချိန်တွေ ဘယ်လောက်ကုန်သွားမှန်း သူ မသိလိုက်။ သူ သိချင်သမျှ internet ကနေ ရှာဖွေနေသလို မမရဲ့ နံရံကပ်ဗီရိုတွေထဲရှိ CD-Rom တွေ၊ DVD တွေ လိုအပ်သလို ရှာဖွေကာ စိတ်တိုင်းကျ ထိုင်ကြည့်နေသည်။ အပြင်ဘက်မှာ မှောင်နေသလားဆိုတာလည်း သူ သတိမထားမိ။ နာရီဆီ ဖျတ်ခနဲ လှမ်းကြည့်မိတော့မှ . . .

"ဟာ . . . ည ရှစ်နာရီတောင် ထိုးနေပြီ၊ မမ ပြန်လာခါနီးပြီ"

ဟု . . . သူ့နှုတ်ကနေ- ရေရွတ်မိသွားသည်။ အခုမှ သူ့ ဗိုက်ထဲက ဆာလာသည်။ မမအတွက်လည်း အဆင်သင့် တစ်ခုခု ပြင်ဆင်လုပ်ကိုင်ပေးထားချင်သည်။ dinner အတွက်ပေါ့။ မမ ပြန်လာလျှင် ဆာလာမှာပဲ။ သူ မီးဖိုခန်းထဲသို့ ဆင်းလာခဲ့သည်။ ဘာကြောင့်များ မမ၏အိမ်သည် သူ့အတွက် သူစိမ်းဆန်မနေရတာပါလဲ။ သူ့အိမ်သူ့ယာလိုပင် အလိုလို ရင်းနှီးနွေးထွေးနေကာ Fridge ကို ဖွင့်လိုက်၏။ မမ ပြောဖူးသည်။ ညဆိုလျှင် မမက အသီးအရွက် Salad



www.burmeseclassic.com

www.burmeseclassic.com



တစ်ပွဲနဲ့ Fruit Juice ပဲ သောက်လေ့ရှိသည်တဲ့။ Fridge ထဲမှာ အသီးအရွက် Salad readymade အထုပ်က အဆင်သင့် ရှိပြီးသား။ ပြီးတော့ . . . carrots (မုန်လာဥနီ)တွေ ရှိသည်။ သူက ကြွေဇလုံခပ်ကြီးကြီးတစ်ခုထဲသို့ Salad အရွက်တွေ သွန်ထည့်လိုက်ကာ olive oil (သံလွင်ဆီ) နှင့် Salad cream ကလေးဆမ်းပြီး မွှေထားလိုက်သည်။ ပြီးတော့ carrots တွေကို ဖျော်ရည်ဖျော်ပေးထားဖို့ သူ စိတ်ကူးရသွားသည်။ ဥနီတွေကို အတုံးကလေးတွေ တုံးကာ blender ထဲထည့်ပြီး ဖျော်လိုက်သည်။ ပြီးတော့ . . . ဖန်ခွက်နှစ်ခွက်ထဲမှာ အဆင်သင့်ထည့်လိုက်သည်။

ထမင်းစားခန်းထဲမှာ ငွေ candle holder ရှည်ရှည်ကလေးရှိနေကာ ထွန်းလက်စ scented candle ကလေး ရှိနေသောကြောင့် သူက ဖယောင်းတိုင်ကို မီးထွန်းညှိထားလိုက်သည်။ မွှေးရနံ့က lavender ရနံ့ သင်းပျံ့ပျံ့ကလေး။ အခန်းထောင့်ရှိ CD Player ထဲသို့ Classic သီချင်းအခွေကလေးတစ်ခွေ ရွေးကာ ခပ်တိုးတိုးကလေး ပျံ့လွင့်စေလိုက်





သည်။ မကြာပါ . . . ။ မမ ပြန်ရောက်လာသောအသံကို သူကြားလိုက်ရသည်။ သူ့ရင်သည် သိမ့်ခနဲ လှုပ်သွား၏။ နှုတ်ခမ်းက အလိုအလျှောက်ပင် ပြုံးမိရက်သား ဖြစ်သွားရသည်။ ဒီအဖြစ်ကလေးဟာ ဘာနှင့်တူနေမှာပါလိမ့်။ စိတ်ကူးယဉ်ကြည့်လို့ ရမည်ဆိုလျှင် အိမ်ပြန်လာသော ကိုယ့်ချစ်သူမိန်းကလေးအတွက် ကိုယ်က အိမ်ကနေ အဆင်သင့် ပြင်ဆင်ထားဟန်မျိုး။

"ကြည့်စမ်း . . . ဘယ်လောက် romantic ဖြစ်လိုက်တဲ့ကိုယ့်မောင်လေးလဲ၊ အိမ်ပြန်ရောက်ရောက်ချင်း အမောကို ပြေသွားစေတာပဲဟယ်"

မမ၏မျက်နှာကလေးက ချိုရွှင်စွာပြုံးလျက် ထမင်းစားခန်းကို ကြည့်သည်။

"မမ ဆာရောပေါ့၊ အဝတ်အစားသွားလဲလေ၊ အဆင်သင့်ပဲ စားလို့ရပြီ"

"ကိုယ် gym ကနေ တစ်ခါတည်း ချိုးခဲ့ပြီ၊ လာလာစားရအောင်၊ ကိုယ် တကယ် ဗိုက်ဆာနေတာ၊ မင်းက



www.burmeseclassic.com

www.burmeseclassic.com



သိပ်အလိုက်သိပါလား၊ ဘယ်သူသင်ပေးထားတာလဲ"

မမက စားပွဲမှာ ဝင်ထိုင်သည်။

"အလိုက်သိတာကို သင်လို့မှ မရတာ မမကလဲ၊ ကျွန်တော်က မမ ပြန်လာရင် ဆာမှာပဲလို့ အလိုလို သိတာပါ"

"အေးလေ . . . ကျေးဇူးပါပဲကွာ၊ အံမယ် . . . salad က ကောင်းလှချည်လား မင်းလက်ရာက၊ ဘာတွေထည့်ထားသေးလို့လဲ"

"ကျွန်တော့်ရဲ့ မေတ္တာတွေနဲ့ ကျေးဇူးသိတတ်မှုတွေ ထည့်ထားတာ"

သူက ပြုံးပြီးဖြေတော့ မမက သဘောကျစွာ ရယ်မောပါသည်။

"ဩော် . . . အခုမှ သတိရတုန်း ပြောထားရဦးမယ်၊ မင်းအတွက် LONDON မှာ PACES intensive courses တက်ဖို့ ကိုယ် online application လုပ်ပေးမလို့၊ မင်း ဘေးမှာ ရှိနေမှဖြစ်မယ်၊ လိုအပ်တဲ့ အချက်အလက်တွေ





သွင်းဖို့လေ၊ ၄ ရက်ပဲ၊ London ကို train နဲ့ ဆင်းသွားလိုက်၊ အပြန် ကိုယ်လာကြိုပေးမယ်၊ ကိုယ် တစ်ပတ် holiday ယူဖို့ အစီအစဉ်ရှိတယ်လေ၊ အဲဒီတစ်ပတ်ကို London မှာ မင်းကို လျှောက်ပြရင်း Play ကြည့်မလို့၊ မင်း London မလည်ရသေးဘူး မှုလား"

"ဟာ . . . မမရယ် အားနာစရာ၊ ကျွန်တော့်အတွက် အဲဒီလောက်လုပ်မပေးပါနဲ့၊ မမက ကောင်းလွန်းတော့ ကျွန်တော်တောင် မနေတတ်တော့ဘူး"

"မင်းအတွက်ချည်းပဲ မဟုတ်ပါဘူး နှောင်တိုးရာ၊ ကိုယ့်အတွက်လည်း ပါပါတယ်၊ စကားမရှည်နဲ့ . . . လာ"

ဟု မမက ဖွတ်ပင်ပြောကာ သူ့ကို စာကြည့်ခန်းသို့ ခေါ်သွားပြီး ကွန်ပျူတာရှေ့မှာ ဝင်ထိုင်လိုက်သည်။ ပြီးတော့ ခပ်သွက်သွက်ပင် MRCP အတွက် PACES courses တွေကို ရှာဖွေကာ သူမ အကြိုက်ဆုံး၊ အသင့်တော်ဆုံး course တစ်ခု၏ application form ကို ဖြည့်ပေးလိုက်သည်။ St. George's Hospital မှာ သွားတက်ရမှာ ဖြစ်သည်။ courses



www.burmeseclassic.com

www.burmeseclassic.com



အတွက် ကုန်ကျစရိတ်ကို မမက သူမ၏ credit card ဖြင့်ပင် စိုက်သွင်းပေးထားလိုက်သည်။ သူက မမလုပ်သမျှကို ငြင်းလို့မရနိုင်မှန်း သိနေတာမို့ ငြင်းမနေတော့ပါ။

"မမကို ကျွန်တော် cash ပြန်ပေးမှာနော်၊ ကျွန်တော့်မှာ စတာလင်ပေါင်တွေ အများကြီးပဲ ဒီအတိုင်း ကိုင်ထားတယ်"

"OK . . . ရပါတယ် နှောင်တိုးရယ်၊ ကဲ . . . မင်းပြန်ဖို့ မိုးချုပ်နေလိမ့်မယ်၊ ကိုယ်လိုက်ပို့ပေးမယ်"

"ကျွန်တော် bus ကားလက်မှတ် ဝယ်ပြီးသား မမ၊ ကျွန်တော် လမ်းလျှောက်သွားလိုက်မယ်"

"အလို . . . မင်းက စိမ်းလှချည်လားဟင်"

"မဟုတ်ပါဘူး မမရယ်၊ မမကို နေ့တိုင်း တာဝန်တစ်ခုလို မပေးချင်လို့ပါ၊ ကျွန်တော်က နေ့တိုင်းလာပြီး မမရဲ့ library ကို သုံးရမှာလေ၊ library လည်း သုံးသေး၊ နေ့တိုင်းလည်း ပြန်ပို့ရသေးဆိုရင် ဘယ်ဟုတ်တော့မလဲ၊ မနက်ကျတော့ မမက အလုပ်သွားရဦးမှာ၊ မမ နားချင်





ရောပေါ့"

"ကဲပါဟယ် . . . ဒါဆိုလည်း ပြီးရော၊ မင်းဟာလေ နေရာတကာ တွေးကို တွေးတတ်လွန်းတယ်၊ ကိုယ် bus-stop ထိတော့ လိုက်ပို့ပေးပါ့မယ်၊ မင်း လမ်းတော်တော် လျှောက်နေရမှာ"

မမက bus-stop အထိ လိုက်ပို့ပေးပါသည်။ ထိုနေ့ကစပြီး သူသည် မမ၏အိမ်ရှိ မမ၏ library ကလေးဆီ မှန်မှန်သွားကာ စာဖတ်ရင်း၊ မမအတွက် dinner အဖြစ် salad နှင့် carrot juice တစ်ခွက် ပုံမှန်စီစဉ်ပေးရင်း၊ တစ်ခါတစ်ရံ မမနှင့် ဆုံသည့်အခါလည်း ရှိသလို၊ မဆုံမိသည့် အခါမျိုးမှာတော့ သူက မမအတွက် စာတစ်စောင်ရေးထားခဲ့ကာ ထမင်းစားပွဲပေါ်မှာ တင်ထားခဲ့လိုက်သည်။ မမကလည်း သူ့ကို မှာစရာရှိလျှင် စာတိုကလေးတွေ ရေးထားခဲ့ကာ lap top ၏ monitor screen ပေါ်မှာ ကပ်သွားတတ်ပါသည်။ ထိုရက်ပိုင်းတွေမှာ သူနှင့်မမ၏ ဆက်ဆံရေးကလည်း ပို၍ ရင်းနှီးနီးကပ်လာခဲ့သည်။ တစ်ယောက်နှင့်တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ငြိတွယ်မှုကလေးတွေ တိုးသထက် တိုးလာခဲ့သည်။ သူနှင့်မမသည် သူစိမ်းတွေ မဆန်တော့။ ခေါင်းစဉ် အမည်တပ်စရာမလိုဘဲ တစ်ယောက်ကိုတစ်ယောက် အရေးထားမှု၊ လိုအပ်မှု၊ နားလည်မှု၊ ကြည်ဖြူမှု၊ စေတနာထားမှုတို့ဖြင့် တည်ဆောက်ထားသော ဆက်ဆံရေးတစ်ခုအောက်မှာ အလိုက်သင့် အလျှားသင့် နေသားတကျ စီးမျောလာခဲ့ကြသည်။ တစ်ခါတစ်ရံမှာ ဖွင့်ဟပြောရန် မလိုသော၊ ခေါင်းစဉ်တပ်စရာမရှိသော ငြိတွယ်မှုတွေ ရှိတတ်သည်ဆိုတာကို သူ အခုမှပင် နားလည် သဘောပေါက်ခဲ့ရပါသည်။

☺☺☺



## LONDON :

PACES အတွက် course ကို မမ စီစဉ်ပေးထားသည့်အတိုင်း ရထားဖြင့် London သို့ဆင်းပြီး ကြိုတင် reservation လုပ်ထားခဲ့သော Travelodge တစ်ခုမှာတည်းကာ course တက်ခဲ့သည်။ မမက ကြိုတင်စီစဉ်ထားသည့်အတိုင်းပင် သူ course ပြီးမည့်ရက်ကို မှန်းကာ leave ယူပြီး London သို့ ဆင်းလာခဲ့သည်။ မမက hotel မှာ တည်းပါသည်။ မမက သူ့ကို London မြို့အနှံ့ လိုက်ပြပါသည်။ Tate Modern, British Museum, Tower Bridge, London Eye အစုံအလင်ပဲ ဖြစ်သည်။ မမနှင့်အတူ လည်ပတ်ပျော်ရွှင်ရသော အချိန်များသည် သူ့အတွက် မမေ့နိုင်စရာလည်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရင်ခုန်ယစ်မူးဖွယ်လည်း ကောင်းသည်။

"မင်း ကိုယ့်ကို ဘယ်လိုမြင်သလဲ နှောင်တိုး"

ဟူသော မေးခွန်းကို ဖျတ်ခနဲ မမက မေးလိုက်စဉ် သူ ရုတ်တရက်တော့ အဖြေရခက်သွားကာ အနည်းငယ်ဆွံ့အသွားလေသည်။ မမ၏ မျက်နှာကလေးကို သူ ဂရုတစိုက်နဲ့ စောင်း၍ကြည့်လိုက်မိသည်။ ကြေးနီရောင် ဆံပင်ပွပွကောက်ကောက်ကလေးများ ကပိုကရို ဝဲကျနေသော မျက်နှာကလေးသည် အသက်လေးဆယ်ကျော်အရွယ် မိန်းမတစ်ယောက်ဟု မထင်ရက်စရာတည်း။ နုပျိုလန်းဆန်းကာ လှသွေးကြွယ်ဆဲပင်။ ထိုအလှမှာ တက်ကြွသွက်လက်သော ဟန်မူရာကလေးများ ပေါင်းစပ်လိုက်သောအခါ မမသည် သူ့ထက်ပင် ပို၍ ငယ်နုသွားသည်။

"မမက လှတယ်၊ ချစ်စရာကောင်းတယ်၊ ပွင့်လင်းတယ်၊ မာယာမရှိဘူး၊ ဖြစ်ချင်တာကို ရိုးရိုးရှင်းရှင်းပဲ ကွေ့ဝိုက်လှည့်ပတ်မနေဘဲ လုပ်ယူတတ်တယ်လေ၊ ဟန်မဆောင်တတ်ဘူး"





"ကိုယ်သိချင်တာက ကိုယ်ဟာ မင်းရဲ့အမြင်မှာ အထင်ကြီးစရာကောင်းတဲ့ မိန်းမတစ်ယောက်လား၊ ဒါမှမဟုတ် စိတ်ကို အလိုလိုက်လွန်းတဲ့ ဇော်ရွက်ဝါလို မိန်းမမျိုးလားလို့"

"ဟာ . . . မမ ဘာတွေ လျှောက်ပြောနေတာလဲဗျာ၊ မမကို စိတ်အလိုလိုက်တဲ့မိန်းမလို့ ကျွန်တော်က ဘာလို့ထင်ရမှာလဲ၊ ဘာဖြစ်လို့လဲ . . ."

"ကိုယ် အခု မင်းနဲ့နှစ်ယောက်တည်း လျှောက်လည်တယ်လေ၊ အဲဒီလို လည်ဖို့အတွက် ကိုယ်က ခွင့်တောင်ယူလိုက်သေးတယ် .... အဲဒါကိုပြောတာ"

"မမ ကျွန်တော့်အပေါ်မှာ လွတ်လပ်ပွင့်လင်းစွာ ခင်နိုင်ပါတယ်ဗျာ၊ မမရဲ့ ရင်းနှီးမှုကို ဘယ်လိုပုံစံမျိုးနဲ့မဆို ပြနိုင်သားပဲ၊ ကျွန်တော် မမကို ဘာ commentမှ ပေးဖို့မလိုပါဘူး၊ ပြောရမယ်ဆိုရင် မမက ကျွန်တော့်ကို ပညာပေးတဲ့ ကျေးဇူးရှင်တောင် ဖြစ်သေးတယ်၊ စာကြည့်ခွင့် library တစ်ခုလုံး ပေးထားတာယ်။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



course တက်ဖို့ စီစဉ်ပေးတယ်၊ အခုဆိုရင် ကျွန်တော် စာမေးပွဲအတွက် တော်တော် အဆင်သင့်ဖြစ်နေပြီ၊ မမ မပါဘဲ ကျွန်တော် လွယ်လွယ်ကလေးနဲ့ မအောင်နိုင်ပါဘူး မ,ရယ်၊ ကျွန်တော့်ဘဝအတွက် မ,ဟာ အထင်ကြီးလေးစားစရာကောင်းတဲ့ အမျိုးသမီးတစ်ယောက်ပါ"

သူ၏ အခေါ်အဝေါ် ပြောင်းလဲသွားခဲ့သည်ကို မမကလည်း ရိပ်မိလိုက်ဟန် ရှိပါသည်။ 'မ'ဟု ခေါ်လိုက်ရသည်က သူ့ရင်ကို နွေးမြလင်းပွင့်သွားစေပါသည်။ မမ၏ မျက်လုံးကလေးများက တဖျပ်ဖျပ် အရည်လဲ့စွာ တောက်ပသွားကြသည်။ ပြုံးလိုက်သော မမ၏နှုတ်ခမ်းများသည် နူးညံ့စွာ သိမ်မွေ့သွားလေသည်။ သူ မမကို ချစ်သွားခဲ့မိပြီလားဟု သူ့ကိုယ်သူ ပြန်မေးကြည့်ဖို့ အချိန်နည်းနည်း လိုအပ်ပါသည်။

☺☺☺



သူ၏ PACES စာမေးပွဲသည် London မှာပဲ ဖြေရမည်ဖြစ်သည်။ ဖြေရမည့်အချိန်သည် ဇူလိုင်လထဲမှာဖြစ်သောကြောင့် ထိုအချိန်သည် summer ဖြစ်သည်။ အင်္ဂလန်က summer ဆိုလျှင် အလွန်လှပအသက်ဝင်ကာ နွေးထွေးပွင့်လင်းလှပါသည်။ တဖြည်းဖြည်း summer ဘက်ရောက်လာသောကြောင့် ဒီမှာ ဓလေ့တစ်ခုက ခြံထဲတွင် barbecue လုပ်စားလေ့ ရှိကြခြင်းပင်ဖြစ်သည်။ barbecue ကင်သော မီးဖိုများကို ခြံထဲတွင်ခင်းကာ lamb, ဝက်နံရိုး, ဝက်အူချောင်း, ငါး, ပုစွန်တို့အပြင် မှိုတို့, အာလူးတို့ပါ ကင်တတ်ကြပါသည်။ နေဝင်ချိန်ကလည်း တဖြည်းဖြည်းနောက်ကျလာပြီမို့ ညကိုးနာ



www.burmeseclassic.com

www.burmeseclassic.com



ရီ သူ မမအိမ်မှ အဆောင်သို့ပြန်ချိန်အထိ နေမဝင်သေး၊ လင်းချင်းဆဲပင်။ မမက weekend တစ်ရက်မှာ အိမ်မှာ barbecue လုပ်စားပါသည်။ မမ၏ မိတ်ဆွေ မြန်မာတချို့ကိုပါ ဖိတ်လိုက်သောကြောင့် မြန်မာဆရာဝန်တော်တော်များများ ရောက်လာကြ၏။ သူတို့အားလုံးက ရင်းနှီးနွေးထွေးလှသည်။ ပြီးတော့ . . . သူတို့ကြည့်သော မျက်ဝန်းတွေကလည်း မေးခွန်းများစွာ ပါဝင်ကြပါသည်။ မမနှင့် သူ၏ ရင်းနှီးငြိတွယ်မှု အတိမ်အနက်ကို အကဲခတ်သော အကြည့်မျက်ဝန်းများဖြစ်သည်။ မမကတော့ အေးအေးဆေးဆေးပင်။ BBQ မီးဖိုပေါ်မှာ တံဆို့ထိုးထားသော နယ်ပြီးသား အသားပြားတွေကို သူနှင့် အတူ ဝိုင်ခွက်တစ်ခွက်ကိုင်ရင်း ပေါ့ပေါ့ပါးပါးကင်လျက်ရှိသည်။ အိုက်ပြီမို့ ကြိုးတစ်ချောင်းအကျီကလေးနှင့် ရှော့တ်ပဲန် ကလေး ဝတ်ထားသော မမ၏ဟန်ကလေးက ကလေးလေး တစ်ယောက်ပမာ အပြစ်ကင်းစင်ကြည်လဲ့လွန်းလှသည်။

အသားတွေအားလုံးကင်ပြီး ပြင်ဆင်ပြီးသောအခါ conservatory ထဲရှိ စားပွဲရှည်ကြီးမှာ တစုတဝေးကြီး





ထိုင်လျက် စကားတပြောပြောနှင့် စားကြသောက်ကြလေသည်။ ပြောကြသော အကြောင်းအရာကတော့ အစုံအလင်ပဲဖြစ်သည်။ အထူးသဖြင့်တော့ ဆရာဝန်တွေချည်းမို့ ဆေးရုံအကြောင်း၊ လူနာအကြောင်း၊ ရောဂါတွေအကြောင်းပဲ များပါသည်။ သူကတော့ နားထောင်သမားသက်သက် ဖြစ်သည်။

ဧည့်သည်တွေအားလုံး ပြန်သွားကြချိန်မှာ သူက မမနှင့်အတူ သိမ်းဆည်းပေး၊ ပန်းကန်တွေကို dish washer ထဲ ထည့်ပေးနှင့် ကူညီပေးလိုက်သည်မှာ ညဉ့်တော်တော်နက်သွားပါသည်။ ညဆယ့်တစ်နာရီကျော်သွားပြီမို့ မမက . . .

"မင်းအပြန် သိပ်နောက်ကျနေရင် ဧည့်သည်ခန်းထဲမှာပဲ ညအိပ်လိုက်လေ နောင်တိုး၊ မနက်ဖြန်လဲ Sunday ဆိုတော့ အေးဆေးပေါ့"

ဟူသော ကမ်းလှမ်းချက်ကို သူ မငြင်းနိုင်ပါ။

"ကျေးဇူးပဲ မမရယ်"

ဟုသာ သူ ပြန်ပြောလိုက်သည်။ မမ စီစဉ်ပေးသော ဧည့်သည်ခန်းထဲမှာ နှစ်ယောက်အိပ်ကုတင်နှင့် မွေ့ရာ၊



www.burmeseclassic.com

www.burmeseclassic.com



duvet က ပိုးပြောင် ဝိုင်နီညိုရောင်ကလေးဖြစ်သည်။ အခန်းထဲရှိ ပန်းအိုးလှလှကလေးထဲမှာ tulip ရောင်စုံတွေ ဝေနေအောင်ပင် ထိုးထားလေသည်။ သူ ရေအရင်ချိုးပစ်လိုက်ပြီး အဝတ်အစားလဲလိုက်သည်။ သူ့အတွက် အဝတ်အစားကို မမက တီရှပ်အသစ်၊ ဂျင်းပဲန်အသစ် သူ့ရဲ့ size ခါး 32" ကို အဆင်သင့်ထုတ်ပေးထားသည့်အတွက် သူ တအံ့တဩ ဖြစ်သွားရစဉ် မမက အပြုံးကလေးနှင့် . . .

"မင်းအတွက် ကိုယ်ကြုံတာနဲ့ ဝယ်ထားပေးတာပါ"

ဟု အဖြေပေးခဲ့သည်။ မအိပ်ချင်သေးတာနှင့် သူက စာကြည့်ခန်းထဲသို့ internet လုပ်ရန် ဝင်လာခဲ့သည်။ မမကလည်း စာကြည့်ခန်းထဲမှာ ရှိနေခဲ့ပါသည်။

"internet လုပ်မလို့လား နှောင်တိုး၊ လုပ်လေ . . . အေးအေးဆေးဆေးလုပ်၊ ကိုယ်က စာပဲဖတ်မှာ၊ ကိုယ်ရှိနေလို့ မင်း အနှောင့်အယှက် မဖြစ်ဘူးမှလား"

"မဖြစ်ပါဘူး မ . . ."

"OK. ပြီးရော . . ."





မမက ညဝတ် pyjama ပန်းရောင်အစင်းကလေးနှင့်ဖြစ်သည်။ ဆံပင်တွေကို ကပိုကရို ဖြစ်သလိုလေးလှန်တင်ထားသည့်ကြားမှ ဆံပင်အခွေအလိပ်ကလေးတွေ ဖရိုဖရဲ ဝဲကျနေဟန်ကလေးမှာ ငေးကြည့်နေချင်စရာကောင်းလှသည်။ ဘာမှ လိမ်းခြယ်မထားသော မျက်နှာပြောင်ရှင်းရှင်းကလေးမှာ ဝင်းလက်ကြည်စင်နေသည်။ သူ internet လုပ်ရင်း မမကို တစ်ချက်တစ်ချက် ခိုး၍ ငဲ့စောင်းကြည့်မိသည်ကို မမက မရိပ်မိသည်လား၊ မသိချင်ဟန်ဆောင်နေသည်လား မသိ။ သူ့ကို တစ်ချက်မှပင် လှမ်းမကြည့်ပါ။ အေးအေးဆေးဆေး စာအုပ်ဖတ်မပျက်။ သူ့စိတ်တွေ ဘာကြောင့် လှုပ်ရှားယစ်မူးလာမိမှန်း မသိ။ ထိုအခြေအနေကလေးကို သူ သာယာတိမ်းညွတ်လျက်ရှိသည်။ မမနှင့်အတူ တစ်မိုးတည်းအောက်မှာ အတူတကွရှိနေရခြင်းသည် သူ့စိတ်ကို နူးညံ့တိုးတိတ်စွာ ဖြားယောင်းသွေးဆောင်လျက်ရှိသည်။ ဒီလိုပဲ အမြဲ တစ်သက်လုံး အတူတူ နေသွားခွင့်ရလျှင် သူ ဘယ်လောက်များ သာယာပျော်ရွှင်ရမှာပါလိမ့်။ စိတ်ကူးဖြင့်ပင် သူ့ရင်ထဲ တသိမ့်သိမ့်



www.burmeseclassic.com

www.burmeseclassic.com



ခုန်လျက် နွေးအုံလာသည်။ သူ မမကို ချစ်နေခဲ့ပြီထင်သည်။ အခက်ခဲဆုံးက အဲဒါကို ဝန်ခံဖို့ဖြစ်လေသည်။ မမကရော သူ့အပေါ်မှာ . . .။ သူ မမဆီသို့ အမှတ်မထင် ဖျတ်ခနဲ လှမ်းကြည့်လိုက်မိစဉ် ဖျတ်ခနဲလွှဲသွားသော မမ၏မျက်ဝန်း အရုတ်နှင့် ဆုံမိသွားသည်။ မမရော သူ့ကို သူမသိအောင် ငေးကြည့်နေခဲ့သလား။ မမ့ရဲ့အတွေးထဲမှာရော ဘာတွေ ရှိနေသလဲ။ သူ လှမ်းမြင်ရလျှင် ကောင်းမည်။ သူ့မျက်လုံးတွေက ကွန်ပျူတာဆီမှာ စိုက်ကြည့်နေသော်လည်း သူ့အာရုံတွေက မမဆီ လွင့်ပျံမျောလွင့်လျက်ရှိသည်။

တော်တော်လေးကြာလာလျှင် သူ မမကို တစ်ခုခုပြောဖို့ စကားစလိုက်လျှင် မမကလည်း သူ့ကို စကားလှမ်းပြောဖို့ ဟန်ပြင်လိုက်စဉ်မို့ နှစ်ယောက်ပြိုင်တူ ဖြစ်နေကြသည်ကို ရယ်လိုက်မိကြသည်။

"ကဲ . . . မင်းအရင်ပြော"

"မမ အရင်ပြောပါ . . ."

"ဩော် . . . ကိုယ်က မင်းများ ကော်ဖီသောက်မလား





လို့ပါ"

"ဟာ . . . ကျွန်တော်ကလည်း မမကို ကော်ဖီသောက်မလား မေးမလို့၊ ကျွန်တော်ဖျော်ပေးမလို့"

"ကြည့် . . . တိုက်ဆိုင်ပုံက၊ ကဲ ကဲ . . . မင်းအတွက် ကိုယ် ခက်နဲ့ပဲ နှပ်လိုက်တော့မယ်နော်"

"ကျွန်တော် ဖျော်ပေးချင်လို့ပါ မမရယ်၊ မမ စာပဲဖတ်ပါ၊ ကျွန်တော်က စက်နဲ့ဖျော်မှာ မဟုတ်ဘူး၊ လက်နဲ့ ရှယ်ဖျော်ပေးမှာ၊ ကျွန်တော့်ကော်ဖီထဲမှာ အပိုပစ္စည်းတွေက မေတ္တာတွေ၊ စေတနာတွေ၊ အကြင်နာတွေပါ ထည့်ဖျော်ပေးဦးမှာ"

"ဟား ဟား . . . တော်တော် အပြောကောင်းတဲ့ ကောင်လေး၊ ရယ်စရာကောင်းလိုက်တာ"

မမက တသိမ့်သိမ့် ရယ်မောပါသည်။ သူသည် မီးဖိုချောင်ထဲသို့ ဆင်းလာခဲ့ကာ ကြွေခွက်ရှည်မျောမျောကလေး နှစ်ခွက်ယူလျက် ကော်ဖီဖျော်လိုက်သည်။ ပြီးတော့ စာကြည့်ခန်းထဲသို့ ပြန်စင်လာခဲ့ကာ မမဆီသို့ တစ်ခွက် လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်သည်။ မမက ကော်ဖီပူပူကို တစ်ငုံမြည်းလိုက်ပြီး မျက်ခုံးကလေးပင့်ကာ . . .

"အံမယ် . . . တယ်ကောင်းပါလား ဆရာ"

ဟု ချီးကျူး၏။

"ကျွန်တော်ပြောတယ်လေ . . ."

မမက သူ့ကို ဇေ့ခနဲကြည့်လိုက်သော အကြည့်ထဲမှာ တစ်စုံတစ်ခုပါနေသလို သူ ခံစားရသည်။ မမ သူ့ကို တစ်ခုခု ပြောချင်နေပုံရသည်။ ဒါမှမဟုတ် သူ့ဆီမှ တစ်ခုခု မျှော်လင့်နားစွင့်နေဟန်လည်း ရှိသည်။ တပြိုင်နက်တည်းမှာလည်း သူသည် 'မကိုချစ်တယ်'ဟူသော စကားလေးတစ်ခွန်းကို တိုးတိုးကလေးဖြစ်ဖြစ် ပြောပြနေချင်မိသည်။ ပြီးတော့ . . . မမဆီမှ တုံ့ပြန်ပြောလိုက်မည့် စကားလေးတစ်ခွန်းကိုလည်း တိတ်တခိုး တောင့်တငံ့လင့်နေမိသေးသည်။ မဖြစ်နိုင်ဘူးဟူသော တံခါး ကြည်ကြည်တစ်ချပ်က သူနှင့်မမ အကြားတွင် ကာစီးလျက်ရှိသည်ကို နှစ်ယောက်စလုံး ပြန်မြင်နေရခြင်းဖြစ်သည်။





"ကျွန်တော် မမအနားမှာ ခုလိုရှိနေတဲ့အတွက် မမမှာ တစ်စုံတစ်ခုများ ထိခိုက်စရာ ရှိသလားဟင် မမ"

ဟု သူက စတင်လိုက်မိသည်။ မမက သူ့မျက်ဝန်းတွေထဲသို့ ခပ်နက်နက် ထွင်း၍ ကြည့်ကာ မသိချင်ဟန်ဆောင်လျက် . . .

"ဘာကို ထိခိုက်ရမှာလဲ နှောင်တိုး"

ဟု . . . ပြန်မေးသည်။ တကယ်တော့ ဒီအကြောင်းအရာကို သူ မမနှင့် မဆွေးနွေးချင်ပါ။

"ဥပမာ . . . မမရဲ့ ဂုဏ်သိက္ခာပေါ့ မမ၊ မမရဲ့ မိတ်ဆွေအသိုင်းအဝိုင်း မြန်မာတွေရဲ့ အမြင်မှာ . . ."

မမက လက်ကလေးတစ်ဖက် ဝှေ့ယမ်းလျက် သူ့စကားကို ဖြတ်ချပစ်လိုက်ကာ . . .

"တခြားလူတွေရဲ့ အထင်တွေအမြင်တွေနဲ့ ကိုယ့်ဘဝကို ဘယ်တော့မှ မရပ်တည်တတ်ဘူး နှောင်တိုး၊ သူတို့ရဲ့ ထင်မြင်ချက်တွေထဲ ကိုယ့်ဘဝကို ထိုးကျွေးပစ်ဖို့လည်း ကိုယ် စိတ်မဝင်စားနိုင်အားဘူး၊ ကိုယ့်အတွက် အရေး



www.burmeseclassic.com

www.burmeseclassic.com



ကြီးဆုံးက ကိုယ့်ရဲ့ စိတ်ခံစားမှုပဲ၊ ကိုယ့်ဘေးမှာ မင်း ရှိနေခြင်းဟာ ကိုယ့်အတွက် ပျော်စရာကောင်းတဲ့ ကောင်းခြင်းတစ်ခုပဲ။ ကျန်တာတွေ ကိုယ် ထည့်မတွက်ပါဘူး။ မင်းလဲ ထည့်မတွက်နဲ့ . . . ဒါပဲ၊ ကဲ . . . ဂွတ်(ဒ်)နိုက်(ထ်)၊ ကိုယ် အိပ်တော့မယ်၊ မနက်အစောကြီး ထစရာမလိုဘူးနော်၊ Sunday ဆိုတော့ အေးဆေး နှပ်မယ် ကြားလား"

"မမအတွက် ကျွန်တော် breakfast ပြင်ပေးထားမယ်လေ၊ room service လိုချင်လည်း ရတယ်၊ ကျွန်တော် လာပို့ပေးမယ်"

မမက တစ်ချက်ရယ်လိုက်ကာ . . .

"ကောင်းပြီ၊ ဒါဆို ကိုယ့်ရဲ့ breakfast menu ပေးထားမယ်၊ orange juice တစ်ခွက်ရယ်၊ toast နှစ်ချပ်ရယ်၊ bacon အပြားကြော် နှစ်ချပ်ရယ်၊ ကြက်ဥ half fried တစ်လုံးနဲ့ black coffe တစ်ခွက်ဆို ရပြီ၊ English breakfast ပေါ့"





"OK, မမ have a nice dream!"

"You too"

မမ အခန်းထဲမှ ထွက်ခွာသွားသော ခြေသံသည် တိုးတိတ်ညင်သာလှသော်လည်း သူ့ရင်ထဲမှာ ဗရမ်းဗတာ ပြောင်းဆန်လှုပ်ရှားလျက် ကျန်ရစ်ခဲ့ပါသည်။

☺☺☺

www.burmeseclassic.com

www.burmeseclassic.com





# အခန်း .... ၄

## Sunderland beach:

နွေရာသီမို့ beach တစ်လျှောက်မှာ လူတွေအများအပြားပင်။ မမက ဖြူလွှသော အပွင့်ခက်နုပ်ကလေးများနှင့် ချည်သား ဂါဝန်ကလေးကို ဝတ်ထားကာ မျက်နှာမှာ EMPORIO ARMANI နေကာမျက်မှန် နီညိုရောင်အကြီးကြီးကို တပ်ထား သည်။ လှိုင်းတွန့်ခွေခွေလိပ်လိပ် ဆံပင်ဖွာဖွာများက ဒီအတိုင်း လှပစွာ ဖွာလန်ကြဲလျက် ရှိသည်မှာ တစ်မျိုး ကြည့်၍ကောင်း သည်။ သူ့ရဲ့ PACES စာမေးပွဲကို လန်ဒန်ဆင်းပြီး သွားဖြေခဲ့ ပါသည်။ မျှော်လင့်ထားသည်ထက်ပင် လွယ်ကူချောမွေ့



www.burmeseclassic.com

www.burmeseclassic.com



အဆင်ပြေစွာ ဖြေနိုင်ခဲ့သဖြင့် သူ အားပါးတရ ရှိလှသည်။ Results စောင့်နေသောအချိန်အတွင်းမှာ သူ မြန်မာပြည်သို့ မပြန်ဖြစ်သေးပါ။ visa ရသလောက်ဆက်နေပြီး လည်ပို့ စိတ်ကူးထားပါသည်။ စာမေးပွဲပြီးပြီးချင်း သူ London ကနေ ပြန်ရောက်သည်နှင့် မမက သူ့ကို Sunderland beach သို့ ခေါ်လာခဲ့ခြင်းဖြစ်သည်။ ပင်လယ်ထဲမှာ အပျော်လှေစီးနေသူများ၊ ရေထဲ ဆင်းပြေးနေသော ခွေးများ၊ သောင်ပြင်မှာ နေရောင်ခံနေသူများနှင့် စည်ကားနေသည်။

"အရမ်းလှတယ်နော် .. ကိုယ်က ပင်လယ်ပြင်တို့ beach တို့ကို အရမ်းကြိုက်တယ်၊ လွတ်လပ်ကျယ်လွင့်လွန်းလို့လေ၊ ရင်ပါ ပွင့်သွားသလိုပဲ၊ တင်းကျပ်နေသမျှလည်း ပြေလျော့သွားတယ်၊ ဟိတ် ... ကိုယ်တို့နှစ်ယောက် အတူ အမှတ်တရဓာတ်ပုံ ရိုက်ရအောင်၊ တစ်ယောက်ယောက်ကို ရိုက်ခိုင်းရအောင်"

ဟု မမကပြောရင်း ဘေးနားမှ ဘိုတစ်ယောက်ကို အကူအညီတောင်းလိုက်သည်။ ပင်လယ်ပြင်ကြီးကို နောက်





ခံပြုလျက် သူတို့နှစ်ယောက်ကို ရိုက်စေသည်။ ရိုက်ခါနီးမှာ မမက သူ့ရဲ့လက်တစ်ဘက်ကို ဖျတ်ခနဲ လှမ်းဆွဲထားလိုက်သည်။ Digital Camera ကလေးကို ပြန်ကြည့်စဉ်တွင် သူ့လက်ကို ဆွဲကာ အားပါးတရ ပြုံးနေသော မမရဲ့ အမူအရာကလေးက အလွန် အသက်ဝင်လှပါသည်။

"မမက အရမ်းလှတာပဲဗျာ"

ဟု သူ ပြုံး၍ပြောလိုက်တော့ မမက ချစ်စဖွယ်ပြုံးနေပါသည်။ တကယ်တော့ မမဟာ အကင်းမပါးသူတစ်ယောက်တော့ မဖြစ်နိုင်ပါ။ မြတ်နိုးစရာကောင်းသော အရာတစ်ခုခုကို ကြည့်သလို ကြည့်တတ်သော သူ့မျက်ဝန်းများကို မမ မရိပ်မိဘဲ နေမည် မထင်ပါ။ ဒါဆို မမက သူ့ကိုကြည့်သော အကြည့်တွေကရော။ စွဲညို့သော၊ နွေးစိုသော၊ လဲ့ပြာသော မျက်ဝန်းရိပ်တွေဟာ သူ့ဆီက တစ်စုံတစ်ခုကို ငံ့လင့်တောင့်တနေသလိုပါ။ သူ့ဘက်က အလိုက်ကန်းဆိုး မသိလွန်းရာများ ကျနေပြီလား မသိ။

"ဒီဓာတ်ပုံကလေးကို ကျွန်တော် မြန်မာပြည်ပြန်ရင်



www.burmeseclassic.com

www.burmeseclassic.com



အမှတ်တရ ယူသွားလို့ရမလားဟင် . . . မမ”

“သိပ်ရတာပေါ့ . . . ဒါပေမယ့် ယူသွားပြီးတော့ မင်းက ဘာလုပ်ဖို့လဲ၊ မင်းရည်းစားကတွေ့ရင် အထင်လွဲမှာပေါ့”

“ပေါက်ပေါက်ရှာရှာ မမကလဲ၊ ကျွန်တော့်မှာ ရည်းစားဆိုလို့ ယောင်လို့ တ,စရာတောင် မရှိဘူး၊ အစစ်အမှန်လေး”

“အေးပါ . . . ကိုယ်ကလည်း တမင်တကာ အစ်လိုက်တာပါ၊ တစ်ချက်တည်းနဲ့ကို ပေါ်တော့တာပဲနော် . . . ဟာ ဟ၊ အခုမရှိလဲ နောက်တော့ ရှိလာမှာပေါ့ နှောင်တိုးရဲ့၊ MRCP ယူပြီး ပြန်လာတဲ့ ဆရာဝန်ခပ်ချောချောကလေးကို ဝိုင်းကြီးပတ်ပတ်တောင် ဝိုင်းနေဦးမယ်၊ နေပါဦး . . . မင်းက result ထွက်တာနဲ့ ပြန်တော့မှာလားဟင်”

“ကျွန်တော် visa ရှိသလောက် နေဦးမလားလို့ မမ၊ ကံကောင်းရင် graduation ပါ မီရင် တစ်ခါတည်း ယူ





သွားမယ်၊ နောက်တစ်ခါ ပြန်မလာရတော့ဘူးပေါ့”

“ကောင်းတယ် . . . good idea”

မမမျက်နှာက ပျော်ရွှင်သွားသလို လင်းချင်းကြည်မြသွားခဲ့ပါသည်။

“မမ . . . ဒီည Newcastle က ဂျပန်ဆိုင်ကလေးမှာ ဆုရှိသွားစားရအောင်၊ ကျွန်တော် မမကို ကျွေးချင်လို့ပါ”

“ကောင်းသားပဲ . . . သွားတာပေါ့”

“ကျွန်တော် ဓာတ်ပုံလေးကို ဘောင်လှလှလေးနဲ့ သွင်းထားပြီး ကျွန်တော့်ခေါင်းရင်းက စားပွဲပေါ်မှာ ထားမယ်ဆိုရင် မမ ဘာမှ မဖြစ်ပါဘူးနော် မမ”

သူ ခပ်တိုးတိုးမေးတော့ မမက သူ့ကို တစ်ချက်ကြည့်ကာ ခေါင်းညိတ်ပြလေသည်။ ဒီထက်ပိုပြီး သူ မတောင်းဆိုသင့်တော့ဘူး ထင်ပါရဲ့။

☺☺☺

www.burmeseclassic.com

www.burmeseclassic.com



မမအတွက် အမှတ်တရလက်ဆောင်တစ်ခုခု ဘာပေးရလျှင် ကောင်းမလဲဟု သူ စဉ်းစားကြည့်သောအခါ ခွေးပုစိကွေးကလေးတစ်ကောင်ကို ချက်ချင်း ပြေးမြင်လိုက်မိသည်။ ဒီမှာက လူတော်တော်များများသည် ခွေးမွေးကြတာ၊ ခွေးကလေးကို အရုပ်ကလေးတစ်ရုပ်လို သွားလေရာဆီ အိတ်ကလေးထဲထည့်ခေါ်သွားတတ်တာ၊ ဒါမှမဟုတ် ခွေးကို ကြိုးနှင့်ဆွဲပြီး dog walk လုပ်လေ့ရှိတာတွေကို ဖက်ရှင်တစ်ခုလို လုပ်တတ်ကြတာကို သူ သတိထားမိနေသောကြောင့် ဖြစ်သည်။ မမကို ခွေးသေးသေးကလေးတစ်ကောင်နှင့် မြင်ကြည့်လိုက်မိတော့ သူ ပြုံးမိ၏။ မမကို သူမရှိတဲ့အခါ သူ့ကိုယ်စား





အဖော်ကလေးတစ်ယောက်ယောက်ကို အမှတ်တရအဖြစ်ထားခဲ့ချင်သည်။ အဲဒီအဖော်ကလေးကို မြင်တိုင်း သူ့ကို မမ သတိတရရှိနေပစေပေါ့။ ပြီးတော့ . . . သူ ဖြစ်စေချင်သည်မှာ စိတ်ကူးယဉ်ဆန်သည်ပဲ ဆိုဆို မမ၏ အဖော်မဲ့ကာ တစ်ယောက်တည်းဖြစ်နေသော ဘဝ၏ အစိတ်အပိုင်းကလေး တစ်ခုအတွင်းမှာ အရာရာသည် သူနှင့်ပတ်သက်သော သူ့ရဲ့ အငွေ့အသက်တွေ ရှင်သန်နိုးကြားနေသော ကဏ္ဍလေးတွေ ရှိခဲ့စေချင်သည်မှာ သူ့ရဲ့အတ္တပဲဖြစ်သည်။ တစ်ယောက်ကို တစ်ယောက် ဖွင့်ဟဝန်ခံလိုက်ခြင်းဖြင့် ဘယ်လိုမှ မဖြစ်နိုင်သော အချစ်လမ်းကို ခင်းကျင်းလိုက်ခြင်းထက် ဖွင့်ပြောပြစရာမလိုဘဲ၊ မလိုလောက်အောင် အဓိပ္ပါယ်နက်ရှိုင်းသက်ဝင်သော အပြုအမူကလေးတွေ၊ သင်္ကေတ ကလေးတွေ၊ လုပ်ရပ်ကလေးတွေက တစ်ယောက်ကိုတစ်ယောက် မမိုက်မဲမိစေအောင် နားလည်ပေးနိုင်စွမ်းရှိသည်ဟု သူ မြင်ပါသည်။

မမကို ကြိုပြောပြမထားဘဲ Chihuahua အမျိုးအစား puppie ကလေးတစ်ကောင်ကို Online ကနေ ဝယ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါသည်။ ခွေးကလေးက ဥပတ်သားကလေးပဲရှိသေးကာ တကယ့်ကို ပိစိကွေး သေးသေးလေးဖြစ်သည်။ တစ်ပတ် အတွင်းမှာ ခွေးကလေးကို ပိုင်ရှင်က လာပို့ပေးသည်။ မျက်လုံး ပြူးပြူးဝိုင်းဝိုင်းကလေးတွေနှင့် ချစ်စဖွယ် အညိုနုရောင်ခွေး ပုစိကွေးကလေးကို စက္ကူဘူးကလေးထဲထည့်ကာ အဖုံးမပိတ်ဘဲ ခေါင်းကလေးပြူထွက်နေစေလျက် ဖဲကြိုးလှလှကလေး စည်းနှောင်ထားလိုက်ပြီး မမလက်ထဲသို့ လှမ်းထည့်ပေးလိုက်သောအခါ မမက အံ့သြလွန်းသဖြင့် အာမေဋိတ်အရှည်ကြီးကို ဆွဲငင်အော်လျက် ကလေးမကလေးတစ်ယောက်သဖွယ် ဆွေ့ဆွေ့ခုန်နေလေသည်။ မမမျက်နှာကလေး အားပါးတရ ပြုံးလျက် မျက်လုံးကလေးတွေ တောက်ပလက်ဖြာလျက်ရှိသည်ကို သူ တမေ့တမော ငေးကြည့်နေမိသည်ကို မမက သတိထားမိသလား၊ မထားမိဘူးလား မသိ။

"ကြည့်ပါဦးဟယ် . . . တကယ့်ကို ချစ်စရာကောင်းလိုက်တဲ့ super cute puppy ကလေးပဲဟယ်၊ ချစ်ဖို့ကောင်းလိုက်တာ၊ ဒီသေးသေးကွေးကွေး pet ကလေးကို ကိုယ်က သွားလေရာ အိတ်ထဲ ထည့်ခေါ်သွားရမှာလားဟယ်၊ နှောင်တိုးကတော့ စံပဲ၊ ကိုယ့်ကို အလုပ်ပေးပြီ၊ ဒီနိုင်ငံကခွေးမွေးရင့် အလုပ်က ခပ်ရှုပ်ရှုပ်ဟဲ့၊ ဥပဒေတွေက အများသား၊ ခွေးမွေးပြီး ကောင်းကောင်း မပြုစု မစောင့်ရှောက်ရင်၊ dog walk မှန်မှန်လုပ်မပေးရင် တရားစွဲခံရတာယ် သိလား၊ တကတည်း၊ ကိုယ်က နဂိုကမှ အလုပ်က ခပ်များများနဲ့တော့ မလွယ်ပါဘူး"

ဟု . . . ညည်းညည်းညူညူသာ ပြောနေသော်လည်း မျက်နှာပေါ်က အပြုံးက တစ်စက်မှ မလျော့။ ခွေးကလေးကို မမ သိပ်သဘောကျနေပြီဆိုသည်မှာ အထင်အရှားပင်။ လက်ဖဝါးနှစ်ဖက်နှင့် တစ်ပွေ့စာ ခွေးကလေးကို လက်ခုပ်ထဲမှာ ထည့်လျက် အရိပ်တကြည့်ကြည့် ရှိသည်။

"ကျွန်တော်က ကျွန်တော်ပြန်သွားတဲ့အခါ မမအတွက် ကျွန်တော့်ကိုယ်စား အမှတ်တရ ဖြစ်ကျန်ခဲ့စေမဲ့ သက်ရှိလက်ဆောင်တစ်ခုခု ပေးချင်လို့ပါ"






www.burmeseclassic.com

www.burmeseclassic.com



ဟု သူပြောလိုက်သောအခါ မမ၏ မျက်နှာပေါ်က အပြုံးသည် အဓိပ္ပါယ်တစ်မျိုးဖြင့် ပို၍တောက်ပသွားသလိုပင်။

"OK! ကိုယ်တို့ သူ့ကို ဘယ်လိုနာမည်ပေးရင် ကောင်းမလဲဟင်"

ဟု မမကမေးသည်။ သူ မစဉ်းစားတတ်ပါ။

"မမ ကြိုက်တာပေးပါ၊ သူက အထီးလေးဗျ . . ."

"ဟုတ်ပြီ . . . သူ့ကို နှောင်တိုးလို့ ခေါ်ရမယ်"

"ဟာဗျာ . . . မမကလဲ"

သူ အီလည်လည်ကြီး ဖြစ်သွားဟန်ကို ကြည့်ကာ မမက ဟက်ဟက်ပက်ပက် ရယ်မောလေသည်။ ပြီးမှ သက်ပြင်းကလေးတစ်ချက်ချကာ . . .

"အလကားနောက်တာပါဟယ်၊ ကိုယ် သူ့ကို TINY လို့ပဲ ခေါ်တော့မယ်၊ သေးလွန်းလို့လေ"

ခွေးကလေးရပြီးမှ မမတစ်ယောက် ပို၍ အလုပ်ရှုပ်လာရပါသည်။ ခွေးအစာ dog food တွေဝယ်ရ၊ ခွေးကလေး





အိပ်ဖို့ Dog Beds ဝယ်ရ၊ ခွေးကလေး ရေချိုးဖို့ dog shampoo၊ ခွေးအဝတ် စသဖြင့် အစုံအလင် တစ်ခါတည်းရနိုင်အောင် Pet Supply Store ဆိုင်သို့ သူနှင့်အတူသွားကာ ဝယ်ရလေသည်။

"ဪ . . . ဒီနိုင်ငံမှာ ခွေးတစ်ကောင်မွေးရတာ မလွယ်ပါလား မမရာ"

သူက ညည်းညည်းညူညူ ရယ်မောမိလေသည်။ မမကတော့ သူ့ကို မျက်စောင်းကလေးသာ ချိုလေသည်။ ဘာမှတော့ မပြော။ သို့သော် . . . သူပေးခဲ့သော ထိုလက်ဆောင်ကလေးကို မမ အလွန်တရာ အလေးအနက်ထားမြတ်နိုးထားမှန်းတော့ သိသာလှပါသည်။

☺☺☺

www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲအတွက် . စာကြည့်ဖို့မလိုတော့သည်မို့ သူ့စိတ်တွေ ပိုပြီး လွတ်လပ်ပေါ့ပါးလာသည်ကတော့ အမှန်ပင်။ ဘာ stress မှ မရှိတော့ပေမဲ့ စာမေးပွဲ results ကိုတော့ သူ နည်းနည်း စိတ်လှုပ်ရှားရင်ခုန်ပါသည်။ သူ့ကိုယ်သူတော့ ယုံကြည်စိတ်ချမှုအပြည့် ရှိနေသည်။ တကယ်ဆိုလျှင် သူ ပြန်ဖို့သာ ရှိတော့သော်လည်း result စောင့်ရန်၊ မီလျှင် graduation ပါ တစ်ခါတည်း တက်ရန်ဟူသော အကြောင်းပြချက်ဖြင့် သူ့စိတ်ကို သူ လှည့်စားထားခဲ့သည်။ မြန်မာပြည်ရှိ ဖေဖေနှင့် မေမေတို့ဆီ ဖုန်းဆက်တော့လည်း သူ အဲဒီအတိုင်းသာ ပြောထားခဲ့သည်။ ထိုအချိန်တွေမှာ သူ ဘာတွေလုပ်နေခဲ့တယ်





ထင်ပါသနည်း။ မမရဲ့ခြံထဲမှာ green house ကလေးတစ်လုံး မမကို ဝယ်ခိုင်းကာ အင်္ဂလန်မှာ ရှားပါးသော မြန်မာပြည်ရှိ အသီးအနှံတွေကို မမအတွက် ပျိုးပေးနေခဲ့ခြင်း ဖြစ်သည်။ ဘူးသီးပင်ကို ဝါးကပ်ကလေးတွေသဖွယ် သစ်သားချောင်းကလေးတွေ စီရိုက်ပြီး သူ စိုက်ပေးသည်။ ပြီးတော့ သခွားပင်၊ ငြုတ်ပင်၊ မြင်းခွါရွက်ပင်၊ Lamb ချက်လျှင် အလွန်အသုံးကျသော ပျဉ်းတော်သိမ်ပင် စသဖြင့် အစုံအလင်ပင်။ မမက သူစိုက်ပျိုးပေးသမျှ အသီးအနှံတွေအားလုံးကို ကုလားဆိုင်မှာ သွားဝယ်လျှင် လွယ်လွယ်ကလေးရနိုင်သော်လည်း ကိုယ်တိုင်စိုက်သော အပင်ကလေးကနေ အသီးကလေးတွေ သီးလာတာ၊ အရွက်ကလေးတွေ ခူးစားရတာကို ပို၍ သဘောကျ ရင်ခုန်ကြောင်း ပြောခဲ့သည်မို့ သူစိုက်ပေးခဲ့ခြင်း ဖြစ်ပါသည်။ ပန်းစိုက်ဖို့ကျတော့ မမရဲ့ဥယျာဉ်မှူးက ခြံထဲမှာ နှင်းဆီရောင်စုံ၊ tulip ရောင်စုံ၊ iris ၊ တခြား သူမသိသော ပန်းအမျိုးပေါင်းများစွာကို အလွန်လှပဝေဆာအောင် စိုက်ပျိုးပေးထားခဲ့သည်ကိုး။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအပင်တွေက ချက်ချင်းတော့ အသီးသီးလာဦးမှာ မဟုတ်ဘူး မမရဲ့၊ စိတ်ရှည်လက်ရှည်ကို စောင့်ရမှာ၊ ကျွန်တော်မရှိလည်း ရေမှန်မှန်လောင်းပေး၊ မြေဩဇာ ထည့်ပေးနော် မမ၊ ကျွန်တော်က e-mail နဲ့ မမကို အမြဲတမ်း သတိပေးနေမှာ၊ ဘူးသီးက ဟင်းခါးချက် သောက်ဖို့၊ မြင်းခွာရွက်က သုပ်စားဖို့၊ သင်္ဘောသီးက လည်း သုပ်စားလို့ရတယ်၊ ပြုပ်သီးကလေးတွေ ထည့်ပေါ့"

ဟု . . . သူပြောတော့ မမက . . . "အေးပါ အေးပါ" ဟု ခေါင်းတညိတ်ညိတ် ရှိလေသည်။ တကယ်တော့လည်း ဒါတွေဟာ မမရဲ့ library ကို မသုံးဖြစ်တော့ပေမယ့် မမက သော့ပြန်မတောင်းသေးသည်မို့ သူဘာသာသူ တစ်ယောက်တည်း မမအိမ်ကိုလာကာ စိုက်ပျိုးပေးနေခြင်းကို အကြောင်းပြလျက် မမနှင့် အဆက်အသွယ်ပြတ်မသွားရလေအောင် သူ ရှာကြံတီထွင်သော လမ်းကလေးတွေသာ ဖြစ်ပါသည်။ ညနေ သူပြန်ခါနီးလျှင် မမအတွက် salad တစ် bowl





နှင့် carrot juice တစ်ခွက်ကို ပြင်ဆင်သွားဖို့ သူ ဘယ်တော့မှ မမေ့လျော့။ ဘာကြောင့်များ မမရဲ့အိမ်ကို တစ်နေ့မလာရ မနေနိုင်သလဲ မသိပါ။ မမရဲ့အိမ်ကလေးဆီမှာ လာနေရင်း မမ မရှိပေမယ့် မမရဲ့ အငွေ့အသက်ကလေးတွေကို ခံစားရင်း မမအတွက် တစ်ခုခု လုပ်ပေးနေရခြင်းကို သူ ဘာကြောင့် မက်မောသာယာနေမိသလဲ ဆိုတာကို သူ အဖြေမရှာချင်ပါ။ သူ့စိတ်ကို အတတ်နိုင်ဆုံး မမဆီကနေ မျှော်လင့်တကြီး မရှိမိအောင်သာ ကြိုးစားရင်း ထိန်းချုပ်ရင်း၊ စောင့်စည်းရင်းဖြင့် မမ စိတ်ချမ်းသာပျော်ရွှင်စေမည့် အရာကလေးတွေကိုပဲ သူ ရွေးပြီး လုပ်ကိုင်ပေးချင်နေမိသည်။

တကယ်တမ်းမှာလည်း မမက တစ်ခုသော weekend တစ်ရက်မှာ ထိုမေးခွန်းကို စ၍မေးခဲ့ခြင်းဖြစ်သည်။

"နေပါဦး နှောင်တိုးရဲ့၊ မင်း ဘာဖြစ်လို့ ကိုယ့်အတွက် နေရာတကာ အလိုက်သိလွန်းနေရတာလဲ ဆိုတာကို ကိုယ် သိချင်လိုက်တာ . . . ပြောပြစမ်းပါ"

တဲ့ . . .။ သူ ရိုးရိုးကလေးဖြေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မမကို စိတ်ချမ်းသာစေချင်လို့ပေါ့"

"ဘာဖြစ်လို့ စိတ်ချမ်းသာစေချင်ရတာလဲ"

မမ၏မေးခွန်းတွေက ဘယ်အထိရောက်အောင် ဦးတည်မလို့ပါလိမ့်။ သူ့ အနည်းငယ် ရှက်ကိုးရှက်ကန်းနိုင်သော အပြုံးမျိုးဖြင့် . . .

"မမ စိတ်ချမ်းသာနေတာမြင်ရရင် ကျွန်တော်လည်း ပျော်လို့ပေါ့ဗျာ၊ မမက ကျွန်တော့်ရဲ့ ကျေးဇူးရှင်လို့လည်း ပြောလို့ရတယ်၊ လမ်းပြကြယ်လို့လည်း ပြောလို့ရတယ်၊ ကျွန်တော့်ကို အားအင်တွေလည်း ပေးခဲ့တယ်၊ အပျော်တွေလည်း မျှဝေပေးခဲ့တယ်၊ အဲဒါတွေအတွက် ကျွန်တော် မမကို အရမ်း ကျေးဇူးတင်တယ်လေ၊ ဒါပေမဲ့ ကျွန်တော်က ဒီနိုင်ငံမှာဧည့်သည်ပဲ၊ တစ်နေ့ အိမ်ကိုပြန်ရမှာ၊ ကျွန်တော်ပြန်သွားပြီးတဲ့အခါ မမနဲ့ အဆက်အသွယ် လုံးဝ ပြတ်တောက်သွားမှာကို ကျွန်တော် အစိုးရိမ်ဆုံးပဲ၊ မမနဲ့ ကျွန်တော့်အကြားမှာ အမြဲတမ်း နွေးထွေးတဲ့ အဆက်အသွယ်တစ်ခု အမြဲ ရှိနေစေချင်တယ်လေ၊





အဲဒါတွေကြောင့်ပါ"

မမ၏ အပြုံးက တစ်မျိုးကလေးပဲဟု သူ ခံစားရ၏။

"စိတ်ချပါနှောင်တိုးရယ်၊ မင်းနဲ့ကိုယ် ဘယ်တော့မှ အဆက်အသွယ် မပြတ်စေရဘူး၊ အမြဲတမ်း ပတ်သက်နေရမှာပါ၊ တစ်နေ့တော့ ကိုယ်တို့ ပွင့်လင်းကြတာပေါ့"

တဲ့။ မမရဲ့စကားကို သူ ရုတ်တရက် အဓိပ္ပါယ်ကို နားမလည်လိုက်ချေ။ 'ပွင့်လင်းကြတာပေါ့' ဟူသော စကားရဲ့ အဓိပ္ပါယ်က ကျယ်ဝန်းနက်ရှိုင်းလွန်းလှသလောက် လျှို့ဝှက်ချက်တွေလည်း ပျော်ဝင်နေဟန်လိုပင်။ မမ ဘာကိုဆိုလိုတာလဲ။ သူ မေးလိုက်ချင်သည်။ မေးလိုက်လျှင် ဘာတွေဖြစ်လာနိုင်မည်နည်း။ တစ်ချိန်ချိန်မှာ မဖြတ်လို့မဖြစ်သည့် ဖြတ်တောက်၍ မရနိုင်သော သံယောဇဉ်တွေ အထပ်ထပ် ငြိတွယ်နှောင်ဖွဲ့လိုက်မိသွားမှာကို သူ စိုးလည်းစိုးရိမ်ကာ လိုလည်း လိုလားနေသည်။ မမကို သူ တကယ် သိပ်ချစ်နေမိပြီလား မသိချေ။ မမကရော ?။ နှစ်ယောက်စလုံးအတွက် ဖြေဆေးမရှိနိုင်သော



www.burmeseclassic.com

www.burmeseclassic.com



ထိုအဆိပ်ခွက်ကို သူတို့နှစ်ယောက် တကယ်ပဲ မိုက်မဲစွာ မော့ချမိကြတော့မှာလား။ သူ မသိပါ။ မနက်ဖြန်ဆိုတာတောင် သူ့အတွက် သေချာလှသည် မဟုတ်ချေ။ သူက မမ ကြိုးကိုင်ဆွဲလှုပ်လိုက်မည့် အရုပ်ကလေး ဖြစ်ချင်နေသည်။ မမ တောင်းဆိုလျှင် သူ လိုက်လျောမည်။ မမက နှောင်ဖွဲ့လိုလျှင် သူက ငြိတွယ်ပေးလိုက်ဖို့ အဆင်သင့်။ မမကို စိတ်ချမ်းသာစေချင်တာကလွဲပြီး သူ့ဆန္ဒ၊ သူ့အတွက်ကို သူ ဘယ်တော့မှ ရှေ့တန်းတင်ဖြစ်မည် မဟုတ်တာကတော့ သိပ်ကို သေချာလှလေသည်။

☺☺☺



သူ့ရဲ့ ကံကောင်းမှုကို သူကိုယ်တိုင် စတင်ပြီး သိခဲ့ခြင်းမဟုတ်ဘဲ မမ၏ ပဟေဠိကလေးဖြင့် အံ့ဩစေခဲ့တာ ဖြစ်သည်။ များသောအားဖြင့် စနေ၊ တနင်္ဂနွေလိုနေ့မျိုးဆိုလျှင် မမက သူ့ကို အဆောင်သို့ ကိုယ်တိုင် လာခေါ်လေ့ရှိတတ်သည်မို့ စနေ၊ တနင်္ဂနွေနေ့များမှာ သူက မမအိမ်သို့ bus ကားဖြင့် မသွားပါ။ ထို စနေနေ့မှာလည်း မမအလာကို သူ မသိမသာ စောင့်မျှော်နေခဲ့မိသည်။ မမဆီက ဖုန်းလည်းမလာ၊ လူလည်း ပေါ်မလာသောအခါ သူ နေလို့ထိုင်လို့ မရတော့။ မမရဲ့ mobile ဆီ ဖုန်းခေါ်ကြည့်တော့လည်း မမက မကိုင်။ တစ်ခုခုတော့ တစ်ခုခုပဲ . . . ဟု သူ့စိတ်ထဲ ထင့်လာသည်။ နေဦး မမများ သူ့ကို စိတ်ခုနေသလား။ သောကြာနေ့ညနေက သူ



www.burmeseclassic.com

www.burmeseclassic.com



ဘာများ စကားမှားခဲ့မိသလဲ ဟု သူ ပြန်စဉ်းစားကြည့်သည်။ ဟင့်အင်း . . . ဘာမှ မမှားပါ။ အဲ တစ်ခုတော့ ရှိသည်။ ထိုနေ့ညနေက "တစ်နေ့တော့ ကိုယ်တို့ ပွင့်လင်းကြတာပေါ့" ဟူသော စကားကို မမ ပြောခဲ့ခြင်းဖြစ်သည်။ သူက မမကို ဘာမှ ထပ်မမေးမိလို့များ မမ စိတ်ဆိုးသွားခဲ့တာလား။ တကယ်ဆို မမကို သူ မေးရမည်။ ဘယ်လို ပွင့်လင်းမှာလဲ မမရယ် ဆိုတာမျိုးပေါ့။ ထိုမေးခွန်းကို မေးဖို့ သူ့စိတ်တွေ ထိန်းမရအောင် လှုပ်ရှားလွန်းမိသွားသောကြောင့် တမင်သက်သက် မမေးခဲ့ခြင်းဖြစ်ပါသည်။ မမဘက်က တစ်ခုခုဖြေလိုက်လျှင် သူတို့နှစ်ယောက်ကြားက ဆက်ဆံရေး ပုံစံသည် ရုတ်ချည်းပင် ပြောင်းလဲသွားတော့မှာ ဖြစ်သည်။ ထိုပြောင်းလဲခြင်းသည် သူ့ကို အမှားတစ်ခု ကျူးလွန်စေမိလိမ့်မည်။ မမကို သူ အရူးအမူး သိပ်ချစ်မိသွားလျှင် သူ ဘယ်လိုလုပ်ပြီး အိမ်ကို ပြန်မလဲ။ မမကို ဘယ်လိုလုပ်ပြီး ဒီမှာ ထားရစ်ခဲ့နိုင်မလဲ။ အဲဒီ အခါကျလျှင် ပဋိပက္ခတွေ၊ လွန်ဆွဲပွဲတွေ ရှိလာတော့မည်။ သူက မမနှင့် ဘာမှ အတိုက်အခံ မဖြစ်ချင်တာပါ။ သူ့ကြောင့်





မမကို စိတ်မဆင်းရဲစေချင်တာပါ။ သူ မျက်လုံးစုံမှိတ်ပြီး ရှေ့တိုးပစ်လိုက်ရမလား။ သက်ပြင်းတစ်ရှိုက်နှင့် သူ နေမထိထိုင်မသာ ဖြစ်နေစဉ် အောက်ထပ်မှ လူခေါ်ဘဲလ်သံကို ကြားလိုက်ရခြင်း ဖြစ်သည်။ မမလားဟု ထိတ်ခနဲဖြစ်ကာ ပြတင်းပေါက်ကနေ လှမ်းကြည့်မိတော့ မမကားကို မတွေ့ရပါ။ ဒါဆိုရင် မမ မဟုတ် . . . ဘယ်သူများပါလိမ့်ဟု သူ အောက်ဆင်းသွားကာ တံခါးဖွင့်လိုက်တော့ Delivery လာပို့သော ကားတစ်စင်းနှင့် လူတစ်ယောက်ဖြစ်သည်။ Mr. Toe အတွက်ဟု ပြောကာ ရောမ အထုပ်တစ်ထုပ်ကို လှမ်းပေးပြီး လက်မှတ်ထိုးခိုင်းသည်။ သူ နားမလည်ဘဲ အူကြောင်ကြောင်နှင့် လက်မှတ်ထိုးယူလိုက်ကာ အခန်းထဲရောက်မှ အထုပ်ကြီးကို ဖြေကြည့်လိုက်သည်။ Ralph Lauren Polo ရှပ် ကော်ဖီဖျော့ရောင်တစ်ထည်၊ ဂျင်းပဲန် နက်ပြာရင့်တစ်ထည်နှင့်အတူ Congratulation ကဒ် လှလှကလေး တစ်ကဒ်။ သူ့မျက်ခုံးတွေ ပင့်သွားကာ မမ သူ့ကို ဘာအတွက် Congratulation လုပ်မှန်း ရုတ်တရက် စဉ်းစား၍ မရ။ ပြီးမှ သူ ဖျတ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



သတိရသွားကာ ရင်ထဲ ထိတ်ခနဲဖြစ်သွားရသည်။ သူ့ရဲ့ results တွေများ ထွက် နေပြီလား။ သူ မမရဲ့အိမ်ကို ဖုန်းခေါ်လိုက်သည်။ mobile ကို ခေါ်လျှင် မထူးမှာ သေချာသောကြောင့်ဖြစ်၏။ အိမ်ဖုန်းကျ တော့လည်း answering machine ထဲမှ မမ၏နှုတ်ခွန်းဆက်သံ နှင့်အတူ message ချန်ထားခဲ့ဖို့ပြောသော စကားသံကိုသာ ကြားရ၏။ မမ လာမကိုင်။ သူ message ပဲ ချန်ထားလိုက်ရ သည်။

"မမ ... ကျွန်တော့် result မမ သိရပြီလားဟင်၊ ကျွန်တော် သိချင်တယ်၊ ခုချက်ချင်း မမဆီ ကျွန်တော် လာခဲ့မယ်"

ဟု ပြောပြီး သူ မနေနိုင်တော့စွာဖြင့် ဂျက်ကင် တစ်ထည်ကောက်စွပ်ကာ bus ကားဖြင့် မမအိမ်သို့ ထွက်လာခဲ့သည်။ MRCP အောင်စာရင်း results တွေကို Internet ကနေ ကြည့်လို့ရသည်မို့ မမ ရှာဖွေကြည့်ပြီးလောက်ပြီ။ သောကြာနေ့က သူ မေ့ပြီး မစစ်ကြည့်မိခဲ့။

မမ၏အိမ်ကိုရောက်တော့ တံခါးက သော့ဖွင့်





ရာမလိုဘဲ အလိုလိုပွင့်သွား၏။ ဧည့်ခန်းဆီမှ jazz တေးသွား တီးလုံးသံသဲ့သဲ့ကလေးကို ကြားနေရသည်။ တစ်အိမ်လုံး နှင်းဆီရနံ့တွေ မွှေးပျံ့ထုံအီနေသဖြင့် သူ့စိတ်တွေ ပိုလို့တောင် လှုပ်ရှားရီဝေသွားလေသည်။ နှင်းဆီရနံ့တွေ မွှေးပေမပေါ့။ မမရဲ့ ဧည့်ခန်းတစ်ခန်းလုံးမှာ နှင်းဆီအဖြူတွေချည်း ပန်းအိုးတွေနှင့် ဖြူလွှနေအောင် ထိုးထားခဲ့သည်။

"မမရေ ... မမရှိလား ... မမ ဘယ်မှာလဲဗျ"

သူ့အသံက စိတ်လှုပ်ရှားနေသည်မို့ အလွင့်လွင့် အစင်စင်။ မမရဲ့အသံကို မကြားရချေ။ မမ မေ့ပြီး အိမ်တံခါး မပိတ်မိသွားတာများလား။ အိမ်ရှေ့မှာ မမရဲ့ BMW ကလေးကို သူ မတွေ့ခဲ့။ ကားဂိုဒေါင်ထဲမှာ ရှိချင်ရှိမှာပေါ့။ သေချာတာကတော့ မမ သူ့ကို ပုန်းနေပြီဆိုတာပဲ ဖြစ်သည်။ သူ မမကို အရင်လိုက်ရှာရမလား။ ဒါမှမဟုတ် result အရင် ပြေးကြည့်ရမလား ဝေခွဲမရနိုင်။ result ကြည့်ချင်စိတ်က ထိန်းမနိုင် သိမ်းမရ။ ထို့ကြောင့် စာကြည့်ခန်းထဲသို့ တန်းဝင်လာခဲ့သည်။ အိုး ... စာကြည့်ခန်းထဲမှာလည်း နှင်းဆီဖြူတွေ ဝေလို့ပါ



www.burmeseclassic.com

www.burmeseclassic.com



လား။ ကွန်ပျူတာ Lap top ကလေးက ပွင့်လျက်သား။ မေ

တာ screen ကလေးမှာ ပေါ်နေသည်က MRCP results တွေ

သူနာမည်ကို အလွယ်တကူပင် တန်းပြီး ရှာတွေ့လိုက်ချိန်

သူ ဟေးခနဲ ထအော်လိုက်မိသည်။

"မမရေ . . . ကျွန်တော်အောင်တယ်ဗျ၊ မမ ဘယ်

လဲ၊ ထွက်ခဲ့တော့ . . . ပုန်းမနေနဲ့တော့"

သူ့ရှေ့တည့်တည့်မှ မမ ဘွားခနဲ ထွက်လာ

လက်ထဲမှာ sony camcorder ကလေးကိုင်လျက်သား။ ဘ

အချိန်ကတည်းက သူ့ကိုခိုးပြီး စောင့်ရိုက်နေခဲ့သလဲ မသိ

ထိုခဏတွင် သူ့ရဲ့ ထိန်းချုပ်စောင့်စည်းနိုင်စွမ်းအားတွေ ပြ

ခနဲ လွင့်စင်သွားခဲ့သည်။ သူ စိတ်လွတ်လက်လွတ်ဖြင့် မမ

ကိုယ်ခန္ဓာကလေးကို စွေ့ခနဲ ကောက်ယူပွေ့ချီကာ မြှောက်

လိုက်မိသည်။ ထင်မှတ်မထားသည်မို့ မမက အလန့်တကြ

ဖြင့် တအားအော်ကာ သူ့ကို ထုနှက်တော့သည်။ သူ တဟ

ဟား အော်ရယ်ရင်း မမကို လေထဲမှာ မွှေ့ယမ်းပစ်လိုက်ပြီး

ပြန်ချပေးလိုက်သည်။





"ကြည့်စမ်း . . . ဆိုးလိုက်တဲ့ ကောင်လေး၊ လူကြီးကို

အဲဒီလို မွှေ့ယမ်းပစ်ရသလားဟဲ့၊ မတော်တဆ ပြုတ်ကျ

သွားမှဖြင့်ဟယ်၊ မင်း တော်တော်ကြမ်းပါလား"

ဟု မမက တကယ်စိတ်မဆိုးသော်လည်း စိတ်

ဟန်ဆောင်လျက် မျက်စောင်းတချီချီဖြင့် အော်လေသည်။

ရင်ထဲမှာ စာမေးပွဲအောင်လို့ ပျော်တဲ့ အပျော်ရော၊ မမကို

ညှိရွယ်ထားခြင်းမရှိဘဲ စိတ်လွတ်လက်လွတ် ချီမြှောက်မွှေ့

ယမ်းပစ်လိုက်မိသဖြင့် ရင်ခုန်စိတ်လှုပ်ရှားမိတာရော ပေါင်း

ဝုန်းဒိုင်းကြဲ ပြောင်းဆန်လျက်ရှိသည်။ ထိုခဏမှာ မမကို

တင်းတင်း သိုင်းဖက်လိုက်ချင်စိတ်နှင့် အတူ "မမကို

ကျွန်တော် ချစ်နေတယ် မမရယ်၊ ဘယ်လို ချစ်မိမှန်းကို

မသိဘူး" ဟု ကတိမ်းကမူး သွေးရူးသွေးတန်း ပြောလိုက်ချင်

စိတ်တို့ဖြင့် ရင်ထဲမှာ လှိုင်းထန်လှုပ်ရှားလာသည်။ မမ၏

ကိုယ်ခန္ဓာကလေးကို မျက်တောင်မခတ်မိဘဲ တမေ့တမော

ကြည့်နေလိုက်မိပါသည်။ သူ့မျက်ဝန်းအကြည့်တို့ကို မမက

ရိပ်ချင်းရိပ်မိသွားခဲ့ပုံပေါ်သည်။ အော်ဟစ်နေသော မမသည်



www.burmeseclassic.com

www.burmeseclassic.com



ပြန်းခနဲ ငြိမ်သက်သွားပြီသည်။ သူ့ကို အကြည့်လွှဲပစ်လို
သော်လည်း မမလက်ထဲမှ camcorder ကလေးကိုတော့ သူ
ချိန်ရွယ်လျက်သားပင်။ မမ ရိပ်မိသွားမှာပါ။ သေချာပါတ
မမ သူ့ကို ဘယ်လို တုံ့ပြန်မလဲ။ သူ တွေးနေစဉ်မှာ မ
အခန်းထဲမှ ငြိမ်ငြိမ်သက်သက်ကလေး ထွက်သွားပါသည်။
မမ့နောက်သို့ ပြေးလိုက်သွားရမလား။ သူ့အချစ်ကို ဖွင့်ဟ
လိုက်ရုံနှင့် အခြေအနေတွေအားလုံး တစ်မျိုးတစ်ဖုံ ပြောင်
သွားတော့မှာလေ။ သူ ဖွင့်ပြောသင့်ရဲ့လား။ ကျေးဇူးရှ
အရိပ်နေနေ၊ အခက်ချိုးချိုးများ စော်ကားမိရာ ကျနေမလ
ဟင့်အင်း . . . မမရဲ့ မျက်ဝန်းတွေကလည်း ဝလာသက်
ရိုးရိုးစင်းစင်းမှ မဟုတ်တာ။ ငြိတွယ်မှုတွေ၊ သံယောဇဉ်
နှောင်ဖွဲ့မှုတွေနဲ့ အရောင်အမျိုးမျိုး စွန်းထင်းလို့ပါ။ မမ
ကလည်း စည်းတွေ အထပ်ထပ်ချပြီး စောင့်စည်းနေခဲ့
ဒီဇာတ်လမ်းက ဘယ်လိုမှ မဖြစ်နိုင်ဘူးလေ။ အသိဉာဏ်
သားသူတွေအဖို့ကတော့ အချစ်ကလေး တစ်ခုတည်းအ
မိုက်ရူးရဲမဆန်ချင်တော့ဘူး ထင်ပါရဲ့။ လောကမှာ အချစ်





ပုံပြီး ကြီးမြတ်နက်ရှိုင်းတဲ့၊ အဓိပ္ပါယ်ရှိလေးနက်တဲ့ အရာတစ်ခု
ရှိနေပါသေးတယ်။ အဲဒါကို သူရော မမပါ သိထားခဲ့ကြပါ
သည်။

မမနောက် လိုက်မသွားတော့ဘဲ အခန်းထဲမှာ သာ သူ့ရဲ့ မုန်တိုင်းထန်နေသော စိတ်ကို ငြိမ်ဝပ်တည်ကြည်သွားအောင် အချိန်ယူပြီး ကြိုးစားနေလိုက်ပြီးမှ မမရှိရာဆီသို့ လိုက်လာခဲ့သည်။ မမက ခြံထဲမှာ ရောက်နေပြီ။ သူ့ကိုမြင်တော့ လှမ်းပြုံးပြနေသော မမ၏အပြုံးကလည်း တည်တည်ငြိမ်ငြိမ် ဖြစ်လို့။

"လာ လာ . . . ညကျရင် မင်းရဲ့အောင်မြင်မှုအတွက် celebrate လုပ်မလို့၊ The Gate မှာ ညစာ သွားစားရအောင်၊ Frankie & Benny's ဆိုင်လေးကို ကိုယ်ရွေးထားတယ်၊ အီတာလျံဆိုင်ပဲ၊ မင်းကြိုက်ရဲ့လား၊ အဲဒီကျမှ အေးအေးဆေးဆေး စကားပြောကြတာပေါ့၊ ဒီပုံအတိုင်းဆို မင်း မပြန်ခင် graduation ပါ တစ်ခါတည်း တက်သွားလို့ရတယ် သိလား၊ Edinburgh မှာ



www.burmeseclassic.com

www.burmeseclassic.com



ယူလို့ရတယ်၊ ကိုယ်ရှာကြည့်ပြီးပြီ၊ မင်း မပြန်ခင်နှစ်ရက်ပဲ၊ ယူပြီးတာနဲ့ မင်း LONDON ကို တစ်ခါတည်းဆင်းပြီး နောက်တစ်ရက် လေယာဉ်စီးရုံပဲ"

ကြည့်စမ်း . . . မမက သိပ်ကို တိကျသေချာလှပါလား။ အစစအရာရာမှာ မမ စည်းစနစ်ကျလွန်းလှတာကို သူ ကောင်းကောင်းသိခဲ့ပြီးသားဖြစ်သည်။

"ကျွန်တော်က LONDON မှာ ဖြေတာဆိုတော့ LONDON မှာပဲ ယူရမှာမဟုတ်ဘူးလား မမရဲ့"

"မလိုဘူး၊ graduation က မင်းကြိုက်တဲ့နေရာကိုရွေးပြီး တင်လို့ရတယ်၊ LONDON မှာ ယူရင် မင်း မမီဘူး၊ မင်း ပြန်ပြီး တစ်လအကြာမှ LONDON က ပေးမှာ၊ Edinburgh ပဲ တင်လိုက်ပါ၊ မင်း ဘွဲ့ယူရင် ကိုယ်လိုက်ခဲ့ပေးမယ်၊ ရထားနဲ့ပဲ သွားကြတာပေါ့၊ ဘွဲ့ယူပြီးတာနဲ့ LONDON ကို ဆင်းမယ်လေ၊ နောက်တစ်နေ့ လေဆိပ်ဆင်းရုံပဲ၊ မကောင်းဘူးလား"

မမရယ် ဟု သူ တိုးတိုးကလေး ညည်းလိုက်ချင်





ပါသည်။ သူ့အပေါ်မှာ မမ အဲဒီလောက် စနစ်တကျ စီစဉ်ပေးနိုင်လွန်းတာကိုသူ တကယ် အံ့ဩမှင်တက်မိရပါသည်။ မမ ဘာကြောင့် သူ့အပေါ် ဒီလောက်ကောင်းနိုင်ရတာလဲ။

"ညကျရင် ခြောက်နာရီခွဲလောက် မင်းကို ကိုယ် လာခေါ်မယ်၊ Ralph Lauren ပိုလိုရှပ်နဲ့ ဂျင်းဘောင်းဘီဝတ်ခဲ့နော်၊ မင်းကို ကိုယ် ဆုချစရာတစ်ခုရှိသေးတယ်၊ ညကျမှ မင်း အခု အိမ်ပြန်ချင် ပြန်လိုက်တော့နော်၊ ကိုယ် လိုက်မပို့တော့ဘူး သိလား"

သူ နည်းနည်းတော့ အံ့ဩသွားပါသည်။ မမက သူ့ကို ယဉ်ယဉ်ကျေးကျေးကလေး နှင်ထုတ်နေခြင်းကို သူ ရိပ်မိလိုက်သောကြောင့်ဖြစ်သည်။ သူ့ကို မမ ဘယ်တုန်းကမှ မနှင်ခဲ့ဘူးပါ။ ပြီးတော့ များသောအားဖြင့် အခုလို weekend ရက်တွေဆိုလျှင် မမနှင့်သူ အချိန်ပြည့် အတူရှိနေတတ်ကြသည်ပဲ။ ဒီနေ့ ပြန်နှင်လိုက်တော့ သူ့ရင်ထဲ ကြေကွဲသလိုဖြစ်သွားလေသည်။ မမ သူ့ကို မရှိစေချင်ဘူးလား။ ဒါမှမဟုတ် ခုဟာက သူ မမကို မပြောမဆိုဘဲ ပွေ့ချီမြှောက်မွှေ့ယမ်းပစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်မိတာကိုများ စိတ်ဆိုးသွားလို့များလား။ ဒါမှမဟုတ် မမဟာ သူ့လိုပဲ စိတ်လှုပ်ရှားလွန်းနေတာမို့ နှစ်ယောက်အတူ ရှိမနေစေချင်တာများလား။ နှစ်ယောက်အတူရှိနေခြင်းဖြင့် အချိန်မရွေး အခြေအနေတစ်ခုဆီ ပြောင်းလဲသွားနိုင်တယ်လေ။ သူကရော ဘယ်လောက် အတိုင်းအတာအထိ မြိုသိပ်စောင့်စည်းနိုင်စွမ်းရှိမှာမို့လဲ။ သူလည်း သိပြီးသားပါ။ သူ့အတွက် အကောင်းဆုံးမှာ မမနှင့် အဝေးဆုံးဆီသွားဖို့ပဲဆိုတာ။ မမနှင့် နီးကပ်နေသ၍ သူ မှားမိတော့မှာ။ ချုပ်ထိန်းနိုင်စွမ်းတွေ ကင်းမဲ့သွားတော့မှာ။

"OK မမ . . . ဆီးယူ"

သူ မမကို နှုတ်ဆက်ပြီး ချက်ချင်းပြန်လာခဲ့မိချိန်မှာ ရင်ထဲ ဆို့နစ်နေသလို ကြေကွဲနာကျင်သလိုလိုကြီး ခံစားနေရသည်။ မမရင်ထဲမှာရော ဘယ်လိုများ ရှိနေမလဲ။ သူ သိချင်လိုက်တာ။

☺☺☺



# အခန်း . . . ၅

## The Gate, Newcastle: ၇း၀၀ နာရီ

The Gate သည် ထုံးစံအတိုင်း အောက်ထပ်မှာ Night Club များ၊ Pub များ ရှိနေသဖြင့် သီချင်းသံများ၊ လူများဖြင့် ဆူညံစည်ကားလွန်းလှသည်။ မြင်မြင်သမျှ ကောင်မလေးတွေကလည်း စကပ်အတို၊ ဘောင်းဘီအတို၊ ကြိုးတစ်ချောင်း၊ ရင်စည်းသာသာ အင်္ကျီကလေးတွေ၊ ဂါဝန်တိုကလေးတွေနှင့် ကဲချင်တိုင်း ကဲနေကြသည်။ ဒီလိုညမျိုးဆို သူတို့ မူးချင်တိုင်း မူးပြီး ရူးချင်တိုင်း ရူးကာ တွေ့ကရာလူနှင့် တွဲချင်တိုင်း တွဲကြမှာပေါ့။ အဲဒါတွေကြောင့်လည်း သူ ဘိုမတွေကို ပိုး၀



www.burmeseclassic.com

www.burmeseclassic.com



အထင်မကြီးနိုင်တာ၊ မကြိုက်နိုင်တာ ဖြစ်သည်။ သူတို့တွေအတွက် အချစ်ဆိုသည်မှာ လုံးဝ အလေးအနက်မရှိပါ။ တဒင်္ဂ အလိုစိတ်သာယာမှုနောက်သာ ယစ်ယစ်မူးမူးလိုက်လေ့ရှိသူတွေ များပါသည်။ မမက အနက်ရောင်ပေါ်မှာ မိုးပြာရောင်လွင်လွင် အပွင့်အချပ်ကလေးများပါသော ဂါဝန်ကလေးကို ဝတ်ထားကာ မိုးပြာရောင် ဒေါက်ဖိနပ် ခပ်မြင့်မြင့်ကလေးစီးထားသောကြောင့် ကြော့ရှင်းလှပစွဲမက်ဖွယ် ကောင်းနေပါသည်။ သူကတော့ မမပို့ပေးခဲ့သော Ralph Lauren Polo ရှပ်လက်တိုကလေးနှင့် ဂျင်းပဲန်နှင့်။

"မင်းကို ဘိုမတွေက လှည့်လှည့်ကြည့်သွားကြတာမှ သမင်လည်ပြန်ပဲ သိလား၊ ကိုယ့်ကိုတော့ တော်တော်မနာလိုဖြစ်နေတော့မှာ"

မမက ပြုံး၍ပြောသည်။

"ဘိုမတွေနဲ့တော့ မတွဲချင်ပါဘူးဗျာ၊ အရုပ်ကလေးတွေလိုတော့ လှပါရဲ့၊ မြန်မာစိတ်နဲ့ကျတော့ လုံးဝ မကြိုက်နိုင်ဘူးဗျ၊ သူတို့မှာ သစ္စာဆိုတာမှ မရှိတာ၊ တွေ့တဲ့လူနဲ့





တွဲချင်တွဲ လိုက်တာပဲ၊ အဲဒါကို causal လို့ ခေါ်လိုက်သေးတယ်"

"ဟုတ်တယ် . . . သူတို့က တစ်ယောက်ကိုတစ်ယောက် ချည်နှောင်တာ မကြိုက်ဘူး၊ အချည်အနှောင်လည်း မခံဘူး၊ ဒါကြောင့် လက်မထပ်ဘဲ partner အဖြစ်ပဲ နေကြတာပေါ့၊ ဘယ်လိုလုပ်ပြီး ဘဝကအဓိပ္ပါယ်လေးနက်ပါ့မလဲ ကွယ်နော်၊ ကိုယ်လည်း ဒါကြောင့် partner ဆိုတာကို စိတ်ကို မဝင်စားတာ၊ ကိုယ်ရဲ့စိတ်ကိုက ဗိုလ်မဆန်တာလား မပြောတတ်ဘူး"

"အဲဒီအတွက် မမကို လေးစားပါတယ်"

"ကဲ . . . လေးစားမနေနဲ့၊ မှာ မှာ . . . ဘာမှာမလဲ"

"ကျွန်တော် မမှာတတ်ဘူးလေ၊ မမ မှာပေး"

"မင်းဟာလေ . . . MRCP တောင် ရနေပြီ ကလေးလိုပဲ"

မမက သူ့အတွက် salmon ငါးပါသော dish



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုး မှာပေးကာ မမကတော့ ပုစွန်နှင့် salad တွေ မှာပါသည်။ ပြီးတော့ ဝိုင်တစ်ပုလင်း။ စားရင်းသောက်ရင်း မမက သူ့ကို တစ်ချက်တစ်ချက်မှာ လှမ်း၍ ငေးကြည့်ကာ . . .

"ဘာလိုလိုနဲ့ မင်းတောင် ပြန်ရတော့မယ်နော်၊ တစ်လတောင် မလိုတော့ဘူး၊ ကိုယ် မင်းကို ပြောသင့်ရဲ့လား၊ မပြောသင့်ဘူးလားဆိုတာ စဉ်းစားနေခဲ့တာ ကြာပြီ နှောင်တိုး၊ ဒီနေ့တစ်နေ့လုံးလည်း ကိုယ် အဲဒါကိုပဲ ထပ်တလဲလဲ စဉ်းစားချင့်ချိန်နေမိတာ၊ ကိုယ် အားလုံးကို လေးလေးနက်နက်နဲ့ သေသေချာချာကို စဉ်းစားထားခဲ့တာပါ နှောင်တိုး၊ ကိုယ် မင်းကို ပွင့်ပွင့်လင်းလင်းပဲ ဆွေးနွေးချင်တယ်၊ ဘယ်လိုလဲဟင်၊ မင်းရော ပွင့်လင်းနိုင်ပါ့မလား"

မမစကားကြောင့် သူ စားလက်စနှင့် ခက်ရင်းကို ခဏချထားလိုက်မိကာ မမရဲ့မျက်နှာဆီ စူးစူးစိုက်စိုက် လှမ်းကြည့်မိသည်။ သူ့ရင်ထဲရှိ ငြိမ်သက်တည်ငြိမ်စပြုနေသော နှလုံးသားသည် ချက်ချင်းပင် အဆမတန် ပြန်၍ ဝုန်း





ဒိုင်းကြဲ ခုန်ပေါက်လှုပ်ရှားလာခဲ့ပြန်သည်။ "တစ်နေ့တော့ ကိုယ်တို့ ပွင့်လင်းကြတာပေါ့" ဆိုခဲ့သော မမ၏စကားကို သူ ဖျတ်ခနဲ ပြန်ကြားယောင်လိုက်မိသောကြောင့် ဖြစ်သည်။

"ကျွန်တော်က မမ ပွင့်လင်းရင် ဘာဖြစ်လို့ မပွင့်လင်းနိုင်ရမှာလဲ မမရယ်၊ မမ တစ်ခုတော့ ကြိုသိထားပါ၊ မမ ဖြစ်စေချင်တာမှန်သမျှ၊ မမ တောင်းဆိုတာ မှန်သမျှ၊ မမ စိတ်ချမ်းသာဖို့ဆိုရင် ကျွန်တော့်ဘက်က လိုက်လျောပေးဖို့ အမြဲ အဆင်သင့်ရှိတယ်ဆိုတာပါ မမ"

"အို . . . တကယ်ပဲလား နှောင်တိုး"

မမ၏မျက်နှာက လင်းခနဲ ပြုံးသွားပါသည်။ သူ ပို၍ စိတ်လှုပ်ရှားလာခဲ့သည်။ မမ သူ့ဆီက ဘာများ တောင်းဆိုမလို့ပါလိမ့်။ မမ၏ မျက်ဝန်းတွေဆီမှာ မျှော်လင့်ခြင်းအရောင်ကလေးများ တလက်လက် တောက်ပလာသည်။ restaurant ကလေးထဲမှာ တခြားသူတွေရှိနေသော်ငြား ဘယ်သူမှ မရှိတော့သလိုပင် သူနှင့်မမ နှစ်ယောက်တည်းသာ



www.burmeseclassic.com

www.burmeseclassic.com



ရှိတော့သလို သူ့အာရုံတွေအားလုံး မမတစ်ယောက်တည်းဆီမှာသာ စူးစိုက်၍ ကျနေသည်။ မမ၏နှုတ်ခမ်းကလေးကို သူ အသက်ရှူဖို့ မေ့လျော့စွာပင် စောင့်စားငေးစိုက်ကြည့်နေမိသည်။

"တကယ်ပေါ့ မမရဲ့၊ မမ ဘာပြောမလို့လဲ . . . ပြောလေ"

မမက သူ့ကိုကြည့်ကာ ဖျတ်ခနဲ ပြုံးလိုက်သည်။ ပြီးတော့ . . . သူ့မျက်ဝန်းတွေထဲ မျက်တောင်မခတ် စိုက်ကြည့်ရင်း တစ်ခုခုပြောလိုက်သည်။ ထိုစကားလုံးကလေးက သူ့နားစည်ကို ပြင်းထန်စွာ တွန်းတိုက်ထွင်းဖောက်သွားလျက် သူ ရင်ထဲမှာ ဝုန်းခနဲ ပေါက်ကွဲလွင့်စင်သွားလေသည်။ ကြားလိုက်ရသော စကားကို သူ ယုံပင် မယုံနိုင်။ နားရှိလို့သာ ကြားလိုက်ရတာပါ။ သူ လုံးဝကို မျှော်လင့်မထားခဲ့သော စကားလည်း ဖြစ်သည်။ သူ့ရင်ကို အရှိန်ပြင်းပြင်း ဆောင့်တွန်းခံလိုက်ရသလိုပင် နင့်ခနဲ နာကျင်သွားကာ ရင်ထဲ အောင့်မျက်မျက် ဖြစ်သွားလေသည်။ မမ ပြောလိုက်သော စကားက . . .





"ကိုယ်က မင်းကို ကိုယ့်သမီးလေးရဲ့ တစ်သက်တာ ဘဝအဖော်အဖြစ် မြင်ချင်တာ၊ ဖြစ်စေချင်တာ"

တဲ့ . . .။ လက်စသတ်တော့ မမက သူ့သမီးအတွက် သားမက်လောင်းကို စိတ်တိုင်းကျ ရှာဖွေရွေးချယ်ပေးခဲ့တာကိုး။ သူက ဘာသာပြန်တာလွဲမှားခဲ့ခြင်းဖြစ်သည်။ ပြင်းပြသိပ်သည်းသော အရှက်တစ်မျိုးက သူ့နှလုံးသားကို ခပ်ပြင်းပြင်း ဆွဲခါလှုပ်ယမ်းလျက်ရှိလေသည်။ သူ့မျက်နှာတစ်ခုလုံး ထူပူယောင်အမ်းလာသလို ခံစားရကာ မမရှေ့က နေ လွင့်စင်ထွက်ပြေးသွားလိုက်ချင်ပါသည်။ ရှက်ဖို့ကောင်းလိုက်တဲ့ ဖြစ်ခြင်း။

"ဘယ်လိုလဲဟင် . . . နှောင်တိုး၊ မင်းရဲ့ သဘောထားကိုလည်း သိပါရစေ၊ တစ်ခုခု ပြောပါဦး ကိုယ် မင်းကို bus stop မှာ မြင်မြင်ချင်းပဲ သဘောကျခဲ့မိတာပါ။ ရုပ်ရည်ကလေးက မြန်မာရုပ်ကလေးဆိုတော့ မြန်မာကလေးသာ ဖြစ်လိုက်ရင် ငါ့သမီးလေးနဲ့ အောင်သွယ်ပေးမယ်ဆိုတဲ့စိတ်နဲ့ မင်းကို လှမ်းမေးခဲ့မိတာ၊ မင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



အနီးကပ်ခစ်မင်ရင်းနှီးလာလေ သမီးနဲ့မင်းကို စိတ်ထဲကနေ ကျိတ်ပြီး သဘောတူလေလေပဲကွယ်၊ သိလား. . . မင်းက အာဘက်ဘက်က perfect ပဲ၊ ဘာမှကို အပြစ်ပြောစရာမရှိဘူးလေ၊ မင်းအကြောင်း သိလေ ပိုပြီးမက်မောလေ သမီးအတွက် စိတ်ချလေပဲ၊ ကဲ . . . တစ်ခုခု ပြောပါဦး"

သူ့ရင်ထဲမှာ အောင့်သီးအောင့်သက်နှင့် တစ်မျိုးကြီးတော့ ဖြစ်နေသည်။

"မမကတော့ စံပဲဗျာ၊ ကိုယ့်သမီးအတွက် သားမက်လောင်းကို ကိုယ်တိုင် စိတ်တိုင်းကျ ရှာရတယ်လို့၊ ကျွန်တော်တော့ လက်ဖျားကိုခါရော၊ တစ်ခါမှ မကြုံဖူးပါဘူး"

မမက သဘောကျစွာ ဟက်ဟက်ပက်ပက် ရယ်မောနေသည်ကို သူ မငေးမောမိအောင် မျက်လုံးလွှဲပစ်လိုက်ရသည်။

"ကဲ . . . အခုတွေ့ဖူးပြီမှလား၊ ဘယ့်နှယ့်လဲ၊ ကဲ . . .





ကိုယ်က သမီးအတွက် ခုခေတ်ကောင်လေးတွေနဲ့ဆိုလုံးဝ စိတ်မချနိုင်တာ အမှန်ပဲဟယ်၊ မင်းလို အစစအရာရာ ပြည့်စုံ၊ ရုပ်ချော၊ သဘောကောင်း၊ ပညာတတ် ယောကျ်ားမျိုးရဲ့ လက်ထဲကိုမှ သမီးကို စိတ်ချလျက်ချထည့်ပေးချင်တာ၊ သမီးရဲ့ဘဝအတွက် ဘာမှ ပူပန်ကြောင့်ကြစရာ မရှိတော့ဘူး၊ ကိုယ် ကောင်းကောင်းစိတ်ချရပြီ"

သူ ဘာပြောရမှန်းမသိဘဲ အံ့အားသင့်ခြင်းကြီးစွာဖြင့် သက်ပြင်းသာ တရှိုက်ရှိုက်ဖြာနေမိသည်။

"ခုခေတ် ကလေးတွေက မင်းသိတဲ့အတိုင်း တကယ့်ကိုကလန်ကဆန်လေ၊ ကိုယ်က သူ့အတွက် ယောကျ်ားရှာပေးလိုက်မှန်းသာသိရင် သမီးက လုံးဝ ငြင်းပြီးသားပဲ၊ ကလန်ကဆန်ကိုလုပ်မှာ အသေအချာပဲ၊ အဲဒါကို ပေဒင် မမေးနဲ့၊ ကိုယ်ဖြစ်စေချင်တာက မင်းဘာသာမင်းကိုယ်တိုင်၊ မင်းရဲ့သဘောနဲ့ မင်းကြိုက်လို့ သူ့ရဲ့အချစ်ကို ရအောင် ကြိုးစားတာမျိုးလေးပဲ ဖြစ်စေချင်



www.burmeseclassic.com

www.burmeseclassic.com



တာ၊ ကိုယ်ဆိုလိုတာကို မင်း သဘောပေါက်ရဲ့လား၊ ကိုယ်က လွှတ်လိုက်တယ်ဆိုတာ သမီးကို လုံးဝ ဖုံးကွယ်ထားမယ်၊ မသိစေချင်ဘူး၊ မင်းနဲ့ ပတ်သက်ပြီးမှ ကိုယ်နဲ့ သိကြရတဲ့ ပုံစံမျိုးပဲ ဖြစ်စေချင်တာ၊ ဘယ်လိုလဲဟင်"

"ဪ မမက ကျွန်တော့်ဘဝကို ဒါရိုက်တာလုပ်နေတာကိုး၊ မမကို ကျွန်တော် တကယ့်ကို လေးစားပါတယ်၊ ဘယ်ကိစ္စမဆို အသေးစိတ် စနစ်တကျ အကွက်ကျကျ စီစဉ်တတ်တာကိုက မမရဲ့ ပညာပဲ၊ ကျွန်တော့်ဘက်ကို မမ ဘာမှ မတွေးဘူးနော်၊ ကျွန်တော် ဘယ်သူ့ကို ချစ်နေနိုင်မလဲဆိုတာကို မမ လုံးဝ မတွေးဘူးပေါ့၊ မမ စီစဉ်တဲ့အတိုင်း မမ ချစ်စေချင်တဲ့သူကိုပဲ ကျွန်တော်က ချစ်ရမယ်ပေါ့ . . . အဲဒီလိုလား"

သူ့အသံမှာ မခံချင်စိတ်ကလေးတော့ စွက်နေပါလိမ့်မည်။ မမ မျက်နှာက ဖျတ်ခနဲ တည်သွားလျက် သူ့ကို အကြာကြီးပဲ ငေးစိုက်ကြည့်နေပါသည်။

"မင်း သဘောမတူနိုင်ဘူးလားဟင်"





တဲ့ . . .။ မမအသံက တိုးကိုးလေး။ စိတ်မကောင်းဖြစ်သွားဟန်မျိုး။ သူ မမကို စိတ်မကောင်း မဖြစ်စေချင်ပါ။ အထူးသဖြင့် သူနှင့်ပတ်သက်ပြီးတော့ပေါ့။

"မမက တူစေချင်ရင် တူပါတယ်၊ ကျွန်တော်က မမရဲ့ ရုပ်သေးရုပ်ပဲ"

မမက သက်ပြင်းတစ်ချက် ရှိုက်လိုက်ပြီး သူ့ရှေ့သို့ တစ်ခုခု လှမ်းပေးလိုက်ပါသည်။ ဓာတ်ပုံကလေး တစ်ပုံဖြစ်သည်။ သူ အမှတ်တမဲ့နှင့် ငုံ့ကြည့်လိုက်စဉ်မှာ သူ့နှလုံးသားဆီမှ ဒိန်းခနဲ ဆောင့်ခုန်မြည်ဟည်းသွားခဲ့သည်။ နှလုံးသားဆီသို့ သွေးတွေအားလုံး တပေါ်ဝေါ စီးဝင်လာခဲ့သလိုပင် ပူနွေးလှုပ်ခုန်လာသည်။ ဓာတ်ပုံထဲမှာ အလွန်ငယ်နုလှပကာ စွဲမက်ဖွယ်အတိပြီးသော မမ အငယ်စား မိန်းကလေးတစ်ယောက်က ချည်ဂါဝန် အဖြူလွလွပါးပါးကလေးကို မ,လျက် ခုန်ပေါက်ရယ်မောနေဟန်။ မျက်နှာကလေးက မော့ချိကာ သွားတွေအားလုံး ပေါ်မတတ် အစွမ်းကုန် ရယ်မောနေဟန် ကလေးက ဘယ်လိုစွဲမက်ဖွယ်ကောင်းမှန်း မသိ။ ခုန်နေတုန်း



www.burmeseclassic.com

www.burmeseclassic.com



လေထဲမှာ မြောက်နေချိန်မှာ အမိအရ ဖမ်းရိုက်ထားသော ကြောင့် ခြေထောက်တွေက မြေပြင်မြက်ခင်းစိမ်းစိမ်းတွေဆီမှ လွတ်နေကာ လေထဲမှာ ဝဲပျံလျက် အဖြူရောင် walking shoe ကလေးဆီမှ ကြိုးတွေက တန်းလန်း။ မျက်ခုံးမျက်လုံး ထူထူတွေက နက်မှောင်ထင်ရှားလျက် မမမှ မမပင်။

"ဒါ . . . မမ ငယ်ငယ်တုန်းကလားဟင်"

ဟု သူ စိတ်လှုပ်ရှားသံဖြင့် တအံ့တသြ မေးမိတော့ မမက ပြုံးလျက် . . .

"ဟင့်အင်း . . . အဲဒါ ကိုယ့်သမီးပေါ့၊ သူ အင်္ဂလန်ကို လာလည်တုန်းက ရိုက်သွားတာ၊ သိပ် ကလေးဆန်လွန်းတဲ့ ကလေးမပေါ့၊ တစ်စက်မှလည်း. အငြိမ်မနေဘူး၊ မြူးထူးသွက်လက်ပြီး လှုပ်ရှားနေတာပဲ၊ အခုလာမယ့် ဒီဇင်ဘာဆိုရင် သူ နှစ်ဆယ်ပြည့်ပြီပေါ့၊ အဲဒါ မင်းအတွက်ပေါ့၊ တစ်နည်းအားဖြင့် ကိုယ်ပေးတဲ့ လက်ဆောင်ဆိုပါတော့"

သူ ဓာတ်ပုံကလေးကို နောက်တစ်ကြိမ် ထပ်ငေး





ကြည့်မိပြန်သည်။ ဒီတစ်ခါလည်း. သူ့နှလုံးသားဆီမှ ဒိတ်ဒိတ် သွေးခုန်တိုးလာဆဲ။ မမရဲ့သမီးက ချစ်ဖို့ကောင်းလှချည်လား။ အမှန်အတိုင်း ရိုးသားစွာဝန်ခံရလျှင် ယိုတဒင်္ဂမှာ သူ မမကို တကယ် ကျေးဇူးတင်မိသွားပါသည်။ ယောကျ်ားတစ်ယောက်အနေနှင့် သူ့စိတ်က အခ်ပြောင်းအလဲမြန်လွန်းတာလား။ ဒါမှမဟုတ် မဖြစ်နိုင်သော အရာတစ်ခုကနေ အဖြစ်နိုင်ဆုံးသော အရာတစ်ခုဆီသို့ ကျေနပ်ရောင့်ရဲစွာ ကူးပြောင်းလိုက်မိတာလား သူမသိပါ။ သူ သိသည်ကတော့ ထိုကောင်မလေးကို မြင်မြင်ချင်းမှာပင် သူ ဖွဲ့ဖွဲ့လမ်းလမ်း မြတ်နိုးသွားခဲ့မိခြင်း ဖြစ်ပါသည်။

"သူ့နာမည်က ဘာတဲ့လဲဟင် မမ"

"ငြိမ်းသူရင် . . ."

အိုး . . . ။ လှလိုက်တဲ့ နာမည်ကလေး။ မမနှင့် တွေ့စဉ်တုန်းက သူ့ရင်တစ်ခုလုံး နွေးသွားခဲ့သလိုပင် အခုကျတော့လည်း သူ့ရင်တစ်ခုလုံး ငြိမ်းချမ်းအေးမြသွားလိုက်ပုံများ။



www.burmeseclassic.com

www.burmeseclassic.com



"သူက မင်းထက် ဆယ်နှစ်ငယ်တယ်၊ စိတ် အကောက် အရမ်းသန်တယ်၊ တစ်ချက်ကလေးမှ အမှားမခံဘူးနော်၊ မင်းကို သူ ချစ်သွားတဲ့အခါ ဆိုးချင်တိုင်း ဆိုးလိမ့်မယ်၊ ထင်ရာစိုင်းလိမ့်မယ်၊ မင်း သည်းခံပေးပါ၊ ကိုယ်နဲ့မင်း ပတ်သက်နေတာကို သူ လုံးဝ မသိပါစေနဲ့၊ သမီးက ကိုယ့်ဆို နွဲ့ဆိုးဆိုးတယ်၊ ဂျစ်လည်း ကျတယ်၊ သူ့ကို ခွဲထားခဲ့တာကိုး၊ အဲဒီတော့ ကိုယ်က သူ့ကို ဖြစ်စေချင်သမျှ အရာတွေဆို သူက ပြောင်းပြန်ဖြစ်အောင် ကလန်ကဆန်လုပ်ပစ်တတ်တာ သူ့အကျင့်ပဲ၊ မင်းကိုသာ ကိုယ်က စိတ်တိုင်းကျရှာဖွေပြီး သူ့ဆီရောက်အောင် ပို့ပေးခဲ့တယ်ဆိုတာကို သိရင် သူ မင်းကို ငြင်းမှာပဲ"

"OK မမ၊ ကျွန်တော် အဲဒီလောက်ဆို သဘောပေါက်ပါပြီ၊ ကျွန်တော် မမကို ကတိပေးပါတယ်၊ မမဆန္ဒအတိုင်း ဖြစ်စေရပါ့မယ်"

"ကြည့်စမ်း . . . ကိုယ်ဝမ်းသာလိုက်တာ၊ ကိုယ်က မင်းမှ သဘောတူပါ့မလားလို့ စိတ်ထင့်နေလိုက်ရတာ၊





ကျေးဇူးတင်တယ် နှောင်တိုးရယ်၊ မင်းကို ကိုယ် တွေ့ခဲ့တာ သိပ်ကိုမှန်တာပဲ သိလား"

သူ မမကို ဒီတစ်ခါကြည့်မိစဉ်မှာတော့ သူ့အကြည့်တွေ ပြောင်းလဲသွားတော့မှာ သေချာပါသည်။ မရိုးသားသော ငြိတွယ်မှုတွေ၊ သံယောဇဉ်အရောင် စွန်းထင်းတွေ မရှိတော့။ ပကတိ ကြည်လင်ပြတ်သားစွာ။


မမက သူ့ကို အဆောင်ထိပြန်ပို့ပြီးနောက် သူ့လက်ထဲသို့ ပါကင်ထုပ်တစ်ထုပ် လှမ်းပေးခဲ့ပါသည်။ သူ ဖွင့်ကြည့်လိုက်တော့ ၁၁လက်မအရွယ်သာရှိသော sony vaio lap top အသေးစားကဗ်လေးတစ်ခုဖြစ်ပါသည်။ သူ ဒီကနေ လိုအပ်တာတွေမှန်သမျှ ကွန်ပျူတာထဲမှာ ထည့်သွင်းယူသွားနိုင်မည်။ မမကို သူ တကယ်ကျေးဇူးတင်ပါသည်။

☺☺☺

www.burmeseclassic.com

www.burmeseclassic.com







## Edinburgh

တစ်လဆိုသောအချိန်သည် အလွန် လျင်မြန်စွာပင် တရွေ့ရွေ့ ကုန်ဆုံးသွားခဲ့သည်။ Edinburgh မှာ သူ့ရဲ့ Graduation အတွက် သွား့တော့ မမကြိုတင်စီစဉ်ထားသလိုပင် train ဖြင့် Edinburgh သို့ မမနှင့်အတူ လာခဲ့ရသည်။ သူ့အတွက် graduation ဝတ်စုံကို "suit you" မှ မမကိုယ်တိုင်သွားဝယ်ကာ neck tie မှအစ မမစိတ်တိုင်းကျ ဆင်ခဲ့ခြင်းဖြစ်သည်။ Edinburgh သို့ မမသာလိုက်မလာခဲ့လျှင် သူတစ်ယောက်တည်း ဘွဲ့ယူနိုင်ဖို့ သိပ်မလွယ်လှပါ။ မ့မက မကြာခဏ ရောက်ဖူးနေခဲ့သူမို့ နေရာတိုင်းကို အကျွမ်းတဝင်ပင်။



www.burmeseclassic.com

www.burmeseclassic.com



သူ ဘွဲ့ယူချိန်တစ်လျှောက်လုံးကို မမက အနောက်ကနေ sony camcorder ကလေးဖြင့် မှတ်တမ်းတင်ပေးနေခဲ့သည်။ မမက အညိုရောင် ဇာဝတ်စုံဂါဝန်ကလေးနှင့် လှပနေပျိုလို့။ သို့သော် မမရဲ့အပြုံးတွေ တစ်ချက်တစ်ချက်မှာ ဝေဝါးမှုန်သီသွားတတ်တာကိုတော့ သူ မရိပ်မိဘဲ မနေနိုင်ပါ။ ဘွဲ့ယူပြီးသည်နှင့် London သို့ ပြန်ဆင်းကာ မနက်ဖြန်ဆို သူက ပြန်ရတော့မည်ဖြစ်သည်။ သူ့ရဲ့ suitcase ကြီးပါ တစ်ခါတည်း သယ်ယူလာခဲ့ရသည်။ ခဏတစ်ဖြုတ်နားဖို့အတွက် မမက အနီးဆုံး hotel တစ်ခုမှာ အခန်းတစ်ခန်း ကြိုတင်၍ book လုပ်ထားခဲ့သဖြင့် ရေမိုးချိုး အဝတ်အစားလဲပြီးတာနှင့် suitcase ကြီးကို hotel မှာပဲ ထားခဲ့ကာ ဘွဲ့ယူရမည့် Hall သို့ Taxi ဖြင့် အကြော့သားလာခဲ့ရုံပင်။

ဘွဲ့ယူအပြီး dinner စားချိန်မှာ မမက . . .

"ဪ . . . မင်းတောင် MRCP ဘွဲ့ကလေးပိုက်ပြီး ပြန်ရတော့မယ်၊ မင်းလောက် ကံကောင်းတဲ့လူ ရှိ တောင် ရှိပါ့မလားကွယ်"





ဟု ပြုံးပြုံးကလေးနှင့် ခပ်ညည်းညည်း ပြောပါသည်။ ခွဲခွါကြရတော့မည်ဆိုသော အသိကတော့ ခင်မင်ရင်းနှီးသူတို့၏ ရင်ကို လှပ်ဟာနာကျင်စေသည်နော်။

"ကျွန်တော် မမကို တကယ်လွမ်းနေမှာ . . . သိလား၊ မမက ကျွန်တော့်အတွက်ဆိုရင် အစစအရာရာ လိုလေသေးမရှိအောင် စီစဉ်ပေးတတ်လွန်းလို့လေ၊ အရာရာ မမကပဲ ဦးဆောင်သွားတာ၊ ကျွန်တော်က နောက်ကနေ အသာလိုက်ရုံပဲ . . . ဘာမှ မလိုဘူး"

"အမလေး . . မင်းက နောက်လိုက်ချင်တဲ့သူ မဟုတ်ပါဘူးနော်၊ ဦးဆောင်လမ်းပြချင်သူပါ . . . ဟုတ်တယ်မှုလား"

"မမ ရန်ကုန်ကို ဘာမှာဦးမလဲ၊ လူကြုံ ဘာထည့်ပေးလိုက်ချင်သေးလဲဟင်"

"အမလေး . . . မင်းနဲ့ ထည့်ပေးလိုက်လို့ မဖြစ်ဘူးလေ၊ မင်းနဲ့ကိုယ်က လုံးဝ မသိဘူးကြတဲ့သူတွေလေ၊ ဘာမှ လူကြုံထည့်ပေးမနေတော့ပါဘူး၊ တစ်ခုခဲ



www.burmeseclassic.com

www.burmeseclassic.com



မှာမယ်၊ သမီးကို ဂရုစိုက်ပါ၊ အလိုလိုက်ပါနော်၊ သူ ပျော်ပါစေ၊ သူ့အကြိုက်တွေအားလုံး ကိုယ် မင်းရဲ့ laptop ထဲမှာ ထည့်ပေးလိုက်ပြီးသားနော်"

"စိတ်ချပါ မမရာ၊ ကျွန်တော်က ချစ်သူဖြစ်ရမယ့်သူပဲ၊ ကိုယ့်ချစ်သူကို အလိုလိုက်ရမှာပေါ့၊ စိတ်ချမ်းသာအောင် ထားရမှာပေါ့၊ မမ ဘယ်တော့လောက် မြန်မာပြည် ပြန်လာဖို့ အစီအစဉ်ရှိသေးလဲဟင်၊ ကျွန်တော် မမနဲ့ ပြန်ဆုံချင်သေးတယ်"

"မင်းနဲ့သမီးတို့ ချစ်သူတွေဖြစ်ပြီးသွားတဲ့အခါပေါ့ကွယ်၊ သမီးက ဒါ သူ့ချစ်သူပါလို့ မင်းလက်ကိုဆွဲပြီး မိတ်ဆက်ပေးတာကို ခံယူဖို့ ကိုယ် ပြန်လာခဲ့ဦးမယ်"

ထိုစကားကို မမက တကယ်ပဲ စိတ်ပါလက်ပါ ကြည်ကြည်နူးနူးကလေး ပြောနေတာလားဆိုတာ သူ အမှန်အတိုင်း သိချင်မိပါသည်။

☺☺☺



## Heathro Airport: London

Suitcase ကို Check-in လုပ်ပြီးချိန်မှာ သူနှင့် မမသည် airport restaurant မှာ breakfast အတူ စားကြသည်။ မမရဲ့ မျက်လုံးများထဲမှာ မျက်ရည်ရိပ်ကို သူ မြင်နေရသည်။ မမ၏ မျက်နှာက ဆွေးရိပ်သမ်းနေသလိုပင်။

"ကိုယ်နဲ့မင်း e-mail အမြဲ အဆက်အသွယ်ရှိပစေနော်၊ သမီးနဲ့ပတ်သက်သမျှ ကိုယ် အကုန်သိချင်တယ်၊ ကိုယ့်ကို အစီရင်ခံနော် . . . ဟုတ်လား"

မမအသံက ခပ်တိုးတိုး နွမ်းလျစွာ။ သူ့ရင်ထဲလည်း နင့်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ မမရယ်၊ ကျွန်တော့်အပေါ် မမလောက် ကောင်းနိုင်တဲ့အမျိုးသမီးမျိုး နောက်ထပ် ကျွန်တော် ဘယ်မှာမှ ရှာတွေ့တော့မယ် မထင်ဘူး"

မမရဲ့ လက်ကလေးတစ်ဖက်က သူ့ရဲ့လက်တစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ညှစ်လိုက်သောအခါ မမ ဘယ်လောက်ကြေကွဲနေကြောင်း ထိုလက်တွေကနေတစ်ဆင့် သူ သိလိုက်ရသလိုပင်။

"ကိုယ် မင်းနဲ့ ဆုံစည်းခွင့်ရလိုက်တဲ့အတွက် ကံကြမ္မာကို ဘယ်လိုကျေးဇူးတင်မှန်း မသိဘူးကွယ်၊ ကိုယ့်ဘဝမှာ လူတစ်ယောက်ကို အခုလောက် တွယ်တွယ်တာတာ တစ်ခါမှ မခင်ခဲ့ဖူးဘူး . . . သိလား၊ ကိုယ့်သမီးလေး ကံကောင်းမှာပါ"

သူ မမကို ငေးကြည့်နေရုံမှတစ်ပါး ဘာစကားမှ မပြောနိုင်တော့။

"ကဲ ကဲ . . . မင်း အထဲကို ဝင်ရင် ဝင်နှင့်တော့၊ Gate No. TV မှာ ပေါ်နေပြီ၊ မင်းကို ကိုယ် ဘယ်တော့






မှ မမေ့ဘူး သိလား . . . နှောင်တိုး၊ သမီးလေးရဲ့ ချစ်သူအဖြစ် မင်းနဲ့ ပြန်ဆုံကြမယ်နော် . . . ဟုတ်ပြီလား"

သူ မမ၏ပခုံးကလေးကို တရင်းတနှီး ပွေ့အပ်ကာ နှုတ်ဆက်လိုက်သည်။ သူ အထဲသို့ ဝင်ဘည်အထိ မမက အပြင်ကနေ စောင့်ကြည့်နေခဲ့သည်။ ဩော် . . . မမ တစ်ယောက်တည်း ပြန်ရမှာ ဘယ်လောက်များ အထီးကျန်လိုက်မလဲ။ Good Bye England . . . ။

www.burmeseclassic.com

www.burmeseclassic.com







## အခန်း . . . ၆

## City Mart: ရန်ကုန်

Trolley ကလေးတွန်းလျက် ပစ္စည်းတွေတစ်ခုချင်း လိုချင်တာဆွဲယူကာ ပစ်ပစ်ထည့်နေသော ထိုမိန်းကလေးနောက်နားမှ သူ မသိမသာကလေး လျှောက်လိုက်နေမိတာ ဘယ်လောက်တောင် ကြာပြီမှန်းမသိ။ အဲဒါ ငြိမ်းသူ့ရင်ပဲပဲဟု City Mart ရှေ့မှာ ကား parking ထိုးနေသော မျက်နှာကလေးကို လှမ်းမြင်လိုက်မိသည်နှင့် သူ့ရင်တွေ ဝုန်းဒိုင်းကြဲကာ ဖြောင်းဆန်သွားတော့သည်။ သူမ မျက်နှာကလေးကို မြင်လိုက်ရချိန်မှာ မမကို သူ အလွန်အမင်း သတိရသွားမိသည်။ သူမ၏



www.burmeseclassic.com

www.burmeseclassic.com



ကားကလေးက VOLKSWAGEN BEETLE ကားအဖြူကလေးကို နံပါတ် 53 နှင့် အပြာနှင့်အနီ စင်းကြားကလေး ပုံဖော်ထားပြီး Herbie Fully Loaded ရုပ်ရှင်ဇာတ်ကားထဲက ကားလေးနှင့် တစ်ထပ်တည်းတူအောင် ပြင်ထားသည်။ ဆံပင်တွေက မဟော်ဂနီရောင်မှာ High Light Colour ကလေးတွေ တင်ထားလိုက်သေးသည်။ မမလို ဖွာရရာ တွန့်လိမ်ပွကလေးမဟုတ်ဘဲ အောက်နားကလေးမှာသာ အခွေအလိပ်ကလေးတွေ တွဲရရွဲကျနေသော ခလည်ခွဲ ဆံပင်အဖြောင့်ကလေးပင်။ ဝတ်ထားသည်က စွပ်ကျယ်နှစ်ထပ် ထပ်ဝတ်ထားသလို အစိမ်းတောက်တောက်နှင့် ခရမ်းရင့်ရင့်နှစ်ရောင်။ ဘောင်းဘီက သရီးကွာတား အဖြူရောင်ကိုယ်ကျပ်ကလေးမို့ သွယ်လျသော ခန္ဓာကိုယ်ကလေးက ထင်းနေသည်။ ခြေသလုံးမှာ ကြိုးတွေ ခပ်ရှုပ်ရှုပ် ပတ်ချည်ရသော ဖိနပ်ကလေးက ကြိမ်သားလိုလို ဒေါက်ထူထူ မြင့်မြင့်ကလေးနှင့်မို့ သူမ ပုံစံကလေးက Model ကလေးတစ်ယောက်လို ခေတ်ရှေ့ပြေးကာ လှပလွန်းနေသည်။ လမ်းလျှောက်ပုံကလေးကလည်း ဆတ်တောက်ဆတ်တောက်





နှင့်။ မျက်နှာကလေး ကြည့်လိုက်သည်နှင့် ဘယ်လောက်ကလေးဆန်ကာ ဂျီကျမည့်ရုပ်လဲဆိုတာ မှန်းဆ၍ ရပါသည်။ ခေါင်းပေါ်မှာ လှန်တင်ထားသော ကိုင်းအဖြူနှင့် ပန်းရောင်ပြေးနေသော Dior နေကာမျက်မှန်ကြီးက ဇရာမ အကြီးကြီး။ မာလကာသီး ခပ်ပွပွ တစ်လုံးကိုလည်း လက်ထဲမှာ ကိုင်လျက် တကြွပ်ကြွပ်ဝါးနေရင်း စိမ်ပြေနပြေကို ဈေးဝယ်နေခြင်းဖြစ်သည်။ သူမကို လူတစ်ယောက်က ဘေးကနေ မသိမသာ လိုက်ကြည့်နေမှန်းလည်း သတိထားမိပုံ မပေါ်ပါ။ သူ့ကို သူမ သတိထားမိသွားအောင် သူ ဘာလုပ်ရင်ကောင်းမလဲ။ ဆရာဝန်ကြီးတစ်ယောက်လည်းဖြစ်နေသောကြောင့် ကလေးကလားဆန်ဆန် အပြုအမူမျိုးလည်း သူ မလုပ်ချင်။ သူ့ကို သူမ သတိထားမိသွား ရုံကလေးပဲ။ ဘာလုပ်ရင်ကောင်းမလဲ။ အဲ. . . ဟုတ်ပြီ။ သူ သတိရသွားကာ သူ့ wallet ကလေးထဲမှ လိပ်စာကတ်ကလေးတစ်ကတ်ကို ထုတ်ယူလိုက်ကာ သူမက စင်ပေါ်ကနေ ပစ္စည်းတစ်ခု လှမ်းယူနေချိန်မှာ သူကလည်း အနားကပ်လျှက် ကတ်ကလေးကို သူမ၏ trolley ထဲသို့



www.burmeseclassic.com

www.burmeseclassic.com



မသိမသာ ချခဲ့လိုက်သည်။ သူမက အားလုံးဝယ်ပြီးချိန်မှာ ပစ္စည်းတွေကို ကောင်တာဆီသို့သွားကာ check out လုပ်နေသည်။ သူက မလှမ်းမကမ်းကနေ စောင့်ကြည့်နေမိသည်။ casher ကောင်မလေးက ပစ္စည်းတွေကို bar code ဖြတ်ပြီး အိတ်တွေထဲ စနစ်တကျ ထည့်ပေးနေသည်။ သူ့ရဲ့ ကတ်ကလေးကို ကောက်မိသွားပြီး သူမဆီသို့ လှမ်းပေးလိုက်စဉ် သူမက ကတ်ကလေးကို လှမ်းယူကာ ဖတ်ကြည့်သည်။

"ဒေါက်တာ နှောင်းတိုးတဲ့၊ အဲဒါ ဘယ်သူကြီးလဲ၊ သူ့ကိုယ်သူ အဲဒီလို ကြော်ငြာတယ် ဟုတ်လား၊ ရယ်စရာကြီးတော့"

ဟု အသံလွင်လွင်ကလေးနှင့် တစ်ယောက်တည်းပြောကာ ရယ်မောနေသောအခါ သူမျက်နှာတစ်ခုလုံး ဘယ်မှာ သွားထားရမှန်းမသိအောင် ထူပူလျက် အရှက်ကြီး ရှက်သွားရပါသည်။ တော်တော်ဆိုးတဲ့ ကောင်မလေး။ casher ကောင်မလေးကလည်း သူမနှင့်အတူ လိုက်ရယ်ရင်း သူ့ဆီ အမှတ်တမဲ့ ဖျတ်ခနဲ လှမ်းကြည့်လိုက်ရာ သူမှာ ကပျာကယာ



BURMESE CLASSIC .com



မျက်နှာလွှဲလိုက်ရသည်။ သူမ ပစ္စည်းတွေကို ဝန်ထမ်းလေးတစ်ယောက်က ကားဆီအထိ လိုက်ပို့ပေးပါသည်။ သူမက ကတ်ကလေးကို လက်ထဲမှာပဲ ဆက်ကိုင်လာကာ လွှင့်ပစ်ရကောင်းနိုး၊ သိမ်းထားရကောင်းနိုး ဇဝေဇဝါ ဖြစ်နေဟန်ရှိသည်။ သူကလည်း သူမ ဘာလုပ်မလဲဆိုတာ သိချင်သောကြောင့် မသိမသာပင် ဆက်လိုက်လာခဲ့သည်။

"အေး အေး . . . မောင်လေး ကျေးဇူးပဲနော်"

ဟု ပစ္စည်းလိုက်ပို့သော ကောင်လေးကိုပြောပြီး သူမက အကြံရသွားသလို လက်ထဲမှ ကတ်ကလေးကို ဘေးမှ ကားရှေ့မှန်ပေါ်ရှိ wiper ကြားမှာ ဖျတ်ခနဲ ညှပ်ပစ်လိုက်သောအခါ သူ ငိုချင်စိတ်ပေါက်သွားရသည်။ အဘယ်ကြောင့်ဆိုသော် ထိုကားက သူ့ရဲ့ SUPRA ကားကလေး ဖြစ်နေသောကြောင့် ဖြစ်ပါသည်။ သူ့ကားပေါ်သို့ တက်လာခဲ့ကာ သူမ၏ ကားကလေး နောက်မှ လိုက်လာခဲ့မိသည်။ မမရေ . . . ကျွန်တော် ဘာဆက်လုပ်ရမလဲ။ သူမက အင်းလျားလမ်းရှိ သူမ၏ အိမ်သို့ တန်း၍ မောင်းပါသည်။ ခြံနံပါတ်ကို သူ



www.burmeseclassic.com

www.burmeseclassic.com



အလွတ်ရနေခဲ့ပြီးသားပါ။ အင်္ဂလန်ကနေ ပြန်ရောက်လာပြီး ကတည်းက ဒီခြံရှေ့ဆီ သူ လာလာကြည့်မိတာ ဘယ်နှခေါက်ရှိ ပြီမှန်းပင် မသိနိုင်။ ခြံရှေ့ကနေ လှည့်ပြန်ခဲ့ရချိန်တွေမှာ သူ့ကိုယ်သူ မိန်းကလေးတစ်ယောက်ကို ချဉ်းကပ်ဖို့ အဲဒီ လောက်တောင် ညံ့ဖျင်းရသလားဟု မယုံနိုင်အောင် ဖြစ်ရပါ သည်။

သူမက ခြံဝမှာ ကားကို ရပ်ပြီး ဟွန်းနှစ်ချက် ဆင့်တီးလိုက်ချိန်မှာ ခြံတံခါးက ပွင့်လာသည်။ သူက ကားကို ပြန်ကွေ့ပြီး ပြန်တော့မလို့ပါပဲ။ သို့သော် သူမက ကားပေါ်မှ ဖျတ်ခနဲ ဆင်းလာခဲ့ကာ သူ့ကားဆီသို့ တန်းတန်းမတ်မတ် လျှောက်လာနေခဲ့သည်။ သူက ဘာလုပ်ရမှန်းမသိ ဆွံ့အ ကြောင်ငေးနေဆဲမှာပင် သူမက သူ့ကားဘေးမှာ လာရပ် ကာ. . .

"နောက်ဆိုရင် ကိုယ့်ကိုယ်ကို ကြော်ငြာချင်ရင် T.V ထဲမှာ သီချင်းလေးနဲ့ လူစိတ်ဝင်စားအောင် ကြော်ငြာရ တယ် လူကြီးရဲ့ သိလား၊ ပြီးတော့လည်း မိန်းကလေး





တစ်ယောက်ကို ကြိုက်ရင် ခြံရှေ့ကနေ ကားနဲ့ ခဏ ခဏ ဖြတ်တာတို့၊ ကားနောက်ကနေ အိမ်ရှေ့အထိ လိုက်တာတို့က နှောင်းခေတ်ဟောင်းမှာ ကျန်ရစ်ခဲ့ပြီ၊ အလှကြည့်ပြီး တေမိဒီဇိုင်းချိုးနေရင်လည်း သူများဦး သွားလိမ့်မယ်၊ အဲဒီ ဒီဇိုင်းကြီးကို ဘယ်သူမှ မလေးစား တော့ဘူး . . . သိလား၊ ဘာဖြစ်ချင်တာလဲ . . . ပွင့်ပွင့်လင်းလင်းပြောလို့ရတဲ့ ခေတ်ကြီးထဲမှာ သူများ ကို လိုက်လိုက်ကြည့်မနေနဲ့၊ လူကြီးရဲ့ကားကြီးကို အလွတ်ရနေတာ ကြာပြီ၊ အိမ်ရှေ့ကနေ ဘယ်နှခါရှိပြီ လဲ ဖြတ်ဖြတ်နေတာ၊ ခွာတ်ဆီကို အဲဒီလို မဖြုန်းရဘူး လေ၊ ဆီဈေးကြီးတယ် . . ."

ဟု လာပြောနေဟန်က တကယ့်ကို နောက်တီး နောက်တောက် ရွှတ်နောက်နောက် ပုံစံကလေး ဖြစ်သည်။ သူ ရှက်ကိုးရှက်ကန်းပြုံးလိုက်မိကာ . . .

"ဒါဆို ကိုယ့်ကို ခင်ဗျားလေးက သိနေတယ် ဆိုပါတော့"

"ဘယ်ကလာ သိရမှာလဲ . . . မသိပေါင်၊ သိရအောင်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



လူကြီးက celebrity လည်း မဟုတ်၊ တစ်ခါမှလည်း မမြင်ဖူးပါဘူး"

"ကိုယ့်နာမည် ဒေါက်တာနှောင်တိုးပါ"

"သိသားပဲ . . .၊ ကတ်ကြီးကို တမင်တကာကြီး trolley ထဲ ပစ်ချတာ၊ နောက် အဲဒီလို ဘယ်တော့မှ မလုပ်နဲ့ သိလား၊ ရှက်စရာကြီး၊ လူကြီး ကျွန်မကို လိုက်ကြည့်နေတာကို မသိဘူးများ မှတ်နေလို့လား၊ အားလုံးသိတယ်၊ မသိချင်ယောင် ဆောင်နေတာ"

"ဟာကွာ . . ."

BURMESE CLASSIC .com

သူ ထိုချာတိတ်မကို လက်ဖျားပင် ခါသွားရသည်။ မျက်နှာကိုက အားလုံးကိုသိနေတဲ့ ညစ်ကျယ်ကျယ် ရုပ်ကလေးနှင့်ပါ။ ဒီမိန်းကလေး တကယ်ကို မလွယ်ပါလား။

"ဒုက္ခပဲကွာ . . . မင်းက အကုန်သိနေတော့တာပဲ၊ ကဲ ဒါဖြင့် အခု ကိုယ်က ဘာလုပ်ရမှာလဲ"

"မှတ်ထားပေါ့ . . . မိန်းကလေးတစ်ယောက်ကို ချဉ်းကပ်ချင်ရင် ကော်ဖီလိုက်သောက်ဖို့ ဖိတ်ရတယ်၊ res-





taurant ကောင်းကောင်းကိုခေါ်ပြီး ကျွေးရတယ်၊ သူကြိုက်တတ်မယ့် လက်ဆောင်တွေ ဝယ်ပေးတတ်ရတယ်၊ romantic ဖြစ်ရတယ်၊ talky ကောင်းရတယ်၊ ကပ်စေး မနည်းရဘူး၊ မနှမြောရဘူး၊ ပန်းစည်းတွေ၊ ချော့ကလက်တွေ၊ အရုပ်လှလှကလေးတွေကို နေ့တိုင်းလိုလို၊ မရိုးနိုင်အောင် ပေးတတ်ရတယ်"

သူမ၏ မျက်နှာက ရယ်ချလိုက်တော့မလို ပြုံးဖြီးဖြီးကလေး ဖြစ်လာတော့မှ သူ့ကို တမင်သက်သက် နောက်ပြောင်ကျီစယ်နေမှန်း သူ ရိပ်မိသည်။ ခေတ်မိန်းကလေးတွေများ နားလည်လိုက်မှီအောင် အတော် ကြိုးစားရမှာပါလား။

"ကဲ ကဲ . . . ဒီနေ့ lecture ကတော့ ဒီလောက်ပဲ၊ လူကြီးသွားတော့၊ ကျွန်မလည်း သွားတော့မယ်"

သူမက ပြောချင်တာတွေ ပြောပြီးတာနှင့် ချာခနဲ လှည့်ထွက်သွားတော့ သူမှာ အူကြောင်ကြောင်ဖြစ်လျက် ကျန်ရစ်ခဲ့သည်။ သူမ ပြောသွားခဲ့တာတွေသည် အတည်ပြောသွားခဲ့တာလား။ တမင်သက်သက် သရော်ကျီစယ်



www.burmeseclassic.com

www.burmeseclassic.com



သွားတာလားဆိုတာကို သူ ဝေခွဲ၍မရ။ သူမ၏ ကားခြံထဲဝင်သွားပြီး ခြံတံခါး ပြန်ပိတ်သွားတော့မှ သူ ခေါင်းခါယမ်းရင်း ပြန်လာခဲ့ရသည်။ သေသေချာချာ စဉ်းစားကြည့်လျှင် သူမက သူ့ကို ပါးပါးကလေးနှင့် ပညာပေးသွားခြင်း ဖြစ်နိုင်ပါသည်။

☺☺☺

BURMESE CLASSIC .com



To : MaMa
(nwemageyin@doctors.org.uk)
From : Nhaung Toe
(nhaungtoe@gmail.com)
Subject : မလွယ်ဘူး

**Dear ma ma,**

မမရဲ့သမီးကတော့ မလွယ်ဘူး။ ဒီနေ့ ကျွန်တော့်ကို ပါးပါးနပ်နပ်နဲ့ကို ပညာပေးသွားတယ်။ မိန်းကလေးတစ်ယောက်ကို ချဉ်းကပ် ရမယ့်နည်းလမ်းတွေကို သူကတောင်



www.burmeseclassic.com

www.burmeseclassic.com



ပြောသွားသေးတယ်။ ကျွန်တော့်နည်းလမ်းတွေက သိပ်ကို ခေတ်တုံးနေပြီဆိုတဲ့ အဓိပ္ပါယ်ပေါ့လေ။ ဘာပဲဖြစ်ဖြစ် အခြေအနေကတော့ ဆိုးမယ် မထင်ပါဘူး။ မနက်ဖြန် ကျွန်တော် သူ့ကို ကော်ဖီလိုက်သောက်ဖို့ ဖိတ်မလို့ . . .

သတိရနေတဲ့ . . .

နှောင်တိုး . . .

☺☺☺



To : Mage Mage
(nwemageyin@doctors.org.uk)

From : MeeLay
(nyeinthuyin@gmail.com)

Subject : လူတစ်ယောက်

ချစ်သော မယ်မယ်,

မီးလေး ဒီနေ့ လူတစ်ယောက်နဲ့ ဆုံတယ်။ အမှန်တကယ်ပြောရရင် ဒီနေ့မှတော့ မဟုတ်ဘူးပေါ့။ သူ့ကားကိုတော့ မီးလေးက အလွတ်ရနေပြီ။ ၇၁ နံပါတ်နဲ့ *SUPRA* ကား



www.burmeseclassic.com

www.burmeseclassic.com



*အစိမ်းရင့် Convertible ကလေးပဲ မယ်မယ်။ ကားပိုင်ရှင်က ရည်ရည်လည် လည် မိတယ်။ gentleman ပဲ ဆရာ။ လူပုံကသာ အမိုက်စား။ ချဉ်းကပ်ပုံနည်း တွေကျတော့ အတုံးစား။ တုံးမှ တုံးပဲရှင်။ တစ်လလောက်ရှိနေပြီ။ မီးလေးကို ခြံရှေ့ မှာ ကားကို ရပ်ရပ်ထားပြီး စုံထောက်လိုလို ဘာလိုလိုနဲ့ လာကြည့်နေတာလေ။ ဒီနေ့ကျ တော့ city mart မှာတွေ့တယ်။ ပထမ တော့ သူမှန်း မသိပေါင်။ လူကိုကြည့်နေတဲ့ အငမ်းသန်တဲ့ လူတစ်ယောက်လို့ပဲ ထင်နေ တာ။ သူက ဘာလုပ်တယ်မှတ်လဲ မယ်မယ် ရဲ့။ မီးလေးရဲ့ trolley ထဲ သူ့ရဲ့ ကတ် ကလေးကို မသိသလိုနဲ့ ထည့်လိုက်တယ်။ ဟား ဟား. . . ရယ်စရာကြီးနော်။ သူ့ကိုယ်သူ ကြော်ငြာတာလေ။ အပြင်*





*ရောက်မှပဲ သူ့ရဲ့ကားကိုမြင်မှ မှတ်မိ သွားတယ်။ သူက အိမ်အထိ လိုက်လာ တယ်။ မီးလေးက ပါးပါးလေးပဲ ပညာပေး လိုက်ပါတယ်။ နောက် ဆုံဦးမှ ထပ်ပြီး ပညာအထူးစားကလေးတွေ ပေးရမယ်။ မယ်မယ့်ကို ကြို အသိပေးထားမလို့နော်။ မီးလေး ရည်းစားတွေဘာတွေ ထားမယ် ဆိုရင် မယ်မယ် အပြင်းစားတွေ မအော်ရ ဘူးနော်။ စကားမစပ် မီးလေးကြိုက်တဲ့ စိတ်ကူးထဲက ချစ်သူပုံစံဟာ အဲဒီလို gentleman style နဲ့ ခပ်ဖြောင့်ဖြောင့် ငနဲမျိုးပေါ့။ P.S သူ့နာမည်က ဒေါက်တာ နှောင်တိုးတဲ့ မယ်မယ်။ မယ်မယ် J မဝင် ကြေးနော်။*

ငြိမ်းသူ့ရင်က မယ်မယ့်ဆီ e-mail ရိုက်ပြီး ပို့လိုက်သည်။ ပြီးတော့ ထုံးစံအတိုင်း သူငယ်ချင်းကျော်ဘာ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ပြီးတစ်ယောက်ဆီ ဖုန်းဆက်ကာ စကားတွေဖောင်ဖွဲ့လျက် တစ်ညတာ အချိန်တွေကို ကုန်ဆုံးစေသည်။ တကယ်တော့ ပျင်းစရာပါ။ ချစ်သူရည်းစားကလေးတစ်ယောက်နှင့် အနုအရွ၊ သမုဒယကလေးတွေ ဖုန်းကျွေးရသော အရသာကလေးကိုတော့ အတောင့်တသားပင်။ ခက်သည်က ငြိမ်းသူ့ကကိုယ့်ကို ကြိုက်သမျှ hip-hop စတိုင်လ်နှင့် ကောင်လေးတွေကို လုံးဝ ဖီးလ်မလာခြင်းပဲ ဖြစ်သည်။ ငြိမ်းသူက ချစ်သူဆိုလျှင် တည်တည်ငြိမ်ငြိမ် ရင့်ကျက်သော ဣန္ဒြေမျိုးနှင့် ကိုယ့်ထက်များစွာ အသိပညာပိုမြင့်သော ယောကျ်ားမျိုးကိုသာ စိတ်ဝင်စား၏။ လွယ်လွယ်ပေါ့ပေါ့ကလေးနှင့် ဘာကိုမှ အလေးအနက်မထားတတ်သော ခေတ်လူငယ်ကလေးတွေကို စဉ်းစားလို့ကိုမရ။ ရင်ဘတ်ထဲ ထည့်ကြည့်ဖို့ဆိုတာ အဝေးကြီးပင်။ ငြိမ်းသူက ယောကျ်ားဆိုလျှင် Brad Pitt လို ရုပ်မျိုးကို သဘောကျသူဖြစ်ရာ ထိုလူကို Brad Pitt နှင့် ခပ်ဆင်ဆင်ကလေး ရှိနေတာကလေးနှင့် ဝေလွှယ်ကြွေလွယ် ဖြစ်နေခဲ့ပြီ။ မိန်းကလေးတစ်ယောက်ရဲ့အထာကို မကျွမ်းကျင်၊ မပါးနပ်သေးတာက





လွဲရင်ပေါ့လေ။ ငြိမ်းသူ့က သူ့ရဲ့ ချဉ်းကပ်နည်းတွေကို နည်းနည်းလေးမှ မကြိုက်။ သူ့ကို မနူးမနပ်ပုံစံမျိုးနှင့် မကြိုက်။ အရာရာကို သိနားလည်နေသော ဆရာကြီးစတိုင်လ်မျိုးနှင့် ကိုယ့်ကိုယ်ကို ယုံကြည်သေချာနေသူမျိုး ဖြစ်စေချင်တာ။

☺☺☺

www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းပြောရလျှင် သူမှာ အချိန်ရှိလှသည် မဟုတ်။ သူ့ဘဝမှာ အရှားပါးဆုံး အရာသည် အချိန်ပဲ ဖြစ်၏။ ဆေးရုံအလုပ်က တစ်ဖက်၊ ပုဂ္ဂလိက ဆေးခန်းကြီးတစ်ခုမှာ ဆေးခန်းထိုင်ရတာတစ်ဖက်နှင့် သူ့မှာ အားလပ်ချိန် ဆိုလို့ မရှိသလောက်ပင်။ သူမ အိမ်ရှေ့သို့ ဆေးရုံကပြန်ချိန်များမှာ သူ ဝင်ကြည့်မိခြင်းဖြစ်သည်။ ပြီးတော့ စနေ၊ တနင်္ဂနွေ သူအားသော ရက်တွေမှာပေါ့။ ဒီနေ့တော့ တနင်္ဂနွေမို့ သူ ဆေးရုံ မသွားရပါ။ ဆေးခန်းကလည်း ညပိုင်းမှပဲ ထိုင်လေ့ရှိကာ သူ့လူနာရှိလျှင် ဆေးခန်းက သူ့ mobile ဆီ လှမ်းဆက်သွယ်လေ့ ရှိသည်မို့ ဖုန်းလာမှ သွားရုံပင်။





မနက်စာ breakfast ပင်မစားဘဲ သူ ကားပေါ် တက်ကာ ငြိမ်းသူ့ရင်၏ ခြံရှေ့သို့ ရောက်လာခဲ့သည်။ တကယ်တော့ သူ့မှာ သူမ၏ mobile ဖုန်းနံပါတ်ကအစ မမ ပေးလိုက်သည်မို့ ရှိပြီးသားပါ။ ဖုန်းနံပါတ် ဘယ်ကရသလဲဟု ဟိုက မေးလျှင် မလိမ်တတ်သောကြောင့် ဖုန်းကို တမင် မဆက်ဘဲ ထားခြင်းဖြစ်သည်။

သူ ခြံရှေ့သို့ရောက်ချိန်တွင် သူမ၏ကားကလေး ကလည်း ခြံထဲမှ ထွက်အလာနှင့် တိုက်တိုက်ဆိုင်ဆိုင်ပင်။

"ဟော့လူကြီး . . . ဘာလာလုပ်ပြန်တာတုန်း"

သူမက ကားပေါ်ကနေပဲ လှမ်းအော်မေးသည်မို့ သူကလည်း ကားပေါ်ကနေပဲ ပြန်အဖြေပေးလိုက်ပါသည်။

"မင်းကို ကော်ဖီသောက်လာဖိတ်တာ"

"အံမယ် . . . တယ်ဟုတ်ပါလား၊ လူကြီးက မဆိုးဘူးဘဲ၊ ဘယ်မှာတိုက်မှာလဲ"

"မင်းကြိုက်တဲ့ဆီမှာ တိုက်မယ်"

"OK ဒါဖြင့် TRADERS' ကိုသွားမယ်၊ နောက်ကလိုက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့”

သူမ၏ ကားကလေးက ရှေ့ကနေ ခပ်ကြမ်းကြမ်းကလေးပင် ထွက်သွားသဖြင့် သူ နောက်မှလိုက်ခဲ့ရသည်။ ဒီလိုတော့လည်း လွယ်လို့ပါလား။ သူက ဘုမသိဘမသိနှင့် ကော်ဖီသောက် သွားဖိတ်လျှင် သူမက ငြင်းပစ်လိုက်မှာကို စိုးရိမ်နေတာ။ ဒါတောင် သူမကို သိပ်မယုံရဲသေး။ လှည့်ပတ်ပြီး ပညာများ ပြဦးမလားဟု ရင်တမမဖြစ်နေသေးသည်။ သူမက တကယ်ပဲ TRADERS' HOTEL ဆီသို့ တန်းမောင်းလာခဲ့ပါသည်။ ဒီနေ့တော့ သူမပုံစံကလေးက တစ်မျိုး။ ဒူးဖုံးသာသာ ဂါဝန်ကလေးပေါ်က ကက်ရှ်မီးယား ရင်စေ့ဆွယ်တာကလေးကို လည်ပင်းဟလျက် လက်ကိုပင့်တင်ထားသည်။ ဖိနပ်က ခုံထူထူ မြင့်မြင့်နှင့်ပင်။ လက်မှာ ရောမ လည်သာ လက်ကိုင်အိတ်ကို တံတောင်ဆစ်မှာ ချိတ်ဆွဲလျက်။ မျက်မှန်က အညိုနုရောင် အဝိုင်းခပ်ကြီးကြီး။ ထိုင်ခုံတစ်ခုံမှာ သူမက အေးအေးဆေးဆေးပင် ဝင်ထိုင်လိုက်သည်။ သူက သူမနှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်မိစဉ် သူမက သူ့ကို ခပ်စူးစူး





ကြည့်လျက်. . .

“လူကြီး တကယ်ကျွေးမှာနော်”

တဲ့ . . .။

“ဟောဗျာ . . .၊ ကျွေးမှာပါဆိုမှ၊ ကြိုက်တာ

“ OK . . . ကျွန်မက breakfast လည်းစ
ပြီးတော့ parcel လည်း ယူဦးမှာနော်၊ သူငယ်ချင်းတွေအတွက်၊ ဒီနေ့ သူငယ်ချင်းတွေနဲ့ ချိန်းထားတဲ့ဆီ သွားမလို့ဥစ္စာ၊ လူကြီးက ဦးသွားလို့ ဟော့ ပြောရင်းဆိုရင်း ဟိုကောင်တွေ ဖုန်းဆက်ခေါ်ပြီထင်တယ်၊ နေဦးနော်. . . ခဏလေး”

သူမက တစ်ယောက်တည်းနှင့် ရှုပ်ယှက်ခတ်နေသည်။

“ဟယ်လို . . . မိုး၏ နင်မပြောနဲ့ဦး . . . ငါ အရင်ပြောမယ်၊ ငါ TRADERS' HOTEL ကို sponsor တစ်ယောက်နဲ့ ရောက်နေလို့ဟ၊ ဒီမှာ breakfast ဆွဲလိုက်ဦးမယ်၊ ပြီးမှ နင်တို့ဆီရောက်မယ်၊ နင်တို့ ဘာစား



www.burmeseclassic.com

www.burmeseclassic.com



ချင်တာ ဝိုင်းမှာကြ၊ ငါ parcel ဆွဲခဲ့မှာ၊ သူ့ တစ်ယောက်ချင်းပြော၊ လုပြီးမမှာနဲ့၊ နင်တို့ ကြမ်းကလေး.သ အိမ်ကမကျွေးတဲ့ အတိုင်းပဲ၊ ငတ်ကြီးကို ဒီလိုတော့ဘယ် . . . ၊ နေဦး . . . ငါ မှတ်လိုက်ဦးမယ်"

ကော်ဖီ သူမက ဖုန်းကို နားတစ်ဖက်မှာထောင်ရင်း စိုးဘဲက လက်ကိုင်အိတ်ထဲမှ မှတ်စုစာအုပ်ကလေးနှင့် ဘောလ်ပဲန်ထုတ်ကာ မှတ်နေလိုက်သည်မှာ တသီတတန်း အရှည်ကြီးပင်။ သူ့မှာ သူမ.လုပ်သမျှကို အငေးသားကြည့်နေမိလျက် မိန်းကလေးတွေဆီမှာ ဒါမျိုးတွေလည်း ရှိတတ်သလားဟု အံ့သြရသည်။ တော်တော်လေး စာရင်းမှတ်ယူပြီးမှ ဖုန်းပိတ်လျက် ငံတ့်တာကလေးကို သူမ ချရေးထားသော စာရွက်လိုက် ဆုတ်ယူပေးလိုက်သည်။

"အဲဒါတွေက parcel ယူမှာနော်၊ အခု မှာ.မှာက breakfast၊ crissont ရယ်၊ cake ထဲက special ဘာရှိလဲဟင်၊ ချောကလက်ချိ(စ်)ကိတ်(စ်)ရလား၊ အင်း. . . အဲဒါလည်းယူမယ်၊ ပြီးတော့ . . . ကော်ဖီက Latte





တစ်ခွက်၊ Mocha တစ်ခွက်၊ လူကြီး ဘာကြည့်နေတာလဲ၊ ကိုယ့်ဘာသာမှာလေ"

"အင်း . . . ကိုယ်ကတော့ toast နဲ့ tea ဆိုရင်ရပါပြီ"

မှာပြီးသော ကိစ္စပြီးမှ သူမက . . .

"နောက်လည်း သူငယ်ချင်းတွေကိုပါ ဖိတ်ပြီး restuarant မှာ ကျွေးဦးလေ၊ ကျွန်မက အီတာလျံစာတို့၊ ဂျပန်စာတို့၊ ကိုရီးယားစာတို့ ကြိုက်တယ်၊ အဲဒါလည်း မှတ်ထားပေါ့"

ဟု ရွှတ်နောက်နောက်ဟန်ကလေးဖြင့် ဆိုလိုက်သေးသည်။

"လိုက်ကျွေးမှာပါဗျာ၊ ကဲ ကိုယ့်အကြောင်း နည်းနည်းပြောပြမယ်၊ ပြီးရင် ခင်ဗျားလေးအကြောင်းလည်း နည်းနည်းပြောပြနော်၊ ကိုယ့်နာမည်တော့ သိပြီးလောက်ရောပေါ့၊ ကိုယ် (-------) ဆေးရုံမှာ physician တစ်ယောက်ပါ၊ (------) clinic ကြီးမှာလည်း ညဘက်တွေထိုင်တယ်၊ ကိုယ့်အကြောင်းပြောရရင်



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်လမ်းက တော်တော်ရှင်းတယ်၊ ရည်းစားဆိုလို့လည်း တစ်ယောက်မှ မထားခဲ့ဖူးသေးဘူး၊ အခုဆို အသက်သုံးဆယ်ကျော်လာပြီ၊ ရည်းစားလေးတစ်ယောက်တော့ ရှိသင့်ပြီလို့ ထင်တယ်၊ ဒါပေမယ့်လည်း မိန်းကလေးတွေကို ခပ်လန့်လန့်ပဲကွ၊ ဘယ်လို ချဉ်းကပ်ရမှန်း ကိုယ်သိပ်နားမလည်ဘူး၊ အခုတောင် မင်းလက်ချာအတိုင်း ကိုယ် စမ်းသပ်ကြည့်နေတာ"

သူမက နှုတ်ခမ်းကလေးစေ့ကာ ပြုံးနေသည်။

"မင်းအကြောင်းလဲ ပြောပြလေ"

"ကျွန်မအကြောင်းလား . . . ၊ ကျွန်မက E-major နဲ့ ကျောင်းပြီးသွားပြီ၊ အခု UFL မှာ အင်္ဂလိပ်စာ diploma အတွက် ကျောင်းဆက်တက်နေတယ်၊ မေမေက အင်္ဂလန်မှာ ဆရာဝန်ပဲ၊ ကျွန်မက အဘိုးအဘွားနဲ့နေတယ်၊ ဖေဖေကတော့ မရှိတော့ဘူး၊ သူငယ်ချင်းက လေးယောက်ရှိတယ်၊ မိုးဇံရယ် ယုမိရယ် ပုလဲရယ် သစ္စာရယ်၊ သိပ်ချစ်ကြတဲ့ သူငယ်ချင်းတွေပေါ့၊ ငါးယောက်စလုံး





ဘယ်သူမှ အတွဲမရှိကြသေးဘူး၊ အေးဆေးပဲ၊ စိတ်ကြိုက်ရွေးဆဲပဲ၊ ကျွန်မက ရှယ်တူတန်းတူ ကောင်လေးမျိုးတွေကို စိတ်မကစားချင်ဘူး၊ ပညာရှင် အဆင့်မြင့်မှ ကိုယ်က သူ့ဆီကနေ သင်ယူလေ့လာရမှာလေ၊ ရှယ်တူဆို ဘယ်လိုလုပ် အားကိုးမလဲ၊ နော့ . . . ၊ ပြီးတော့ ခုကြိုက်၊ ခုပြတ်တာမျိုးလဲ မကြိုက်ပေါင်၊ ကျွန်မက တစ်ယောက်ကို ရွေးချယ်ပြီးရင် တစ်သက်စာ တည်မြဲမှ ကြိုက်တာ"

မဆိုးပါဘူး . . . ။ အတွေးအခေါ်ကလေးကတော့ တည်တည်တန့်တန့်ရှိသားပဲဟု သူ နည်းနည်း စိတ်ချမ်းသာသွား၏။ breakfast စားသောက်ပြီး parcel တွေကို သူမကားကလေးပေါ် တင်ပေးဖို့ waiter ကလေးကို ကားသော့ပင် ပေးလိုက်သေးသည်။ bill ကို ကြည့်လိုက်တော့ သူ့တစ်လခစာထက်တောင် ပိုများနေသေးသည်။ တော်ပါသေးရဲ့ . . . ပိုပိုလိုလို အိမ်ကနေ ထည့်ယူလာပေလို့။ ကောင်မလေး ကြည့်ရသည်မှာ သူ့ကို တမင် ညစ်ချင်ဟန်ကလေးလည်း



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။

"ကဲ . . . ကျေးဇူးဘဲနော်၊ ဘိုင့် ဘိုင် . . .၊ နောက်ထပ်လည်း ဒီထက်မက ကျွေးနိုင်ပါစေ၊ ဟုတ်ပြီလား. . .၊ မိန်းမတစ်ယောက်ကို ချဉ်းကပ်တယ်ဆိုတာ အကုန်အကျတော့ များလိမ့်မကွဲ့၊ ကပ်စေးမနည်းကြေးပေါ့နော့"

ဟု နှုတ်ဆက်ပြီးလျှင် သူမက အကြော့အမော့သားကလေးနှင့် ထွက်ခွါသွားလေသည်။ သူမှာ ဆက်လိုက်ရမလား၊ နေခဲ့ရမလား ယောင်ချာချာဖြစ်လျက် ကျန်ရစ်ခဲ့ရသည်။ ဘာပဲဖြစ်ဖြစ် သူ ပျော်ပါသည်။ မိန်းကလေးတစ်ယောက်က သူမကို အဲဒီယောက်ျားက စိတ်ဝင်စားနေမှန်း သိရက်နှင့် အခုလို အခွင့်အရေးတွေပေးနေပြီဆိုကတည်းက အခြေအနေ တော်တော်ကောင်းလို့ပေါ့ဟု သူ မျှော်လင့်ရပါသည်။

☺☺☺



## အခန်း ... ၃

### L'Opera Italian Restaurants:

Spaghetti တွေကို ခက်ရင်းနှင့်လိပ်ကာ အားပါးတရ စားနေကြသော မိန်းကလေးငါးယောက်ကို သူ အငေးသား ကြည့်နေမိသည်။ Italian စာ စားတော့ မမကို သူ အရမ်းသတိရသွားပါသည်။ မိန်းကလေးတစ်အုပ်ကတော့ သူ့ကို ဂရုကလေးပင် မစိုက်။ သူတို့ချင်း စကားတွေ ဟောင်ဖွာ ဟောင်ဖွာနှင့် ဖောင်ဖောင်ကြဲလျက် sponsor ရှိတုန်း နင်းကန်အုပ်နေကြလေသည်။ ရုပ်ကလေးတွေကြည့်တော့ အားလုံးလှတပတ သူ



www.burmeseclassic.com

www.burmeseclassic.com



သွယ်လျလျကလေးတွေချည်း။ သို့သော် . . . စားလိုက်ကြသည်မှာတော့ တစ်စက်ကလေးမှ ဟန်မဆောင်ချေ။

"ငါက spaghetti ဆို အရမ်းကြိုက်တာ၊ နောက်တစ်ပွဲ ထပ်ယူဦးမှာနော်၊ ငြိမ်းသူ ငြိမ်းသူ . . . သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားနိုင်တယ်ဆိုတဲ့စကားကို မမေ့နဲ့နော် . . . ကြားလား၊ sponsor ရှိရင် လက်ကလေးသာ တို့လိုက်၊ ငါတို့က ဒါမျိုးဆို လက်မနှေးဘူး၊ ဂျပန်ဆိုင်မှာ ဆူရှီသွားစားမယ်ဆိုရင်လည်း သံချောင်းခေါက်လိုက်နော်"

တဲ့ . . .။ မိုးဇံဆိုသော တစ်ယောက်က spaghetti နောက်တစ်ပွဲ ထပ်မှာရင်း ပြုံးစိစိဆိုသည်။ ငြိမ်းသူရင် တစ်ယောက်တည်း ကလေးဆန်ကာ ဂျစ်ကန်ကန်၊ ညစ်ကျယ်ကျယ် နိုင်သည်မဟုတ်။ သူတို့အုပ်စုတစ်စုလုံး အဲဒီ ပုံစံဆင်တူကလေးတွေချည်း။

"အံမလေး . . . အံမလေး . . . ငတ်နေလိုက်တာကမ်းကုန်ပဲ၊ ကြိုက်မရှက် . . . ငတ်မရှက်ဆိုတာ





နင့်အတွက် ထားတဲ့ စကားပုံဖြစ်မယ် . . . သိလား မိုးဇံ၊ အဲဒီလိုများ စားနေရရင် ရုပ်ကိုက ပြုံးလို့၊ နင့်အလှည့်ကျမှ တွေ့မယ်၊ နင့်ကို ကြိုက်တဲ့ ဘဲကိုလေ ခေါင်းမွေး အကုန်ပြောင်အောင်ကို နှုတ်ပြမယ်မှတ်"

ငြိမ်းသူက မျက်စောင်းကလေးချီရင်း ပြောသည်။ မိုးဇံဆိုတဲ့ ကလေးမကတော့ ပြောင်စပ်စပ်ကလေးပင်။

"နှုတ် . . . ကြိုက်သလောက်သာ နှုတ်၊ ငါ့ကို မနှုတ်ရင် ပြီးရော၊ ငါ့ကိုကြိုက်တဲ့လူလည်း ရှိပါစေဦးဟယ်၊ ငြိမ်းသူ နင့်ရုပ်ရည်ကလေ ဘဝင်မြင့်နေတဲ့ရုပ်နဲ့ သိလား၊ အမြင်ကတ်ဖို့ ကောင်းလိုက်တာ၊ သူ့ကိုယ်သူ Brad Pitt ကပဲ လာကြိုက်သလိုလိုနဲ့ မှိုရတဲ့မျက်နှာနဲ့"

သူ့ကိုရှေ့မှာထားပြီး သူမတို့ ပြောချင်တိုင်း ပြောနေကြတာကို သူ့မှာ ခပ်ပြုံးပြုံး မျက်နှာပေးဖြင့် မကြားချင်ဟန်ဆောင်နေရသည်။ မိန်းကလေးတွေ ဤမျှ ကလေးဆန်ကာ ဗရွတ်ရွတ်တစကားတွေ ပြောတတ်လိမ့်မည်ဟု သူ မထင်ခဲ့ပါ။ အားလုံး စားပြီးသောက်ပြီးသွားသောအခါ သူက



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းသူနှင့် မျက်လုံးချင်းဆုံအောင် ကြည့်ပြီး . . .

"ငြိမ်းသူရင် . . . မိန်းကလေးတစ်ယောက်နဲ့ အေးအေးဆေးဆေး စကားပြောချင်တဲ့အခါ ဘယ်လိုနေရာမျိုးကို ရွေးရင် ကောင်းမလဲဟင်"

ဟု မေးလိုက်သည်။ ငြိမ်းသူက သူ့ကို ပြုံးပြုံးကလေး ပြန်ကြည့်ကာ . . .

"ဘာစကားပြောမှာလဲ . . . ၊ ချစ်စကားပြောမှာလား ဘဝ အကြောင်းလား"

"အင်း . . . ပထမအဆင့်ကတော့ ချစ်စကားပဲ ဆိုပါတော့ကွာ"

"ချစ်စကား ! . . . အင်း ဒါဆိုရင်တော့ အင်းလျားကန်ပေါင်လို ရေစပ်နေရာကလေးမျိုးကို ရွေးရတယ်လေပြေညင်းကလေး တသော့သော့နဲ့ အေးအေးချမ်းချမ်းကလေးဆိုတော့ နှလုံးသားဆီ ချိန်ပြီးပစ်တဲ့စကားလုံးကလေးတွေက ဟာ့ထ်ကို တည့်တည့်ထိမှန်တာလေ"





သူမသည် သူမစကားနှင့်သူမ ပြန်ပြီး ချောင်ပိတ်မိလိမ့်မည်ဟု ထင်မထားတာလား၊ မထင်ချင်ဟန်ဆောင်နေတာလား မသိ။ ပကတိ မသိနားမလည်ဟန် မျက်နှာပေးကလေးနှင့် အဖြေပေးသည်။

"ကဲ . . . ဒါဖြင့် ကိုယ်တို့နှစ်ယောက် အင်းလျားကန်ပေါင်ဘက် ခဏလောက်သွားရအောင်နော်"

"သူငယ်ချင်းတွေရောလား . . ."

သူမက မျက်ခုံးကလေးပင့်ကာ ရိသဲ့သဲ့ဟန်ဖြင့် မေးသည်။

"ဟင့်အင်း . . . သူငယ်ချင်းတွေ မပါဘူး၊ နှစ်ယောက်တည်းလေ"

ဒီလောက်ဆိုလျှင် ခေတ်ရဲ့ သမီးပျိုတစ်ယောက်ဖြစ်သော ငြိမ်းသူရင်က မရိပ်မိဘဲ နေမည်မထင်။

"ကဲ . . . ကြားတဲ့အတိုင်းပဲနော်၊ နင်တို့လေးယောက်လာရာလမ်းတွေဆီ အသီးသီး ပြန်ကြွလိုက်ကြတော့၊ ငါ သူနဲ့ လိုက်သွားလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု သူငယ်ချင်းတွေဘက်လှည့်ကာ ပြောလိုက်သည်။ သူငယ်ချင်းတွေက တစ်ယောက်တစ်ပေါက်ရှိဆဲ။

"ဟဲ့ . . . အင်းလျားကို ဘာသွားလုပ်ကြမှာတုန်း၊ နှစ်ယောက်တည်းကြီး"

"သူပြောတာ မကြားဘူးလားဟဲ့ . . . စကားပြောဖို့ပါဆိုမှ"

"အေးလေ . . . ဘာစကားလဲလို့ ငါတို့လည်း လိုက်နားထောင်လို့ မရဘူးလား"

"ဟဲ့ . . . ဘယ်ရမတုန်း၊ သူပြောမယ့်စကားက . . ."

ငြိမ်းသူ့ရင်က စကားကို အဆုံးမသတ်ချေ။ သူငယ်ချင်းတွေက ကျိတ်၍ ရယ်မောကြရင်း ခေါင်းတညိတ်ညိတ်ဖြင့် . . . .

"ပေါက်ပြီ . . . ပေါက်ပြီ၊ ဗိုက်လည်း ပြည့်လျှံတင်းနေပြီဆိုတော့ ဆက်ပြီး မနှောင့်ယှက်ရက်တော့ပါဘူး၊ သွားကြ . . . သွားကြ"

ဟု အလိုက်တသိပင် အုပ်စုလိုက်ကြီး ကားတစ်





စင်းဖြင့် ပြန်သွားကြလေသည်။ နှစ်ယောက်တည်း ကျန်ခဲ့သောအခါကျမှ သူမက . . .

"ကဲ . . . လူကြီးက ကျွန်မကားနောက်က လိုက်ခဲ့ပေါ့၊ အင်းလျားကန်ပေါင်ကို သွားမယ်"

ဟု ဆိုပြီး သူမ၏ beatle အဖြူကလေးနှင့် ရှေ့ကနေ သွား၏။ သူက သူမကားနောက်မှ ခပ်မှန်မှန် လိုက်ခဲ့သည်။ တကယ်တော့ ခုလောက်မြန်မြန်ကြီး ဖွင့်ပြောဖို့ ဖြစ်လာလိမ့်မည်ဟုပင် မထင်။ သူမ,ဘက်ကပေးလာသော အခြေအနေတွေပေါ်မှာ သူ အခွင့်အရေး ယူလိုက်ခြင်းလည်း ဖြစ်ပါသည်။

အင်းလျားကန်စောင်းရောက်တော့ သူမက ကားကို parking မှာ ထိုးရပ်ခဲ့ပြီး ရှေ့ကနေ ကြော့ကြော့မော့မော့ကလေး လျှောက်သွားနှင့်နေသည်မို့ သူက ကားကို သူမကားနံဘေးမှာ ကပ်ရပ်ခဲ့ပြီး နောက်ကနေ ခပ်သွက်သွက် လိုက်ခဲ့ရသည်။ အမှန်အတိုင်းပြောရလျှင် သူ့နှလုံးသားက အကြီးအကျယ် လှုပ်ရှားခုန်ပေါက်လျက်ရှိသည်မှာ လူပျိုရိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ယောက်လိုပင်။ သူ့ဘဝမှာ တစ်ခါမှ မိန်းကလေးတစ်ယောက်ကို ချစ်စကားမှ မပြောဖူးခဲ့သေးဘဲ။ ဒါဟာ ပထမဆုံး ရင်ခုန်ရမှုလေ။ အရိုးသားဆုံး ဝန်ခံရလျှင် မမနှင့်တုန်းက တစ်ကြိမ် သူ မျှော်လင့်ရင်ခုန်ခဲ့ဖူးသေးသည်။ သို့သော်. . . အခုလောက်တော့ ဌာန်ကရိုင်း မကျလောက်အောင် မဖြစ်ခဲ့ဘူးပေါ့။

ခုံတန်းကလေးတစ်ခုမှာ သူမက ဖျတ်ခနဲ ဝင်ထိုင်လိုက်ပြီး အနားမှ ဖြတ်လျှောက်သွားသော မိုးပျံပူဖောင်းသည်ကြီးကို လက်ခုပ်တီးပြီး လက်ယပ်လှမ်းခေါ်လိုက်သေးသည်။ သူ အနားသို့ရောက်လာချိန်တွင် သူ့ကို မော့ကြည့်ပုံက တကယ့်ကို ကလေးမကလေးတစ်ယောက်သဖွယ် . . .။

"လူကြီး . . . ကျွန်မကို မိုးပျံပူဖောင်းတွေ ဝယ်ပေးပါ"

သူ တအံ့တဩနှင့် မျက်ခုံးတွေပင့်တက်သွားကာ. . .

"ဘာလုပ်မလို့လဲ . . ."

"လုပ်စရာရှိလို့ပေါ့ကွယ့် . . ."





"ကဲ ကဲ . . . ဘယ်နှလုံးယူမှာလဲ၊ ယူလေ . . ."

"အကုန်ယူမှာ . . ."

"ဟောဗျာ . . .၊ အကုန်ဘာလုပ်ဖို့တုန်းကွာ . . .၊ ကလေးမဟုတ် သူငယ်မဟုတ်နဲ့ကွာ၊ ငြိမ်းသူ့ကလဲ. . ."

"အို ယူမှာပဲ၊ အကုန်ဝယ်ပေးလို့ ပြောနေတယ်မှလား၊ ဘာဖြစ်လို့ ကပ်စေးနည်းနေရတာလဲ၊ ဝယ်ပေးလိုက်ပေါ့။ ဒါလောက်လေးနဲ့ လူကြီး မွဲသွားမှာမို့လို့လား"

"OK OK . . . ကဲ ကဲ ညီလေး အကုန်ယူမှာတဲ့၊ ဘယ်လောက်ကျလဲ . . . တွက်လိုက်ကွာ"

ပူဖောင်းရောင်းသော လူငယ်ကလေးရဲ့မျက်နှာက အားပါးတရကြီး ပြုံးရွှင်လန်းမြသွားကာ ပူဖောင်းရှိသမျှအလုံးရေကို ရေတွက်ပြီး ဈေးပြောသည်မို့ သူက အိတ်ထဲက ထောင်တန်တချို့ လှမ်းပေးလိုက်သည်။ သူမကတော့ မိုးပျံပူဖောင်း ရောင်စုံအများကြီးကို ကလေးတစ်ယောက်လို မက်မောပျော်ရွှင်စွာ ကိုင်ထားလျက် သဘောကျစွာ ပြုံးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . လူကြီး ပြောချင်တာ ပြောလို့ရပြီ၊ ကျွန်မက ပူဖောင်းကလေးတွေလွှတ်ရင်း နားထောင်မယ်၊ ပူဖောင်းကုန်ရင် တော်ပြီ၊ အိမ်ပြန်မယ်၊ ကဲ . . . ပြောတော့"

ဆိုပြီး လက်ထဲက ပူဖောင်း အပြာရောင်ကလေး တစ်လုံးကို ကြိုးဖြတ်ပြီး လွှတ်လိုက်ကာ မိုးကောင်းကင်ထဲ တလွင့်လွင့် ပျံတက်သွားနေသော ပူဖောင်းကလေးကို ခေါင်းကလေးမော့ပြီး လိုက်ကြည့်နေသော ထိုမိန်းကလေး၏ အပြစ်ကင်းသော မျက်နှာကလေးကို သူ မြတ်မြတ်နိုးနိုး ရင်ခုန်စွာ ငေးကြည့်ရင်း. . .

"ကိုယ် . . . ကဗျာဆန်ဆန်လည်း မပြောတတ်ဘူး၊ သွယ်ဝိုက်ကိုးကားပြီးတော့လည်း ရှည်ရှည်ဝေးဝေး မပြောချင်ဘူး၊ မင်းကို ကိုယ် ရင်လည်းခုန်တယ်၊ စိတ်လည်းဝင်စားတယ်၊ မြတ်မြတ်နိုးနိုးနဲ့ ချစ်နေတယ် ငြိမ်းသူ့ရယ်"

"သိသားပဲ . . . လူကြီး ကျွန်မကို ချစ်နေမှန်း၊ ပိုးပန်း





နေမှန်း"

သူမက ပြောပြီး လက်ထဲက ပန်းရောင်ပူဖောင်းကလေးကို လွှတ်လိုက်ပြန်သည်။

"အင်းလေ . . . ကိုယ်ကမှ ဟန်မဆောင်တတ်တာ၊ ပြီးတော့ ပရိယာယ်လည်း မကြွယ်ဘူးလေ၊ မိန်းကလေး တစ်ယောက်ကို အထာနဲ့လည်း ရစ်သမ်တွေ မကျွေးတတ်ဘူး"

"ကဲ . . . ကျွန်မကို ချစ်သွားဖို့ ဘယ်လိုအဖြစ်အပျက်မျိုးက စေ့ဆော်ခဲ့တာလဲ၊ ဆိုလိုတာက ငြိမ်းသက်နေတဲ့ လူကြီးရဲ့ နှလုံးသားကို ဘာက ဘုန်းခနဲ ပုတ်နိုးပစ်လိုက်တာလဲ"

သူမ မေးခွန်းက မထင်မှတ်ဘဲ တော်တော်မြင့်လွန်းသဖြင့် သူ အဖြေရကျပ်သွားပါသည်။ သူမ၏ မေမေက တွန်းပို့လိုက်တာဟုသာ ဖြေလိုက်မိလို့ကတော့ အင်းလျားကန်ထဲ ဒိုင်ပင်ထိုးပစ်လိုက်ရရုံပင်။ သူ ဦးနှောက်ကို ကပျာကယာ အလုပ်ပေးလိုက်ရသည်။ ဘယ်လို စကားလုံးမျိုး



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ယောက် ရဲ့ နှလုံးသားကို ထုတ်ချင်းခတ် ထိုးဖောက်နိုင်စွမ်းရှိမလဲ။ အထူးသဖြင့် သူမ,လို ထင်မှတ်မထားတာတွေ ထ,ထလုပ်တဲ့၊ အလွန် ကလေးဆန်တတ်တဲ့ ကောင်မလေးတစ်ယောက်ရဲ့ နှလုံးသားကို တစ်ချက်တည်းနဲ့ သိမ်းပိုက်နိုင်ဖို့ပေါ့။

"ကိုယ်က ကလေးတွေကို အရမ်းချစ်တတ်တယ် ငြိမ်းသူ၊ ကလေးတွေဟာ ပွင့်လင်းတယ်၊ ဖြူစင်တယ်၊ ရိုးဖြောင့်တယ်၊ မာယာပရိယာယ် မရှိဘူး၊ ဟန်ဆောင်လှည့်စားမှု မရှိဘူး၊ သူတို့ လိုချင်တာကိုလည်း ရိုးရိုးသားသားပဲ တောင်းခံတတ်တယ်၊ ငြိမ်းသူ့ရင်က ကလေးလေးတစ်ယောက်နဲ့ တူတယ်၊ အပြစ်ကင်းလွန်းတယ်၊ ဖြူစင်ပွင့်လင်းလွန်းတယ်၊ အဲဒါလေးတွေကို မြတ်နိုးပြီး ချစ်မိတာ၊ ကိုယ်နဲ့ အသက်ဆယ်နှစ်ကျော်ကွာပေမယ့် ကိုယ့်ဘေးမှာ ကိုယ့်ဘဝရဲ့ လက်တွဲဖော်၊ ပါရမီဖြည့်ဘက်ကလေးတစ်ယောက်အနေနဲ့ ရှိနေရင် သိပ်ကောင်းမှာပဲလို့ ကိုယ် အမြဲ စိတ်ကူးယဉ်မိတယ်၊ အဓိက,ကတော့





မာယာမရှိတာကို ချစ်တယ်ကွာ"

သူမက ပူဖောင်း အဖြူရောင်ကလေးကို တမင်ရွေးချယ်ကာ ကောင်းကင်ထဲသို့ လွှတ်တင်လိုက်ပြန်ရင်း . . .

"ဒါဖြင့် လူကြီးက ကလေးကို မုန့်ကျွေးပြီး ကြိုက်ချင်တဲ့သဘောပေါ့လေ"

ဟု မျက်နက်ကလေး ထောင့်ကပ်ကာမေးသည်။ ထိုမျက်နှာပေး ဟန်မူရာကလေးကို သူ ဘယ်လို အသည်းယားသွားမိမှန်း မသိချေ။

"အဲဒီလို ယူဆချင်ရင်လည်း ယူဆလိုက်ပါတော့ကွာ၊ ကိုယ်ကတော့ ချစ်တာပဲ သိတယ်၊ ချစ်တော့ ကိုယ်ချစ်တဲ့ မိန်းကလေးကို သူများဦးသွားမှာလည်း စိုးတယ်၊ ကိုယ်ပဲ အပိုင်သိမ်းထားချင်တယ်၊ ဆုံးရှုံးရမှာကိုလည်း စိုးတယ်"

သူမက အဝါရောင် ပူဖောင်းကလေးကို လွှင့်တင်လိုက်ပြန်သည်။

"ကဲ . . . အဲဒါဆိုရင် လူကြီး ကျွန်မကို မုန့်ဝယ်ကျွေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ဘာစားဦးမလို့လဲ၊ ခုဏလေးတင်ပဲ spaghetti တွေ တစ်ဝတစ်ပြ စားလာပြီးသားဟာကို"

"အို . . . အခု ဗိုက်က ပြန်ချောင်သွားပြီ၊ လူကြီးရဲ့ စကားတွေကို နားထောင်လိုက်ရတာလည်း ဗိုက်က ပြန်ဆာသွားပြီ၊ ကျွေးမလား . . . မကျွေးဘူးလား ပြော"

"ကျွေးပါတယ်ဗျာ၊ ဘာစားချင်တာလဲ ပြော၊ ကိုယ့်စကားတောင် မဆုံးသေးဘူးကွာ၊ ငြိမ်းသူ့စိတ်က ဖျတ်ခနဲ ဖျတ်ခနဲ ပြောင်းလဲနေတာ လိုက်လို့တောင် မမီချင်ဘူး"

"ကျွန်မက တုတ်ထိုးစားချင်တာ"

တဲ့ . . .။ ကန်ပေါင်ရဲ့ တစ်ဖက်နားမှာ ထိုင်ရောင်းနေသော တုတ်ထိုးသည်ကို လှမ်းကြည့်ပြီး ပြောခြင်းဖြစ်သည်။

"စားချင်ရင် လာလေ . . . သွားစားရအောင်"

ဖြစ်နိုင်လျှင် သူက ဆရာဝန်တစ်ယောက်ပီပီ သူမကို လမ်းဘေးအစာတွေ လုံးဝ မစားစေချင်ပါ။ ဒါပေမဲ့ သူမ၏ မျက်နှာပေးက ဇွတ်တရွတ် ဆိုးနွဲ့တော့မည့်ဟန်





မျက်နှာပေးဖြစ်သည်မို့ သူ တားလို့လည်း မထူးမှာကို ကြိုသိပြီးသား။

"တုတ်ထိုး တစ်ဗန်းလုံး ဝယ်ပေးရမှာနော်"

ဟု သူမက သူ့ကို ဖျတ်ခနဲ မော့ကြည့်ကာ ပူဆာလိုက်သောအခါ သူ မယုံနိုင်လောက်အောင် ဖြစ်သွားသည်။

"ဘယ်လို . . . တုတ်ထိုးတစ်ဗန်းလုံး ဘယ်လိုလုပ်ကုန်မှာလဲကွာ၊ မဖြစ်နိုင်တာကြီးကို"

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ၊ ဝယ်မှာသာ ဝယ်ပေးစမ်းပါကွာ၊ ကျွန်မက တုတ်ထိုးဆို စိတ်ကြိုက် ကိုယ်ကြိုက်တာ လှီးဖြတ်ပြီး စားရမှ ကျေနပ်တာ၊ တုတ်ထိုးသည်ရဲ့ လက်ကြီးနဲ့ လှီးပေးတာကို မစားချင်လို့ပေါ့၊ သူ့လက်သည်းမှာ ချေးတွေနဲ့၊ ပြီးတော့ သူ လှီးရင် ပိပိပါးပါးကလေးတွေ၊ စက္ကူကတောင် အဘခေါ် ရမလောက်ဘဲ"

သူက သူမနှင့် အတိုက်အခံ ပြောမနေတော့ဘဲ တုတ်ထိုးသည်နားသွားကာ တစ်ဗန်းလုံး ဈေးဖြတ်ကာ ဝယ်ပေးလိုက်ရသည်။ အဲဒီတော့မှ သူမက တုတ်ထိုးသည်ရဲ့ ခုံနား



www.burmeseclassic.com

www.burmeseclassic.com



ခပ်တည်တည် ဝင်ထိုင်လိုက်ရင်း သူမလက်ထဲမှာ ကိုင်ထားဆဲဖြစ်သော မိုးပျံပူဖောင်းအစည်းလိုက်ကြီးကို သူ့လက်ထဲသို့ လက်လွှဲ၍ လှမ်းပေးလိုက်သဖြင့် သူမှာ ခပ်ရှက်ရှက်ဖြင့်ပင် ပူဖောင်းသည်လိုလို၊ ဘာလိုလိုနှင့် ပူဖောင်းတွေကို ကိုင်ထားပေးရသည်။ သူမကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်။ သူမ စားချင်သမျှကို စိတ်တိုင်းကျ အားပါးတရ လှီးဖြတ်စားနေရင်း. . .

"ဟော့ . . . လူကြီးလဲ လာစားလေ"

ဟု လှမ်းခေါ်နေလိုက်သေးသည်။

"နေပါစေကွာ . . . ကိုယ်မှ စားလေ့စားထမရှိတာ၊ ကြိုက်လည်း မကြိုက်ပါဘူး"

"ဟင့်အင်း . . . မရဘူး ကိုယ့်လူ၊ ကျွန်မကိုကြိုက်ရင် တုတ်ထိုးကိုလည်း ကြိုက်ရမယ်၊ လာစား . . . စတိဖြစ်ဖြစ်တော့စား . . . ဟုတ်လား၊ အူပိတ် စားကြည့်၊ အရမ်းကောင်းတယ်၊ လျှာစားမလား . . . လျှာ၊ အချင်းတိုင်လဲ ကောင်းတယ်၊ ဒီမှာ ကျွန်မ ရှယ်လှီးပေးမယ်"

"ဟာကွာ . . . ဒီမှာ ဘောလုံးတွေက တစ်ဖက်နဲ့





ဘယ်လိုလုပ်စားမလဲကွာ၊ ငြိမ်းသူက အဲဒီလို မဂျစ်နဲ့လေ"

"ဂျစ်မှာပဲ၊ လာစားမလား . . . မစားဘူးလား"

"ကျစ်ကွာ . . . တကယ့် ဗရုတ်ပဲ"

သူမှာ စိတ်မသက်မသာဖြင့် ကြိတ်မှိတ်အောင့်အည်းကာ သူမလှီးပေးသော ဝက်သားတုတ်ထိုးအတုံးကလေးတွေကို မနည်းမြိုချပစ်ရသည်။ သူမကိုချစ်ရသည်မှာ တော်တော်ကို မလွယ်တာပါလား။

"ကဲ . . . စားလို့ဝပြီ၊ ဟိုကောင်တွေဆီ သံချောင်းခေါက် ဖုန်းဆက်လိုက်မယ်၊ တုတ်ထိုးသံကြားရင် ရောက်ရာနေရာကနေ သွားရည်တမြားမြားနဲ့ ပြေးလာကြပါလိမ့်မယ်"

သူမက သူမ,စားလို့ဝသောအခါ သူငယ်ချင်းတွေကို ဖုန်းဆက်ခေါ်ကာ ကန်ပေါင်မှာ တုတ်ထိုးတစ်ပန်းလုံး sponsor ရထားသဖြင့် စိတ်ကြိုက်လာစားကြဖို့ လှမ်းခေါ်လိုက်သေးသည်။ ပြီးမှ တုတ်ထိုးသည်ကြီးကို . . .



www.burmeseclassic.com

www.burmeseclassic.com



"ခဏနေရင် ကျွန်မရဲ့သူငယ်ချင်း အင်္ဂတ်လေးယောက် လာလိမ့်မယ်၊ သူတို့ ကုန်အောင်ရှင်းပေးလိမ့်မယ်၊ သိလား ဆက်စောင့်နေလိုက်နော်"

ဟု မှာပြီး သူ့ကို ပြန်ဖို့ခေါ်သည်။ သူက . . .

"ဟာ . . . ကိုယ်ပြောနေတဲ့ စကားမှ မပြီးသေးတာ၊ ဆက်ပြောရဦးမယ်လေ"

ဟု ဆိုတော့ သူမက ခေါင်းတခါခါဖြင့် . . .

"တော်လောက်ပြီလေ . . . လူကြီးက ကျွန်မဆီက အဖြေကို မျှော်လင့်နေတာ၊ ဒါပဲမှလား၊ ဒီမှာကြည့် . . . ကျွန်မ အိမ်ပြန်မယ့် လမ်းတစ်လျှောက်ကနေ လူကြီး လိုက်ခဲ့၊ လမ်းမှာ ကျွန်မက ဘောလုံးတွေကို တစ်လုံးပြီး တစ်လုံး လွှတ်လွှတ်သွားမယ်၊ အိမ်ရှေ့အရောက်မှာ တစ်လုံးပဲကျန်နေစေရမယ်၊ အဲဒီတစ်လုံးမှာ အဖြေရှိ တယ်"

ကဲ . . .။ ကြည့် . . .။ အဖြေပေးတာတောင် ဘယ်လောက် ကလေးဆန်လိုက်သလဲလို့။





"ဘယ်လိုအဖြေလဲ ငြိမ်းသူရာ၊ အမိပ္ပါယ်ကလေးတော့ ကြို ရှင်းပြထားမှပေါ့"

"အရောင်နဲ့ အဖြေပေးမှာ . . .၊ အကယ်၍ အနီရဲရဲက လေးကျန်နေရင် No ဆိုတဲ့ အဖြေပေါ့၊ အဝါရောင်က လေးကျန်ရင် သူငယ်ချင်း၊ မိတ်ဆွေတစ်ယောက်လိုပဲ ခင်တယ်ဆိုတဲ့ အမိပ္ပါယ်၊ ပန်းရောင်ကလေးကျန်ရင် တော့ Yes ပေါ့၊ အဖြူရောင်ဆိုရင်တော့ လုံးဝ မစဉ်းစား သေးဘူးပေါ့၊ အပြာရောင်ဆိုရင်တော့ ဆက်ရန်ရှိသေး သည် မျှော်ပေါ့ . . . ဒါပဲနော် . . . ဟုတ်ပြီလား"

သူ တော်တော့် စိတ်ရှုပ်သွားရပါသည်။ သူမက တော့ ကစားနည်းတစ်နည်းကို ဆော့ကစားနေသော ကလေး ငယ်တစ်ယောက်လို အမူအရာက တက်တက်ကြွကြွပင်။ ခဏကြာတော့ သူမရဲ့ beatles ကားကလေးရဲ့ အမိုးပေါ်မှာ မိုးပျံပူဖောင်းတွေ တပြုံတခေါင်းကြီး တလွင့်လွင့်နှင့် သူမက ကြိုးစတွေကို တစ်ဖက်ကကိုင်ရင်း ကားမောင်းနေခြင်းဖြစ် သည်။ သူမှာ ကလေးကို ကြိုက်မိသော ဒုက္ခက မသေးလှ။



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းနေရင်း မိုးပျံပူဖောင်းကလေးတစ်လုံး လွင့်တက်ပျံသွားလျှင် ဘာအရောင်ကလေးပါလိမ့်ဟု ရင်တထိတ်ထိတ်ဖြင့် ရင်ဖိုစွာ စိုးရိမ်တကြီး လှမ်းကြည့်ရသည်မှာ အမော။ ပန်းရောင်ကလေးများ လွင့်ပျံသွားလျှင် ဘုရား ဘုရား . . . ပန်းရောင်မှ ကျန်ပါတော့မလားဟု သည်းထိတ်ရင်ဖို ဖြစ်လျက်။ ထိုမိန်းကလေးက ထိုမျှပင် သူ့စိတ်ကို ဖမ်းစားဆွဲဆောင်နိုင်လှပါသည်။ တော်ရုံတန်ရုံကလေး ချစ်မိတာဆိုလျှင်တော့ သူ ဤမျှ စိတ်ရှည်နိုင်လိမ့်မည် မထင်။ ရယ်စရာတော့ အကောင်းသား။ မိုးပျံပူဖောင်းတွေ တလူလူ ပျံနေသော သူမ၏ beatle ကားအဖြူကလေးကို တခြားကားတွေက တအံ့တဩ လှည့်ကြည့်သွားကြသည်။ သူမ၏ ကားကလေးဆီမှ ပူဖောင်းတွေ တစ်လုံးပြီးတစ်လုံး ပျံပျံသွားသည်မှာ အိမ်နားရောက်လာခါနီးမှာ လေးလုံးသာ ကျန်တော့သည်။ ပန်းရောင်၊ အနီရောင်၊ အဖြူရောင်၊ အပြာရောင်။ သူ့ရင်တွေ ပိုပြီး တလှပ်လှပ်ဖြစ်လာသည်။ ဟော . . . အဖြူရောင်ကလေး လွင့်သွားပြီ။ ပြီးတော့ အပြာရောင်ကလေး။ လမ်းထဲသို့ ဝင်လာ





ချိန်မှာ ပန်းရောင်နှင့်အနီရောင် နှစ်လုံးသာ ကျန်တော့၏။ ဒါ သူမ တမင်သက်သက် ညစ်တာ။ အိမ်ရှေ့သို့ ရောက်ချိန်မှာ သူမလက်ထဲမှာ ပူဖောင်းနှစ်လုံးနှင့်။ တစ်ဖက်က ပန်းရောင်။ တစ်ဖက်က အနီရောင်ဖြစ်သည်။ Yes နှင့် No ပေါ့။ သူမ မျက်နှာပေးကလေးက ညစ်ကျယ်ကျယ် မခိုးမခန့်ကလေး ပြုံးလို့။ သူမက ယုံရတာမဟုတ်။ မထင်မှတ်တာတွေလည်း စိတ်မထင်သလို လျှောက်လုပ်တတ်တာမှလား။

"လူကြီး . . . ရင်ခုန်နေလားဟင်"

တဲ့ . . .။ မေးတဲ့ပုံကိုက။ သူ့ဘဝတစ်ခုလုံး ပျော်ရွှင် စိတ်ချမ်းသာမှုများအားလုံးကို ဒီ မလောက်လေး မလောက်စား ကလေးမကလေးတစ်ယောက်၏လက်ထဲမှာ ပုံအောထားလိုက်ရလိမ့်မည်ဟု သူ မတွေးထားခဲ့မိပါချေ။

"ခုန်တာပေါ့ကွာ၊ မင်း ကိုယ့်ကို သက်သက် ညှဉ်းနေတာ"

သူက မချင့်မရဲ လေသံဖြင့် လှမ်းပြောလျှင် သူမက သဘောကျစွာ တခစ်ခစ်ပင် ရယ်မောနေလိုက်သေး



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကဲ . . . ဒီမှာကြည့် . . ."

ဟု ဆိုပြီး သူမက လက်ထဲက ပန်းရောင် ဘောလုံးကလေးကိုရော၊ အနီရောင်ကလေးကိုပါ တပြိုင်နက်တည်းလိုလို လွှတ်ပစ်လိုက်သောအခါ သူ ယောင်ယမ်းပြီး မျက်လုံးများကို မှိတ်လိုက်မိသည်။

"ဟား ဟား ဟား . . . ကြည့်ပါဆိုနေမှ"

သူမက အသည်းယားစဖွယ် အော်ဟစ်ရင်း သူ မျက်လုံးပြန်ဖွင့်လိုက်စဉ်မှာ ကိုယ်ကလေးကို လေထဲမှာ မြှောက်ခုန်ရင်း ပူဖောင်းပန်းရောင်ကလေးကို အမိအရ ပြန်လှမ်းဆွဲဖမ်းယူနေသော မြင်ကွင်းကို ရင်ခုန်စဖွယ် မြင်လိုက်ရသည်။ ပန်းရောင် ပူဖောင်းကလေးကို မိသွားချိန်မှာ သူမက မချိုမချဉ် အပြုံးဖြင့်. . .

"လူကြီးက တော်တော်တုံးတာပဲနော်၊ မိန်းကလေး တစ်ယောက်က သူ ဝင်မလာစေချင်တဲ့ လူတစ်ယောက်ကို ဟောဒီလို လမ်းတွေခင်းပေးပြီး တံခါးတွေ ဖွင့်ထားပေး





ပါ့မလားရှင့်၊ မကြိုက်နိုင်ရင် အစောကတည်းက ငြင်းပစ်ခဲ့မှာပေါ့၊ လူကြီးကို ညှဉ်းချင်တိုင်း ညှဉ်းနေတာ လူကြီး ဘယ်လောက် စိတ်ရှည်နိုင်မလဲဆိုတာကို စမ်းသပ်နေတာ၊ လူကြီးကိုချစ်တာ အချက်နှစ်ချက်ရှိတယ်၊ တစ်အချက်က ဆရာဝန်ကြီးတစ်ယောက်မို့လို့၊ နှစ်အချက်က Brad Pitt နဲ့တူလို့ ရင်ခုန်တာ၊ ဒါပဲ. . . သိလား . . . ပြန်တော့"

သူမက ပြောချင်ရာလည်းပြောပြီး ကားပေါ် တက်ကာ ဟွန်းနှစ်ချက်ဆင့်တီးပြီး ခြံတံခါးပွင့်လာတာနှင့် ကားကို တန်းတန်းမတ်မတ် မောင်းဝင်သွားတော့သည်။ သူ့ရင်ထဲမှာ ပြောပြလို့မရနိုင်သော၊ အမည်တပ်ဖို့ခက်သော ပျော်ရွှင်ခြင်းတစ်မျိုးဖြင့် ကျန်ရစ်ခဲ့ရသည်။ သူမ၏အချစ်ကို အခုလောက် မြန်မြန်ဆန်ဆန်ကြီး ရလိမ့်မည်ဟုပင် မထင်ခဲ့ပါ။

အိမ်ပြန်ရောက်သောအခါ သူ ပထမဆုံးလုပ်မိသော အလုပ်မှာ မမဆီသို့ e-mail လှမ်းပို့မိခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



To: Ma Ma (nwemageyin@doctors.org.uk)

Subject: အချစ်ကို ရခဲ့ပြီ

**Dear Ma Ma,**

ကျွန်တော့်ရင်ထဲမှာ ဘယ်လောက်ပျော်နေသလဲ ဆိုတာ မမပါ မျှဝေခံစားနိုင်အောင် ကျွန်တော် မျှဝေလိုက်တယ်နော်၊ မမသမီးရဲ့ အချစ်ကို ရခဲ့ပြီ၊ သိပ်ကလေးဆန်ပြီး ရော်ရွက်ဝါကလေးတစ်ရွက်လို မှန်းဆရခက်တဲ့၊ စိတ်အပြောင်းအလဲ မြန်တဲ့၊ ဘာဖြစ်မယ်ဆိုတာကို ဘယ်တော့မှ ကြိုတင်မှန်းဆလို့မရတဲ့၊ အင်္ဂလန်ရဲ့ ရာသီဥတုနဲ့ အလွန်တူလှတဲ့ ချစ်စရာမိန်းကလေးငယ်ငယ်ကလေးရဲ့ချစ်သူ ဖြစ်ခွင့်ရတဲ့အတွက် ကျွန်တော် သူမတူအောင်လည်း ရင်ခုန်စိတ်လှုပ်ရှားရပါတယ်၊ ပျော်လည်း ပျော်ပါတယ်၊ မမရော နေကောင်းရဲ့လား၊ ကျွန်တော့်ရဲ့ အပင်ကလေးတွေရော အခြေအနေကောင်းရဲ့လားဟင်၊ မမရဲ့ စကားအတိုင်းပဲနော်၊ မမသမီးရဲ့ချစ်သူနဲ့ တွေ့ဆုံဖို့ခွင့်ရမယ်ဆို





မြန်မာပြည်ကို အလည်ပြန်လာခဲ့ပါဦး၊ မမကို ကျွန်တော် အရမ်းသတိရတယ်၊ ငြိမ်းသူက မမနဲ့ အရမ်းတူတယ်လေ။

မမရဲ့ သစ္စာရှိသော . . .

နှောင်တိုး . . .

☺☺☺

www.burmeseclassic.com

www.burmeseclassic.com



To : mage mage(nwemageyin@doctors.org.uk)
Subject : ချစ်သူရှိခဲ့ပြီ

**ချစ်သောမယ်မယ်,**

မယ်မယ် မဆူနဲ့နော်။ မီးလေးမှာ ချစ်သူရှိခဲ့ပြီ။ ဒေါက်တာနှောင်တိုးတဲ့ မယ်မယ်။ *Brad Pitt* နဲ့ တူတဲ့ ခန့်ခန့်ညားညား မိုက်မိုက်ကလေးချောတဲ့ အစ်ကိုကြီး တစ်ယောက်ပေါ့။ မီးလေးထက် ဆယ်နှစ်ကျော်ကြီးပါတယ်။ ဒါပေမဲ့ မီးလေး သူ့ကို ချစ်မိသွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဗိုလ်ကျနဲ့ ဆိုးဆိုးလို့ရလို့၊ သူက မီးလေးကို





အရမ်းအလိုလိုက်တယ် မယ်မယ်။ မီးလေး ပူဆာသမျှ လည်း မညည်းမညူ ဖြည့်ဆည်းပေးတယ်၊ မဆိုးပါဘူး. . . ဟဲ ဟဲ၊ လူတော်လူကောင်းလေးတစ်ယောက်ပါ။ မယ်မယ်က မီးလေးကို ဆရာဝန်အရမ်း ဖြစ်စေချင်ခဲ့တုန်းက မီးလေး ရွှတ်နောက်နောက်ဖြေခဲ့တာကို မှတ်မိသေးလား မယ်မယ်။ မီးလေးက ဘယ်တော့မှ ပင်ပင်ပန်းပန်းနဲ့ ဆရာဝန်မလုပ်ဘူး။ ဆရာဝန်ကတော်ပဲ လုပ်မယ်ဆိုတာလေ။ ဟား . . . ဟား။ အခုတော့ တကယ်ဖြစ်ပြီ သိလား။ မယ်မယ် သူနဲ့တွေ့ချင်ရင် မြန်မာပြည်ကို အလည်ခဏ ပြန်လာခဲ့ဦးလေ။

မယ်မယ့်ကို သိပ်လွမ်းတဲ့ . . .

ငြိမ်းသူရင် . . .

☺☺☺

www.burmeseclassic.com

www.burmeseclassic.com










## ရွှေတိဂုံစေတီ

ခုလိုကျတော့ ဣန္ဒြေရရ တည်တည်ငြိမ်ငြိမ်ကလေး ရှိသားပဲဟု သူက ဘေးနားမှာ တွဲ၍ လျှောက်လာသော ချစ်သူမကလေးဆီ ပီတိကလေးဖြင့် ငဲ့စောင်း၍ ကြည့်မငြီးနိုင်။ ဖြူလွလွ ဇာရင်ဖုံး လက်ပြတ်ကလေးကို ပြာလဲ့လွင့်လွင့် ချည်ချိတ်ကလေးနှင့် တွဲဝတ်လျက် ဆံပင်တွေကို အားလုံး စုသိမ်းစည်းနှောင်ထားသောကြောင့် ငြိမ်းသူ့ဟန်ပန်ကလေးက ရှင်းလင်းကြည်လဲ့နေသည်။ ဒီနေ့သည် သူတို့နှစ်ယောက် ချစ်သူသက်တမ်း တစ်လပြည့်သောနေ့ ဖြစ်သည်။ စနေနေ့မို့



www.burmeseclassic.com

www.burmeseclassic.com



သူ ဆေးရုံမသွားရပါ။ ဘုရားသွားရအောင်ဟု သူမကပင် စတင်၍ ပူဆာခဲ့ခြင်း ဖြစ်သည်။ ချစ်သူဆိုသော မိန်းကလေး တစ်ယောက်နှင့် ဘုရားအတူ ဝတ်ပြုရသောအခါ ရရှိသော ပီတိချမ်းသာမှာ ဘာနှင့်မှ မတူချေ။ မွှေးနာမ်ထောင့်တွေမှာ ဘုရားရှိခိုး၊ ရေသပ္ပါယ်၊ အလှူငွေထည့်ပြီး နှစ်ယောက်သား လက်ဖဝါးချင်း ဆုပ်တွဲလျက် ဘုရားကို တစ်ပတ်ပတ်ကြသည်။

"ပြီးရင် ဘယ်သွားချင်လဲ မီးလေး"

ချစ်သူတွေဖြစ်ပြီးသွားချိန်မှာ သူမက သူ့ကို မီးလေးဟု ခေါ်ခိုင်းခဲ့ပါသည်။ သူ့ကိုကျတော့ လူကြီးကနေ တစ်ပြားသားမှ မလျော့။ ပြောင်းလဲမခေါ်။

"လူကြီးရဲ့အိမ်ကို အလည်လိုက်မလို့၊ လူကြီးရဲ့ ဖေဖေနဲ့ မေမေနဲ့လည်း တွေ့ချင်တယ်"

ဟု သူမက ဖြေသောအခါ သူ အံ့သြပျော်ရွှင်သွားပါသည်။ သူမဘက်က အဲဒီလောက် အလိုက်တသိရှိလိမ့်မည်ဟု သူ မထင်ခဲ့။ ချစ်သူသက်တမ်းကလည်း နုသေးသည်မို့ သူမက သူ့မိဘတွေနှင့် တွေ့ဆုံချင်လိမ့်မည်ဟုလည်း သူ မမျှော်လင့်ခဲ့





ပါ။ သူမက ပြောလိုက်တော့မှ သူမကို ဖေဖေနှင့်မေမေက လည်း တွေ့ဆုံချင်နေကြမှန်း သူ ပြောပြဖို့ သတိရလာသည်။ အသက် သုံးဆယ်အရွယ်အထိ ရည်းစားသနာ ရှိသည်ဟူ၍ အသံမကြားခဲ့ဖူးသော သားတော်မောင်ထံမှ ချစ်သူမိန်း ကလေး ရှိနေပြီဆိုတာကို အရိပ်အမြွက်ကလေး ရှက်ကိုးရှက် ကန်းဟန်ဖြင့် ပြောပြသည်ကို ကြားသိခဲ့ရပြီးချိန်မှစကာ ဖေဖေနှင့်မေမေကလည်း ဟန်ပင်မဆောင်နိုင်လောက်အောင် စိတ်ဝင်စား သိချင်နေခဲ့ကြတာ အမှန်ပင်။

"ကြည့်စမ်း . . . ၊ ဒီလိုကျတော့လည်း ကိုယ့်မီးလေးက လိမ္မာလိုက်တာ၊ အလိုက်သိလိုက်တာကွာ၊ ဒီနေ့ စနေနေ့ဆိုတော့ ဖေဖေနဲ့မေမေတို့လည်း အိမ်မှာရှိ တယ်၊ သူတို့က မီးလေးကို တွေ့ချင်နေကြတာ၊ ကိုယ် ပြောလိုက်ရင် မီးလေး မလိုက်ချင်ဘူး ငြင်းနေမှာစိုးလို့"

"အို . . . ဘာဖြစ်လို့ ငြင်းရမှာလဲ၊ ကျွန်မက လူကြီးကို ချစ်တယ်ဆိုတာ တစ်ယောက်ဆိုတစ်ယောက် ဆိုတဲ့ စိတ်နဲ့ချစ်တာ၊ လက်ထပ်ဖို့အထိလည်း ရည်ရွယ်ထား



www.burmeseclassic.com

www.burmeseclassic.com



ပြီးသား၊ အပျော်ရည်းစားထားတာမဟုတ်ဘူး၊ ဘဝတစ်သက်တာလုံးအတွက် လက်တွဲဖော်ကို ရွေးချယ်ခဲ့တာ၊ လူကြီးရဲ့မိဘတွေနဲ့လည်း ရင်းရင်းနှီးနှီး ရှိချင်တယ်၊ ကျွန်မရဲ့ ဘိုးဘိုးဘွားဘွားရော မေမေနဲ့လည်း လူကြီးကို ခင်မင်စေချင်တယ်၊ သူ့အိမ်ကိုယ့်အိမ် ဝင်ထွက်သွားလာပြီး အတွင်းသိ၊ အစင်းသိ ရင်းနှီးတဲ့ ချစ်သူဘဝမျိုးကို လိုချင်တာ"

ဟု သူမက အခုကျတော့လည်း ကလေးဆန်လွန်း၊ ဂျစ်ကျလွန်းခဲ့တာ သူမ မဟုတ်သည့်အတိုင်း တည်တည်ငြိမ်ငြိမ်ကလေး ပြောဖော်ရလေသည်။ သူက မေမေ့ဆီ အရင်ဖုန်းဆက်ပြီး အကြောင်းကြားထားလိုက်သည်။ ချွေးမလောင်းကို အလွန်မြင်တွေ့ချင်နေပြီဖြစ်သော မေမေကတော့ ဝမ်းသာအားရပင် ခေါ်လာခဲ့ဖို့၊ ထမင်းပါ စားဖို့ စီစဉ်ပြင်ဆင်ထားမည်ဟု ဆိုသည်။

"ကဲ . . . မေမေကတော့ welcome ပဲ မီးလေးရေ၊ သွားကြစို့၊ ထမင်းပါ ကျွေးမယ်တဲ့"





"နေဦး . . . ကျွန်မကို city mart လိုက်ပို့ပေးဦး လူကြီးရဲ့ လူကြီးတွေနဲ့ သွားတွေ့တာ ဒီအတိုင်း လက်ဗလာနဲ့ မကောင်းဘူး၊ လေးစားသမှုနဲ့ ခင်မင်ရင်းနှီးမှုတော့ ပြရဦးမှာ"

သူမက city mart ဝင်ပြီး အသီးအနှံ အစုံအလင်ကို လက်ဆောင်ကြိမ်ခြင်းဝိုင်းဝိုင်းကြီးထဲ လှလှပပ စီစီရီရီ ထည့်စေလျက် ဖဲကြိုးလှလှ စည်းနှောင်စေသည်။ ကျွဲကောသီး၊ ပန်းသီး၊ နာနတ်၊ သဘော်၊ ဆန်းကစ်သီး၊ စပျစ်၊ ပန်းသစ်တော် အစုံအလင်ပါသည်။

အသီးအနှံ အလွန်ကြိုက်သော ဖေဖေနှင့် မေမေက သစ်သီးဆွဲခြင်းကြီးကို ကိုယ်တိုင် မနိုင်မနင်း မ,ကာ အိမ်ထဲသို့ ဝင်လာသော ငြိမ်းသူ့ရင်ကို တအံ့တဩပင် လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြပါသည်။ သားထက် အများကြီး ငယ်သော၊ ကလေးသာသာ မိန်းကလေး၏ ငယ်နုပျိုမျစ်မှုကို သဘောကျတာလည်းပါသည်။ သူမ၏ အလိုက်တသိရှိမှုကို မြင်မြင်ချင်း ချစ်မြတ်နိုးသွားကြတာလည်း ပါသည်။ သမီး



www.burmeseclassic.com

www.burmeseclassic.com



မရှိသူတွေမို့ သမီးကို အရှုးအမူး အသည်းအသန် လိုချင်တောင့်တနေကြသော ဖေဖေနှင့် မေမေ့အတွက်ကတော့ သူ ရှာပေးလိုက်သော သမီးကလေးသည် ဘုရားပေးသော ဆုတစ်ဆုလို မက်မောဖွယ်ရာပင်။

"ကြည့်စမ်းပါဦးကွယ် . . .၊ သမီးလေးက လှလိုက်တာ၊ ချစ်စရာကောင်းလိုက်တာ၊ သားကတော့ ရှာတတ်လိုက်တာနော်၊ မေမေတော့ သိပ်ဝမ်းသာတာပဲ၊ သမီးကလေး လိုချင်နေတာ ကြာပြီ၊ သားကလဲ အဖြစ်ကမရှိ၊ ရှာပါဟဲ့ . . . ရှာပါဟဲ့ တွန်းနေတာ လှုပ်ကို မလှုပ်ဘူး၊ ရှာမယ့်ရှာလာတော့လည်း နတ်သမီးလေးများ ခေါ်လာသလား အောက်မေ့ရတယ်၊ လာ . . . သမီး၊ သမီး လာမယ်ဆိုလို့ မေမေ စားဖိုးမှူးကိုတောင် စပါယ်ရှယ် menu ရေးပေးလိုက်တယ်၊ သမီး ကြိုက်ပါ့မလား မသိဘူး၊ lobster ချက်ခိုင်းထားတယ်၊ မနေ့ကမှ မေမေ ဈေးကနေဝယ်လာတာ"

"အိုး . . . သိပ်ကြိုက်တာပေါ့ မေမေ၊ သမီးက lob-





ster ဆိုရင် အသည်းစွဲပဲ၊ မေမေက ချစ်ဖို့ကောင်းလိုက်တာ"

သူမ၏ အချွဲအနွဲ့၊ အခရာအတာမှာ မေမေတစ်ယောက် လုံးလုံးလျားလျားပင် အရည်ပျော်ဆင်းရှားတော့သည်။ ခေါ်ပုံကိုကြည့်လေ။ တွေ့တွေ့ချင်း မေမေကို ပစ်ခေါ်လိုက်ပုံက မေမေ့အသည်းနှလုံးကို တစ်ခါတည်း မျှားယူသိမ်းပိုက်လိုက်သလိုပင်။ မေမေ့မျက်နှာတစ်ခုလုံး အပြုံးများဝေဆာလျက် ငြိမ်းသူကို လက်ကလေးဆွဲကာ အစိပ်တကြည့်ကြည့်။ ဖေဖေကလည်း တပြုံးပြုံးပင်။

"သမီးကြိုက်တယ်ဆိုရင် အမြဲ လာစားပါကွယ်၊ မေမေ အမြဲ ချက်ခိုင်းပါ့မယ်၊ သားမပါလည်း၊ သား မအားလည်း သမီးတစ်ယောက်တည်း ဝင်နော်၊ ထွက်နော်၊ မေမေက တီတီတာတာ ချွဲမယ့်နွဲ့မယ့် သမီးကလေးကို လိုချင်နေခဲ့တာ ဘယ်လောက်ကြာပြီလဲ၊ သားက ဆရာဝန်ဆိုတော့ သူ့ဆေးရုံနဲ့ ဆေးခန်းနဲ့ပဲ အချိန်တွေ ပေးနေရတာ၊ သမီးအတွက်ရော အချိန်ပေးနိုင်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"အခုတော့ အချိန်ကို မနည်းလုပြီး ပေးနေတာပဲ မေမေ၊ သမီးတို့ ချစ်သူဖြစ်တာ တစ်လပဲရှိသေးတယ်၊ နောက်ဆိုရင်တော့ မပြောတတ်ပါဘူး၊ အခုတော့ သူ အားတာနဲ့ သမီးဆီမှာပဲ"

"ကောင်းတယ် . . . ကောင်းတယ်၊ သားအသက်က ငယ်တော့တဲ့အရွယ် မဟုတ်တော့ဘူး သမီးရဲ့၊ သုံးဆယ် စွန်းနေပြီ၊ မေမေက သားကို အိမ်ထောင်နဲ့ ဘာနဲ့ အတည်တကျဖြစ်စေချင်ပြီ၊ သမီးကရော အခု ကျောင်း ပြီးပြီလား၊ ဘာတွေလုပ်နေလဲ"

"သမီး . . . အင်္ဂလိပ်စာနဲ့ ကျောင်းပြီးပြီးသားပါ၊ အခု UFL မှာ diploma ဆက်တက်နေပါတယ်"

"ကောင်းတယ် . . . ကောင်းတယ် သမီး၊ ဖြစ်နိုင်ရင် တော့ အချိန်သိပ်မဆွဲစေချင်ဘူး သမီးရေ၊ သမီးလည်း ပညာစုံပြီပဲ၊ ကြင်ရာစုံဖို့ စိတ်ကူးပါနော်၊ မေမေတို့ ဘယ်တော့လာပြီး နားဖောက်ရမလဲ သာပြော၊ သိလား . . .၊ မေမေတို့ဘက်ကတော့ ရယ်ဒီပဲ"





မေမေက ရယ်ကာမောကာဖြင့် ရွှန်းရွှန်းဝေ အောင် ပြောနေသည်။ သူမကလည်း ပြုံးစိစိနှင့် သူ့ကို တကြည့် ကြည့်။

"မေမေကသာ ရယ်ဒီဖြစ်နေတာ၊ မေမေ့သားကိုလည်း မေးကြည့်ပါဦး၊ မေမေ၊ သူက လူပျိုကြီးဘဝကို စွန့်လွှတ် ချင်သေးတာ မဟုတ်ဘူး"

"အောင်မာ . . .၊ ကိုယ်က ဘာဖြစ်လို့ လူပျိုကြီးဘဝကို မစွန့်လွှတ်ချင်ရမှာလဲကွ၊ အပိုတွေ လျှောက်ပြောမနေ နဲ့၊ မေမေတို့ရှေ့မှာ စိန်ခေါ်လား၊ စိန်ခေါ်တယ်ဆိုရင် ကိုယ်က အမြန်ဆုံးတောင် လက်ထပ်ချင်နေတာ၊ မီးလေးက ငယ်သေးတယ်ဆိုပြီး ငြင်းနေမှာကို စိုးတာ"

သူကလည်း အခွင့်ရတုန်း ခပ်သွက်သွက်ပင် တက်တက်ကြွကြွ ပြောလိုက်သည်။ ငြိမ်းသူကတော့ သူ့ကို အသည်းယားစဖွယ်ဖြစ်အောင် ခပ်သဲ့သဲ့ကလေးသာ ပြုံးကာ စိုက်ကြည့်နေပါသည်။

"သမီးက မငြင်းပါနဲ့ကွယ်၊ သားမှာ ရှားရှားပါးပါး



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူဆိုလို့ သမီးက ပထမဆုံးပဲ ... သီလား၊ ကဲ ထမင်းပွဲ အဆင်သင့်ဖြစ်ပြီတဲ့ ... စားကြစို့"

ငွေမောင်းတီးသံကလေး ထွက်ပေါ်လာချိန်တွင် မေမေက ငြိမ်းသူ့လက်ကလေးကို ဆွဲခေါ်ကာ ထမင်းစားခန်းဆီသို့ ခေါ်သွား၏။ မေမေ့ အပြုအမူတွေက ဟန်ဆောင်နေခြင်း မဟုတ်ပါ။ တကယ့်ကို လှိုက်လှဲစွာ လိုလားကြည်ဖြူလွန်းနေမှန်း သူတောင် ရိပ်မိသည်။ အလွန်အကင်းပါးသွက်လက်သော ငြိမ်းသူက မသိဘဲ နေမည်မဟုတ်။ ငွေပန်းကန်တွေနှင့် ငွေခက်ရင်း၊ ဓားတို့ကို စနစ်တကျ ပြင်ဆင်ထားသော စားပွဲရှည်တွင် ဖေဖေနှင့်မေမေက ထိပ်မှာထိုင်ပြီး သူနှင့်ငြိမ်းသူက ဘေးချင်းကပ် နေရာယူလိုက်သည်။ မေမေ စိတ်တိုင်းကျ ရှာဖွေငှားထားခဲ့သော ဟိုတယ်လ်တစ်ခုမှ စားဖိုမှူးဟောင်း ဦးလေးမြိုင်ကြီး၏ လက်ရာ lobster ဟင်းကို အရင်ဆုံးလိုက်ပြီး serve လုပ်ပေးပါသည်။ ငါးခူကြော်နှပ်၊ ငါးခေါင်း ချဉ်ရည်ဟင်း၊ ဘာလချောင်ကြော်နှင့် မှိုကန်စွန်းဟင်းဖြစ်သည်။

"ဟင်းတွေက စုံလိုက်တာ မေမေရယ်၊ hotel မှာ လာစား





ရတဲ့ အတိုင်းပဲ"

"အေး အေး ... သမီး၊ မြိန်မြိန်စားနော်၊ နောက်ဆို လာမယ်ဆို ဖုန်းသာကြိုဆက်လိုက်၊ သမီး စားချင်တာ သာပြော၊ ဦးမြိုင်က chef လေ၊ အရမ်းတော်တာ၊ နိုင်ငံတကာ ဟင်းလျာ အကုန်ချက်တတ်တာ"

"အို ...၊ အဲဒီအချက်တစ်ချက်တည်းနဲ့တင် သမီး သူ့ကို ပိုပြီး လက်ထပ်ချင်သွားပြီ"

ကြည့် ...။ ဘယ်လောက် အရွှန်းဖောက်လွန်းတဲ့ ကလေးမလဲလို့။ မေမေဆိုတာ သဘောကျလွန်း၍ ရယ်မဆုံးနိုင်။ တစ်ခါတစ်ခါ လေးနက်တော့မလိုလိုနှင့် မထင်မှတ်ချိန်မှာ ပြန်းခနဲ ပေါ်သွမ်းပစ်တတ်လိုက်သော သူမ၏အကျင့်ကို သူကတော့ သိပြီးသားဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ထိုနေ့က သူမနှင့် ဖေဖေ၊မေမေတို့ကို တွေ့ဆုံပေးလိုက်ရသော ရလဒ်ကတော့ အလွန်ပဲ လှပသင်းပျံ့ပါသည်။ မေမေ့နှုတ်ဖျားမှာ သမီးလေး၊ သမီးလေးဆိုတာ တဖွဖွနှင့် ပြောမဆုံးတော့ပေ။ ငြိမ်းသူ့ရဲ့ အစွမ်းအစဟာ အံ့ဩပဲလား မသိပါ။ သူမ ဘာမ



www.burmeseclassic.com

www.burmeseclassic.com



တကူးတက ပြင်ဆင်ကြံစည်ဆောင်ရွက်ရခြင်း မရှိပါဘဲလျက် သူမကို မြင်တွေ့သူတိုင်းက အသည်းခိုက်အောင် ချစ်မြတ်နိုး တတ်ကြစမြဲတည်း။

☺☺☺



"မေမေ ပြန်လာတော့မယ် . . ."

ဟု ငြိမ်းသူက ပြောသောအခါ သူ့ရင်ထဲ ထိတ်ခနဲ ပျော်ရွှင်သွားပါသည်။ မမနှင့် မတွေ့ရတာ ဘယ် လောက်ကြာပြီလဲ။ သူ မမနှင့် တကယ်ပဲ ပြန်တွေ့ချင်နေပါ သည်။

"ဟုတ်လား . . . ဘယ်တော့လဲဟင် မီးလေး"

"ရှေ့အပတ် စနေ လူကြီးရဲ့၊ လူကြီးရဲ့ မျက်နှာက ဘာဖြစ်လို့ အဲဒီလောက် လင်းလက်ပျော်ရွှင်သွားရတာ လဲ၊ မေမေ ပြန်လာမယ်ဆိုတာနဲ့ အဲဒီလောက် ပျော်သွားစရာအကြောင်း ရှိလို့လား လူကြီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူမက ချက်ချင်းပဲ ရိပ်မိနိုင်စွမ်း ရှိပါသည်။ သူ ချက်ချင်းပဲ ဟန်ဆောင်ပြုံးလျက် . . .

"ပျော်စရာအကြောင်း ရှိတာပေါ့ မီးလေးရဲ့၊ ကိုယ့်မှာ အကြံရှိတာကိုး၊ ယောက္ခမလောင်းကြီး ပြန်လာတုန်း အခွင့်အရေးအပြည့် အသုံးချရမှာကိုး၊ ကိုယ်တို့ စေ့စပ် ထားရအောင် မီးလေးရာ၊ မီးလေးရဲ့ မေမေ ပြန်လာ တုန်း အချိန်ကလေးမှာပေါ့နော်"

သူစကားကြောင့် ငြိမ်းသူက မျက်စောင်းကလေး ချီရင်း . . .

"ဟင်း . . . ဒါမျိုးကျတော့ သိတတ်လိုက်တာနော်၊ လူကြီးမပြောလည်း မီးလေးက ကြံစည်ထားပြီးသားပါ။ မယ်မယ်က သုံးပတ်လောက်နေမှာ၊ စေ့စပ်ပြီးရင် တစ်နေရာရာ သွားလည်ကြမယ်လေ"

ဟု သူမက တက်ကြွထက်သန်သော လေသံ ကလေးဖြင့် ဆိုနေပြန်သည်။

"လက်ရော မထပ်ချင်ဘူးလားဟင် မီးလေး၊ ကိုယ့်





အသက်က ကြီးလှပြီကွ၊ စေ့စပ်ပြီး ဘယ်လောက် ထပ် စောင့်ရဦးမှာလဲ၊ မယ်မယ် လာတုန်းလေးတစ်လက်စ တည်း မင်္ဂလာကိစ္စကလေး စီစဉ်လိုက်ရရင် မကောင်း ဘူးလား"

ဟု သူက သွေးတိုးစမ်းသလို ပြောလျှင် သူမက မျက်စောင်းကြီးထိုးကာ . . .

"လူကြီးနော် . . . ဘာမယ်မယ်လဲ၊ လောဘတော်တော် ကြီးနော်၊ စေ့စပ်ဖို့ အခွင့်အရေးပေးလိုက်တာနဲ့ လက်ပါ ထပ်ချင်နေတယ်၊ အဲဒီလောက် မြန်မြန်ဆန်ဆန်ကြီး ယောကျ်ားမယူချင်သေးပါဘူး၊ ကလေးတစ်ယောက်လို ပဲ ပျော်ပျော်နေချင်သေးတယ်၊ မယ်မယ်ကလည်း သူ့သမီးကို ချက်ချင်းကြီး ဘယ်ပေးစားချင်စိတ် ရှိပါ့ မလဲ၊ သူ့ သားမက်လောင်းကို အကဲခတ်လေ့လာဦး မှာပေါ့"

သူ နည်းနည်းတော့ ရယ်ချင်သွားသည်။ မမနှင့် သူ့ရဲ့ လျှို့ဝှက်ချက်ကိုသာ သိလျှင် သူမကလေး ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



များ ဆွေ့ဆွေ့ခုန်လိုက်မည် မသိ။ တစ်ခါတစ်ခါကျတော့လည်း ကိုယ်ချစ်မြတ်နိုးသောသူတစ်ယောက်ကို ပိပိရိရိ လိမ်ညာဖုံးကွယ်ဟန်ဆောင်ထားရသော အလုပ်ဟာ သိပ်ကို ခက်ပါသည်။

"ယောက္ခမကြီးက ချက်ချင်း သဘောတူတယ်ဆိုရင် မီးလေးက ယူမှာလား"

"ဟင့်အင်း . . . မယူပေါင်၊ မီးလေးဘာသာ ဆုံးဖြတ်မှာပေါ့၊ မီးလေးဘဝအတွက် သိပ်အရေးကြီးတဲ့ ဆုံးဖြတ်ချက်ကို မယ်မယ်အပါအဝင် ဘယ်သူတစ်ဦးတစ်ယောက်ကမှ ဝင်ရောက်စွက်ဖက်ချယ်လှယ်တာ လက်မခံဘူးသိလား၊ မီးလေးကို တကယ်ချစ်ရင် တဂျီဂျီနဲ့ နားပူနားဆာ လုပ်မနေနဲ့၊ မီးလေးစိတ်ထဲက ပြောလို့ရတာ မဟုတ်ဘူး၊ မနက်ဖြန် လက်ထပ်ချင်စိတ်ပေါက်လာရင်လည်း ပြုန်းခနဲ ကောက်ပြီး လက်ထပ်ချင် လက်ထပ်လိုက်မှာပဲ"

"အေး . . . ကောင်းသားပဲ၊ မနက်ဖြန် လက်ထပ်ချင်





စိတ် တကယ်ပေါက်ပစ်လိုက်ပါလားကွာ"

သူက ပြုံးလျက် ပြောလိုက်သောအခါ သူမက သဘောကျစွာ ဟက်ဟက်ပက်ပက် ရယ်မောလျက်ရှိလေသည်။

☺☺☺

www.burmeseclassic.com

www.burmeseclassic.com







## ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်

မယ်မယ်သည် ဘာမှ မပြောင်းလဲ။ ဟိုးအရင်က လိုပင် လှပခေတ်မီဆဲ။ ကြေးနီရောင် ဆံပင်ပွပွ ဖွာရရာတွေကို ဖြစ်သလို လိပ်ခေါက်ညှပ်တင်ထားခဲ့သည့်တိုင် ဖြူနုဝင်းမွတ်ကာ ကြည်လင်လှပသော မျက်နှာကလေးက ထင်ရှားစွာ လှပဆဲ။ အို . . . မယ်မယ်နဲ့ မတွေ့ရတာ ဘယ်လောက်တောင်ကြာပြီလဲ။ ငြိမ်းသူသည် မယ်မယ့်ဆီ အပြေးကလေးသွားပြီး မယ်မယ့် ပါးပြင်ကလေးနှစ်ဖက်ကို အလွမ်းများစွာဖြင့် နမ်းရှုပ်နှုတ်ဆက်လိုက်သည်။ မယ်မယ်က ချည်သားပျော့ပျော့ ဘောင်းဘီ ဖြူလွလွနှင့် ကက်ရှ်မီးယားဆွယ်ဘာ



www.burmeseclassic.com

www.burmeseclassic.com



လက်တို ပေဒါရောင် ဖျော့ဖျော့ကလေးကို ဝတ်ထားပြီး လည်သာ လက်ကိုင်အိတ်အဖြူရောင် ပျော့အိအိ ခပ်ကြီးကြီးကို တံတောင် ဆစ်နားမှာ ချိတ်ဆွဲလျက် . . .

"အံမယ် . . . ကြည့်စမ်း၊ မယ်မယ့်သမီးက လှလာလိုက်တာ၊ အရပ်ကြီးက ရှည်ထွက်လာပါလား၊ ခြောက်ပေနီးပါး ရှိတော့မယ်နော်၊ ကြည့်လည်းလုပ်ပါဦး . . . ၊ international model ကလေးကျနေတာပဲ"

"ဟီ ဟိ . . . ငါးပေဆယ့်တစ်ပါ မယ်မယ်ရဲ့၊ ဒီထက်ပို မရှည်လောက်တော့ပါဘူး၊ မီးလေးက နေ့တိုင်း ရေကူးမှ မဖြတ်တဲ့ဥစ္စာ"

"ဘယ်မှာလဲ ဘိုးဘိုးနဲ့ဘွားဘွား"

"ဘိုးဘိုး နေမကောင်းဖြစ်နေတာနဲ့ ဘွားဘွားလဲ စိတ်မချလို့ ကျန်ရစ်ခဲ့တယ်၊ ဒီမှာ မယ်မယ့်ကို မိတ်ဆက်ပေးဖို့ မီးလေး လူတစ်ယောက်ခေါ်လာတယ်၊ ဒါလေ မီးလေးချစ်သူပေါ့ . . . ဒေါက်တာနှောင်တိုး၊ လူကြီး . . . ဒါ မယ်မယ်လေ"





ငြိမ်းသူသည် မိတ်ဆက်ပေးလိုက်ရင်း မယ်မယ့်ကို အကဲခတ်သော မျက်လုံးများဖြင့် မသိမသာ ခိုးကြည့်လိုက်မိသည်။ ထိုတဒင်္ဂကလေးမှာပဲ အလွန်ထူးခြားသော ပြောင်းလဲမှု တစ်ခုကို မယ်မယ့်၏မျက်နှာပြင်ပေါ်မှာ ရိပ်ခနဲ မြင်လိုက်ရခြင်းဖြစ်သည်။ မယ်မယ့်မျက်ဝန်းတွေ ရွှန်းမြချို့ရီသွားလိုက်ပုံများ၊ နှုတ်ခမ်းတွေ အားပါးတရ ပြုံးလိုက်ပုံများ။ သာမန်လူစိမ်းတစ်ယောက်ကို အခုမှ တွေ့ပြီး လှမ်းကြည့်သော အကြည့်မျိုး၊ အပြုံးမျိုး။ အင်း . . . ဘယ်လိုတင်စားရပါ့မလဲ။ အနှစ်နှစ်အလလက ပျောက်ဆုံးကွဲကွာသွားခဲ့သော မိတ်ဟောင်းဆွေဟောင်း ချစ်သူဟောင်းကို ပြန်တွေ့ နှုတ်ဆက်လိုက်ဟန်မျိုးပါ။ သို့သော် အဲဒီပြောင်းလဲထူးခြားမှုဟာ ခဏကလေး။ တကယ့်ကို ခဏကလေးပါ။ ငြိမ်းသူက မယ်မယ့်ကို စေ့စေ့စပ်စပ်ကလေး စောင့်ကြည့်နေခဲ့လို့သာ လျှပ်တစ်ပြက်ကလေးအတွင်းမှာ မြင်ခွင့်ရလိုက်တာပါ။

ထို့နောက် ဖျတ်ခနဲ လူကြီးဘက်သို့ လှည့်ကာ ကြည့်လိုက်မိသည်။ ထိုခဏမှာလည်း အလွန်သိပ်သည်းအား



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသော သံသယတစ်ခုက ငြိမ်းသူ့ရင်ထဲသို့ ဖျတ်ခနဲ ခုန်ဝင်ရောက်လာစေတဲ့အထိ လူကြီးရဲ့ မျက်ဝန်းအကြည့်တွေဆီမှာ အင်မတန် နက်ရှိုင်းသိုသိပ်သော၊ လင်းချင်းလက်ဖြာသော အရာတစ်ခုကို တွေ့လိုက်ရပြန်သည်။ လူကြီးရဲ့ အကြည့်တွေဟာ မယ်မယ့်ကို အခုမှတွေ့သော ယောက္ခမလောင်းတစ်ယောက်ကို ကြည့်ပုံမျိုး လုံးဝမဟုတ်။ အင်မတန် ရင်းနှီးနွေးထွေးနေသော လှိုက်လှဲနက်ရှိုင်းလွန်းသော၊ ပြီးတော့ သိမ်မွေ့လျို့ဝှက်လွန်းသော၊ နားလည်ရအလွန်ခက်သည့် အကြည့်တွေဖြစ်သည်။ ဟင် . . .။ သူတို့နှစ်ယောက်ဟာ ဘာတွေလဲ။ ခုမှတွေ့ကြတဲ့ လူနှစ်ယောက် မဟုတ်တာ သိပ်ကို သေချာပါတယ်။ ငြိမ်းသူ့ရင်ထဲ လှပ်ခနဲ ဟာသွားကာ အတွေးတစ်ခုက လျှင်မြန်စွာ ဝင်ရောက်လာသည်။ ငါ့နှယ် . . . ညံ့လိုက်တာ။ MRCP ကို သိပ်မကြာသေးခင်ကမှ အင်္ဂလန်ကနေ ယူလာခဲ့တာလေ။ အင်္ဂလန်မှာတုန်းက သူ ဘယ်မြို့မှာနေခဲ့သလဲဆိုတာ ယောင်လို့ပင် မမေးခဲ့မိသော ငြိမ်းသူ၏ အမှားကို ချက်ချင်းမြင်လာသည်။ မယ်မယ်နဲ့ လူကြီးကို ဘယ်လိုမှ ဆက်စပ်ပြီး တွေး





မကြည့်မိခဲ့ဘူးပါ။

"အေး အေး . . . တွေ့ရတာ ဝမ်းသာတယ် မောင်နှောင်တိုးရယ်၊ သမီးက မင်းအကြောင်းတွေ တော်တော်များများ ပြောပြထားပါတယ်၊ လာ လာ. . . နောက်မှ အေးအေးဆေးဆေး စကားပြောကြတာပေါ့၊ မင်း . . . အိမ်ကို တစ်ခါတည်း လိုက်ခဲ့မယ်မှလား"

မယ်မယ့်အသံက တရင်းတနှီး . . .။

"ဟုတ်ကဲ့ . . . မမ . . . အဲ"

ဘုရားရေ . . .။ မမ ဆိုပါလား။ အဲဒီနောက်မှာ 'အဲ'ဆိုသော အာမေဍိတ်က သူ အမှားတစ်ခု ကျူးလွန်မိသွားသော သက်သေဖြစ်သည်။ ဘာဖြစ်လို့ လူကြီးက မယ်မယ့်ကို 'အန်တီ'ဟု လေးစားသမှုအရ မခေါ်ဘဲ အလွန်ရင်းနှီးနေသူတစ်ယောက်ကို ခေါ်သလို 'မမ' ဟု လွှတ်ခနဲ ခေါ်လိုက်သလဲ။ ငြိမ်းသူသည် မတွေးကောင်းသော အတွေးတစ်ခု ချက်ချင်းတွေးမိကာ မျက်နှာပျက်ချင်လာခဲ့သည်။ သို့သော် ကြိုးစား၍လည်း ဟန်ဆောင်ထားလိုက်မိသေးသည်။ နောက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



စုံစမ်းစရာတွေ အများကြီးပဲ ကျန်ပါသေးသည်။ ငြိမ်းသူ့ရဲ့ သံသယကို မယ်မယ်ရော၊ လူကြီးကိုပါ မမြင်စေလိုပါ။ ဒါတောင် လူကြီးကိုကပ်ပြီး ခပ်တိုးတိုး မေးဖြစ်အောင် မေးလိုက်မိသေးသည်။

"ဘာဖြစ်လို့ ကိုယ့်ယောက္ခမလောင်းကို မမလို့ ခေါ်ရတာတုံး"

သူက တစ်ချက်ငဲ့ကြည့်ကာ အဖြေပြန်ပေးပါသည်။

"ဪ . . . ကိုယ်တို့ ဆရာဝန်လောကမှာ ကိုယ့်ထက် ဝါကြီးရင့်တဲ့ consultant တွေကို မမလို့ပဲ ခေါ်နေကျလေ၊ အဲဒါ အကျင့်ပါနေလို့ပါ၊ ပြီးတော့ . . . မီးလေးရဲ့ မယ်မယ်က ငယ်ငယ်ပဲရှိသေးတဲ့ဥစ္စာ"

သူ့ဆင်ခြေကလေးကတော့ အလှသား။ ထားလိုက်ပါတော့လေ။ ငြိမ်းသူ ဘာမှ မပြောတော့ပါ။ ပစ္စည်းဈေးပြီးတာနှင့် အိမ်သို့ ပြန်လာခဲ့ကြသည်။ ငြိမ်းသူသည် ထိုအချိန်ကစပြီး မယ်မယ်နှင့် လူကြီးကို မသိမသာ အကဲခတ်မိနေသော





သည်။ ရင်ထဲမှာတော့ အလွန်ပါးလွှာသော သံသယပါးပါးကလေးတစ်လွှာ ဖုံးအုပ်လျက်။ အခုမှပဲ သူတို့နှစ်ယောက်ကို ယှဉ်တွဲမြင်ယောင်ကြည့်မိသည်။ လူကြီးဟာ ငြိမ်းသူ့ထက် မယ်မယ်နဲ့တောင် ရွေ့သွားနောက်လိုက် ညီလျက် လိုက်ဖက်တင့်တယ်သယောင်။ ဟင့်အင်း မတွေးနဲ့ . . .။ ငြိမ်းသူ့ဘာတွေ တွေးနေမိသလဲ မသိပါ။ မတွေးကောင်းတာတွေ။

☺☺☺

www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ breakfast အတူတူစားပြီးမှ လူကြီး ပြန်သွားခြင်းဖြစ်သည်။ လူကြီး ပြန်သွားတော့မှ မယ်မယ့်အခန်းမှာ မယ်မယ်က ရေမိုးချိုး၊ အဝတ်အစားလဲပြီး အိပ်ရာပေါ်မှာ အနားယူကြောဆန့်နေတုန်း ငြိမ်းသူက မယ်မယ့်သေတ္တာကြီးကို ဖွင့်ကာ မွှေနှောက်လျက်ရှိသည်။

"မီးလေးရယ် . . . လာစမ်းပါဦး၊ မယ်မယ့်ရင်ခွင်ထဲလာအိပ်ပေးစမ်းပါဦး၊ အဲဒီပစ္စည်းတွေအားလုံး မီးလေးအတွက်ချည်းပဲ၊ နောက်မှဖွချည်၊ မယ်မယ်တစ်ယောက်တည်း နေခဲ့ရတဲ့အချိန်တွေမှာ မီးလေးကို ဘယ်လောက်လွမ်းနေရတယ်မှတ်လဲ၊ လာစမ်း . . . ဒီကို"





ဟု မယ်မယ် လှမ်းခေါ်လျှင် ငြိမ်းသူက မယ်မယ်ယူလာသော အင်္ဂလန်မှ နောက်ဆုံးပေါ် ဒီဇိုင်နာတွေရဲ့ ဖက်ရှင် အဝတ်အစားတွေ၊ ဖိနပ်တွေ၊ လက်ကိုင်အိတ်တွေ၊ ဖန်စီ အသုံးအဆောင်ကလေးတွေကို စိတ်တိုင်းကျ ရှာဖွေနေရာမှ မယ်မယ့်ဆီသို့ အလွန်သတိထားနေမိသော ခြေလှမ်းများဖြင့် ခပ်ဖြည်းဖြည်း လျှောက်သွားမိသည်။ အရင်လိုဆိုလျှင်တော့ စွေ့ခနဲ ခုန်လွှားပြီး ရောက်သွားမှာပါ။

"ကဲ . . . ပြောစမ်းပါဦး မီးလေးရဲ့၊ မီးလေးရဲ့ ချစ်သူအကြောင်း"

မယ်မယ့်ရင်ခွင်ထဲဝင်လဲလျောင်းလိုက်တော့ မယ်မယ်က ငြိမ်းသူ၏ ခေါင်းကလေးကို ချစ်စနိုး ရှိုက်နမ်းလိုက်ပြီး မေးလေသည်။ ငြိမ်းသူက စိတ်ကူးတစ်ချက် ဖျတ်ခနဲပေါ်ကာ . . .

"မယ်မယ့်အကြောင်း အရင်ပြောပြပါ မယ်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



မယ်မယ့်မှာ boyfriend ရှိခဲ့သလား၊ ဒါမှမဟုတ် ရှိနေပြီလား"

"ဟဲ့ . . . ဒီကောင်မလေးဟာ ပေါက်ပေါက်ရှာရှာ ဘာတွေ လာမေးနေတာလဲ၊ မယ်မယ့်မှာ ဘယ်လိုလုပ်ပြီး boyfriend ရှိရမှာလဲ၊ မရှိပေါင်ဟယ် . . .၊ ထားလည်း မထားပါဘူး"

"ဟုတ်ရဲ့လား မယ်မယ်ရယ်၊ မယ်မယ် ဒီလောက် attractive ဖြစ်တာ၊ Sandra Bullock ကျနေတာပဲ၊ ပြီးတော့ မယ်မယ့်အသက်က လေးဆယ်စွန်းစွန်းပဲ ရှိသေးတဲ့ဥစ္စာ၊ မယ်မယ့်ကို စွဲမက်တဲ့သူတွေ ဝိုင်းဝိုင်းလည်နေမှာပါ၊ ဟုတ်တယ်မှုလား၊ မညာပါနဲ့ မယ်မယ်"

"ကျစ် . . . ဒုက္ခပါလား၊ ခက်တော့နေပြီ ကလေးမရယ်၊ မယ်မယ်မှ စိတ်မဝင်စားတဲ့ဥစ္စာ"

"မဖြစ်နိုင်ပါဘူး မယ်မယ်ရာ၊ မယ်မယ့်နှလုံးသားကို





ဒီလိုပဲ သော့ခတ်သိမ်းဆည်းလိုက်တော့မလို့လား၊ မယ်မယ် ဘာကို ထိန်းချုပ်နေရတာလဲ၊ တကယ်တမ်းပြောရရင် မယ်မယ်ဟာ အများထင်သလို တကယ်တစ်ခုလပ်တစ်ယောက်လည်း မဟုတ်ဘူး၊ သမီးတစ်ယောက်အမေဆိုပေမယ့်လည်း မီးလေးကို မယ်မယ်မွေးစားခဲ့တာပဲ ရှိတာပါ မယ်မယ်၊ မယ်မယ်ဟာ အပျိုစင်စစ်စစ်ကလေး၊ မယ်မယ့်ဘဝအတွက် ခရီးရှည်ကြီးကို အတူလက်တွဲသွားရမယ့် အဖော်ကောင်းတစ်ယောက်ကို မယ်မယ် လိုအပ်လို့ ရှာတာ ဘယ်သူက ဘာပြောမှာမို့လို့လဲ မယ်မယ်ရဲ့"

တကယ်တော့ အဲဒီလောက်ထိပြောဖို့ မရည်ရွယ်ပါ။ ဘာကြောင့်မှန်းမသိ စိတ်လိုက်မာန်ပါပင် ပြောဖြစ်သွားခဲ့ပြီးမှ ငြိမ်းသူ့မှားသွားပြီဟု နောင်တရလိုက်မိသည်။ မယ်မယ်က အိပ်နေရာမှ ဝုန်းခနဲ ထပစ်လိုက်ကာ ငြိမ်းသူ့ကို



www.burmeseclassic.com

www.burmeseclassic.com



အလန့်တကြား ကြည့်သည်။

"ဟဲ့ . . . ဒီကောင်မလေး ဘယ်လိုပြောလိုက်တာလဲ၊ ဘာစကားတွေ လျှောက်ပြောနေတာလဲ၊ တော်စမ်း. . . တိတ်စမ်းပါ မီးလေးရယ်၊ ဒီအကြောင်းတွေကို ဘာဖြစ်လို့ အစပြန်ဖော်နေရတာလဲ၊ မီးလေးရင်ထဲမှာ ဘာတွေ ရှိနေလို့လဲ၊ မယ်မယ် ပြန်လာတာ ကိုယ့်သမီးနဲ့ မိဘတွေဆီ ပြန်လာတာဆိုတဲ့ စိတ်ကလွဲပြီး မယ်မယ့်ရင်ထဲမှာရော၊ ခေါင်းထဲမှာရော ဘာမှမရှိဘူး၊ ဒီမွေးစားတဲ့ ကိစ္စကို ဘာဖြစ်လို့ ပြန်အစဖော်ရတာလဲ . . . တော်စမ်းကွယ်"

မယ်မယ့်မျက်နှာက စိတ်အနှောင့်အယှက်ကြီးစွာ ဖြစ်သွားသည့်ပုံ။ မတတ်နိုင်ပါ။ မယ်မယ်သာ ဘာဖြစ်လို့များ ငြိမ်းသူ့နှင့်ပတ်သက်သမျှ အရာရာတိုင်းကို လိုက်ပြီး အနစ်နာခံ ပေးဆပ်နေမှန်း မသိချေ။ အတိတ်သည် အတိတ်မှာပဲ





ကျန်ရစ်ခဲ့ပြီးသားဆိုပေမယ့် ထိုအတိတ်သည် အမှန်တရားတစ်ခုအဖြစ် ငြိမ်းသူ့ရင်ထဲ နှလုံးသားထဲမှာ ယနေ့ထက်တိုင် ကိန်းဝပ်ရှင်သန် အမြစ်တွယ်နေဆဲဖြစ်သည်၊ ထိုအမှန်တရားကို အားလုံးလည်း အသိဖြစ်သည်။ ဘယ်သူကမှ တကူးတကတမင်တကာကြီး ဖုံးကွယ်သိုသိပ်ထားခဲ့သည်မှ မဟုတ်ဘဲ။

မယ်မယ့်မှာ အမြွာအစ်မတစ်ယောက် ရှိခဲ့ပြီး ထိုအစ်မဖြစ်သူသာလျှင် ငြိမ်းသူ့ရဲ့ မေမေအရင်းဖြစ်သည်။ နွေးမယ်ရင်နှင့် အေးမယ်ရင်ဆိုသော အမြွာညီအစ်မနှစ်ယောက်ဆိုသည်မှာ တစ်ခေတ်တစ်ခါက လူသိများ ကျော်ကြားခဲ့သော bell တွေ ဖြစ်ခဲ့သည်။ နှစ်ကိုယ့်တစ်စိတ် ချစ်ခဲ့ကြသည်မှာလည်း သူမတူအောင်ပင်။ ဆယ်တန်းအောင်တဲ့အချိန်မှာမှ သူတို့နှစ်ယောက် ကွဲဖို့ ဖန်လာခဲ့သည်။ မယ်မယ်က ဂုဏ်ထူးများစွာနှင့် ဆေးကျောင်းတက်ဖို့ ဖြစ်လာကာ မေမေကတော့ နဂိုကမှ စာကို စိတ်မဝင်စားလှသူပီပီ ရိုးရိုးသာအောင်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မယ်မယ် ဆေးကျောင်းရောက်သွားတော့ မေမေက ရိုးရိုး ရူပဗေဒမေဂျာဖြင့် တက္ကသိုလ် ရောက်သွားကာ လူချင်း တပူးတွဲတွဲ မခွဲမခွါ ရှိရာကနေ လုံးဝ ခွဲပစ်လိုက်သလို ကွဲကွာ သွားခဲ့ပါသည်။ မယ်မယ်က စာမှစာ တစ်ခုတည်း အာရုံစိုက် ကာ ကြိုးစားအားထုတ်နေခဲ့ချိန်မှာ မေမေ့ကို မျက်ချည်ပြတ် သွားခဲ့သည်။ မေမေ့မှာ ချစ်သူရှိလာသည်။ မယ်မယ်က ပညာ တော်ဖို့၊ ဆရာဝန်တောင်မှ ထူးချွန်ထက်မြက်သော ဆရာဝန် တစ်ယောက်ဖြစ်ဖို့ စိတ်အားထက်သန်စွာ ကြိုးစားနေချိန်မှာ မေမေကတော့ ချစ်သူကိုသာ စိတ်ဝင်စားခဲ့ပြီး အချစ်ကိုသာ ကိုးကွယ်ပုံအပ်ခဲ့ပါသည်။ မယ်မယ်နှင့် မေမေက အမြွှာ ညီအစ်မတွေမို့ ရုပ်ချင်း ခွဲမရအောင် စွပ်ချွတ် တူလွန်းလှပေ မယ့် စိတ်နေစိတ်ထားချင်းကျတော့ မတူပြန်ပါ။ မေမေက သူ့ချစ်သူနှင့် လူကြီးတွေမသိအောင် နှစ်ဦးသဘောတူပင် လက်ထပ်ထားခဲ့သေးသည်။ ထိုချစ်သူ နိုင်ငံရပ်ခြားသို့ အလုပ်





လုပ်ဖို့ ထွက်ခွါသွားချိန်မှာတော့ မေမေ့အတွက် အရှက်ရစရာ အဖြစ်တစ်ခုနှင့် ကျန်ရစ်ခဲ့ရှာသည်။ လက်ထပ်ထားသော ယောကျ်ားရှိသည်ဆိုသော်ငြား လူသိရှင်ကြား ထုတ်ပြလို့မှ မရခဲ့ဘဲ။ မေမေ့ချစ်သူသည် နိုင်ငံခြားသို့ ထွက်သွားပြီးချိန်မှ စ၍ သတင်းအစအနကလေးတောင် ပြန်မကြားခဲ့ရ။ စာလည်း မလာ။ အဆက်အသွယ်လည်း မလုပ်။ သေသလား ရှင်သလားပင် မပြောနိုင်ခဲ့သော အခြေအနေ။ အဲဒီအချိန် တုန်းက ဘိုးဘိုးနှင့်ဘွားဘွားတို့ မိဘတွေမှာ ရင်ကွဲပက်လက် ရင်နာ၍မဆုံး အရှက်ရခဲ့ရကြောင်း ဘွားဘွားကိုယ်တိုင် မျက်ရည်ရစ်ဝိုင်းသော မျက်ဝန်းများဖြင့် ငြိမ်းသူ့ သိထားခွင့်ရ အောင် အစအဆုံး ပြန်လည်ပြောပြခဲ့ဖူးတာကို ငြိမ်းသူ မှတ်မိ နေပါသည်။ အဲဒီအချိန်မှာ ငြိမ်းသူက သိတတ်သော၊ ဆင်ခြင် ပိုင်းခြားနိုင်သော အရွယ်ရှိနေခဲ့ပြီလေ။ ဘွားဘွားပြောခဲ့သော စကားတစ်ခွန်းက ငြိမ်းသူ့ရင်ထဲ ယခုထိတိုင်အောင် စွဲငြိလို့နေ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။

"အမှန်တရားဆိုတာကို ငါ့မြေး သိကို သိထားခွင့် ရှိရမယ်၊ အမှားတစ်ခုနဲ့ ငါ့မြေးရဲ့ဘဝကို မလုံမခြုံ ဖုံးဖိမထားချင်ပါဘူး၊ တစ်ချိန်ချိန် သူတစ်ပါးက ဖွင့်ပြောလိုက်တော့မှ သိလိုက်ရရင် ငါ့မြေးရင်ထဲ ပိုပြီး ခါးသီးမယ်၊ ခံစားရမယ်၊ နာကျင်ရမယ်၊ ထိခိုက်ရမယ်၊ ခုကတည်းက သိကို သိထားရမယ်"

တဲ့လေ . . .။ မယ်မယ်ဟာ ငြိမ်းသူ့ရဲ့ အမေအရင်း မဟုတ်ဘဲ မွေးစားအမေအဖြစ် ငြိမ်းသူ့ကို ငယ်ငယ်ကတည်းက မိခင်ကိုယ်စား ပြုစုစောင့်ရှောက်ခဲ့ကြောင်း ဘွားဘွားက အသေးစိတ် ပြောပြခဲ့ပါသည်။ ဘာဖြစ်လို့လည်းဆိုတော့ မေမေက ငြိမ်းသူ့ကို အသက်နှင့်လဲပြီး မွေးသွားခဲ့သည်ကိုး။ ငြိမ်းသူ့အတွက်တော့ မယ်မယ်သည်သာ အမေ၊ မယ်မယ်သည်သာ အဖေ ဖြစ်ခဲ့ရသည်။ မယ်မယ်နှင့်အတူ





အဘိုးအဘွားတို့၏ နွေးထွေးလုံခြုံသော မေတ္တာရင်ငွေ့တို့ဖြင့် ကြီးပြင်းရှင်သန်ခဲ့ရသော ငြိမ်းသူ၏ဘဝတွင် မေတ္တာကို ငတ်မွတ်ဆာလောင်သည် ဟူ၍ပင် မရှိခဲ့ရပါ။

"ပြောပြပါ မယ်မယ်ရာ . . . မယ်မယ် ဒီအရွယ်အထိ မယ်မယ့်နှလုံးသားက တစ်ခါမှ မလှုပ်ရှားခဲ့ဖူးဘူးဆိုတာတော့ မဖြစ်နိုင်ပါဘူး၊ အချစ်ဆိုတာကို မယ်မယ်တွေ့ကို တွေ့ခဲ့ဖူးမှာပါ"

"ရော် . . . ဒီကောင်မလေးဟာ ဇွတ်ပဲဟယ်၊ ဒီမှာ မယ်မယ် ပြောပြမယ့်၊ မယ်မယ်က ဦးနှောက်သမား၊ ဦးနှောက်ကို အမြဲတမ်း ဦးစားပေးရှေ့တန်းတင်နေကျ မိန်းမမျိုး၊ နှလုံးသားရဲ့ အလိုကို ဘယ်တုန်းကမှ မလိုက်ခဲ့ဘူး၊ အလိုလိုက်ခဲ့မိလို့ ကိုယ့် အမြွာအစ်မတစ်ယောက်ရဲ့ ဘဝမှာ အမှားအယွင်းတွေနဲ့ ကူကယ်ရာမဲ့ ဖြစ်ခဲ့ဖူးတဲ့ သာဓက,က ရင်ထဲမှာ စွဲနေခဲ့ပြီးသား၊ ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဆိုတာ ကိုယ့်ဘ၀တစ်ခုလုံးကို လုံခြုံနွေးမြ အောင် အုပ်မိုးကာကွယ်ပေးနိုင်စွမ်းလည်း ရှိသလို ကိုယ့်ဘ၀ကို တစ်စစီ အလွင့်အလွင့် အစင်စင်ဖြစ် အောင် ကူကယ်ရာမဲ့ အကာအကွယ်မဲ့သွားအောင် လည်း လုပ်နိုင်စွမ်းရှိတာ မယ်မယ် အမြဲ မှတ်ထားတယ်၊ အဲဒီ နှစ်မျိုးနှစ်စားပဲရှိတယ်။ မယ်မယ်က လူတစ် ယောက်ကို ချစ်မိပြီဆိုပါတော့၊ ဒီယောက်ျားဟာ မယ်မယ့်ဘ၀ကို လုံခြုံမှုပေးနိုင်မယ့်သူလား၊ မယ်မယ့် ဘ၀ကို နောင်တရစရာတွေ ဖြစ်အောင် အမှားအယွင်း တွေ ဖန်တီးပေးနိုင်မယ့်သူလားဆိုတာကို မယ်မယ် အရင် တွေးကြည့်တယ်၊ မယ်မယ်နှလုံးသားရဲ့ အလိုဆန္ဒနောက် ကို ကောက်ကောက်ပါအောင် လိုက်မယ့်သူ မဟုတ်ဘူး၊ မဖြစ်နိုင်ဘူးလို့ ကိုယ့်ဦးနှောက်က အချက်ပြ မီးလင်းလာ ရင် မယ်မယ် ဘယ်လောက်ပဲ ချစ်မိချစ်မိ ရှေ့ဆက်





မတိုးတော့ဘူး၊ ဖွတ်မိုတ်ပြီး လမ်းလွဲပစ်လိုက်တယ်၊ မယ်မယ့်ဘ၀အတွက် အချစ်ဆိုတာ သိပ်အဓိကကျတဲ့ အခန်းကဏ္ဍမှာ မပါဘူး မီးလေးရဲ့၊ ကိုယ်ဖြစ်ချင်သလို ဖြစ်မလာနိုင်ဘူးဆိုတဲ့အခါမှာ ကိုယ် ဖြစ်စေချင်တဲ့ လမ်းတစ်ခုဆီ လွှဲပေးလိုက်တာက သဘာ၀လည်းကျ တယ်၊ လူကိုလည်း ထိခိုက်ခံစားရ သက်သာစေတယ်၊ မဖြစ်နိုင်တာကြီးကို ဘာဖြစ်လို့ ဖွတ်အတင်းအကျပ် လုပ်ယူမလဲကွယ် . . . ဒါပါပဲ"

မယ်မယ့်မျက်ဝန်းကလေးတွေကို ငြိမ်းသူ အငေး သား ကြည့်မိသည်။ မယ်မယ့်မျက်ဝန်းတွေထဲမှာ တစ်ခုခု ရှိနေသလိုပဲ။ ထူးခြားတောက်ပတဲ့ အရောင်တစ်မျိုးပါပဲ။

"တော်ပြီ . . . မယ်မယ့်ကို ဆက်မေးမနေနဲ့တော့၊ မီးလေးရဲ့ ချစ်သူအကြောင်းပဲ ပြောပြ"

မယ်မယ်က တစ်ခုခု မေးဖို့ဟန်ပြင်နေသော



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းသူ့ ကို ချက်ချင်း လမ်းလွှဲပစ်လိုက်လေသည်။ ငြိမ်းသူသည် မယ်မယ့်ကို ဘာမှ ဆက်မေးလို့ မရတော့ဘဲ မကျေမနပ်နှင့် လက်လျှော့လိုက်ရသည်။

☺☺☺



## အခန်း ... ၉

အဲဒီနေ့က လူကြီး၏ အသက်သုံးဆယ့်တစ်နှစ်ပြည့်သော နေ့ဖြစ်သည်။ မနက်အစောကြီး လှမ်းပြီး birthday wish လုပ်ပြီး "ဘုရား သွားရအောင်" ဟု ငြိမ်းသူက ပြောတော့ သူက . . .

"ဒီနေ့ ကိုယ် ဆေးရုံ စောစောသွားရမယ် မီးလေးရယ်၊ Part (I) တွေကို စာမေးပွဲ စစ်စရာရှိလို့၊ ညကျမှပဲ တစ်ခုခုစားပြီး အေးအေးဆေးဆေး ဘုရားတက်ကြ တာပေါ့နော်"

ဟု ဆိုသောကြောင့် 'O.K' ဟု သဘောတူလိုက်သည်။ မယ်မယ်က ဘိုးဘိုးနှင့်ဘွားဘွားကို ရောက်တုန်း



www.burmeseclassic.com

www.burmeseclassic.com



ရောက်ခိုက် အချိန်ပေးကာ အေးအေးဆေးဆေး စကားပြောလျက်ရှိသည်။ မယ်မယ် မပြန်ခင် တစ်ပတ်အလိုလောက်ဖြစ်သော စနေတစ်ရက်မှာ လူကြီးချင်း စကားပြောပြီး ဧည့်ခံပွဲကလေး ကျင်းပဖို့ စီစဉ်ထားခဲ့သည်။ ခက်သည်မှာ ငြိမ်းသူ့ရင်ထဲမှာ ဝဲလှည့်လှုပ်ရှားလျက်ရှိသော သံသယကလေးတစ်ခုဖြစ်သည်။ လူကြီးကို ငြိမ်းသူ မေးခဲ့ပြီးပါပြီ။

"လူကြီး ... အင်္ဂလန်မှာ MRCP သွားယူတုန်းက ဘယ်မြို့မှာ နေခဲ့တာလဲ"

ဟု အမှတ်မထင်ဟန်ဖြင့် မေးလိုက်သည်ကို သူကလည်း အမှတ်တမဲ့ပင် ...

"Sunderland "မှာလေ၊ ဒါပေမဲ့ စာမေးပွဲဖြေတော့ London မှာ၊ ဘွဲ့ယူတော့ Edinburgh မှာ၊ တစ်မြို့စီပဲ ... ဘာဖြစ်လို့မေးတာလဲ မီးလေး"

ဟု ပြန်မေးသံက တစ်ခုခုကို သတိထားလိုက်





ဟန်မျိုးဟု ငြိမ်းသူက ဆွဲယူတွေးလိုက်မိသည်။

"ဪ ... Sunderland နဲ့ Chester-Le-Street ဆိုတာ နီးနီးလေးပဲ၊ လူကြီးနဲ့မယ်မယ် မဆုံခဲ့ဘူးလားလို့ပါ"

"မီးလေးကလဲ ... အင်္ဂလန်မှာရှိတဲ့ မြန်မာတွေတိုင်း တွေ့ဖြစ်ကြတာမှ မဟုတ်တာကွာ၊ ကိုယ့်အလုပ်နဲ့ ကိုယ်လေ၊ ကိုယ်လည်း ကိုယ့်စာမေးပွဲအတွက် လုံးပမ်းနေခဲ့ရတာ၊ ဘယ်တွေ့ဖြစ်ပါ့မလဲ"

"မယ်မယ်နဲ့ တကယ်ပဲ မဆုံခဲ့ဘူးပေါ့ ..."

"မဆုံပါဘူး ... ဘာဖြစ်လို့ မေးတာလဲ မီးလေး"

"ဘာမှ မဖြစ်ပါဘူး ...၊ လူကြီးနဲ့ မယ်မယ့်ကို ကြည့်ရတာ ခုမှ တွေ့ဖူးတဲ့လူနှစ်ယောက်နဲ့ မတူလို့ပါ၊ အင်္ဂလန်မှာများ ဆုံဖူးခဲ့သလားလို့ပါ"

လူကြီးက ဘာမှ ပြန်မဖြေဘဲ ရယ်လို့သာ နေခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ငြိမ်းသူက မကျေနပ်ပါ။ မယ်မယ့်ကို မေးတော့လည်း မယ်မယ်က လုံးဝ မသိပါတဲ့။ နာမည်ကိုတောင် ငြိမ်းသူ ပြောမှ သူ သိခဲ့တာပါတဲ့လေ။ သို့သော် . . . လူချင်းတွေ့သောအခါ သူတို့နှစ်ယောက်၏ တစ်ယောက်ကိုတစ်ယောက် ကြည့်ပုံ၊ စကားပြောပုံတွေမှာ တစ်ခုခုကို လျှို့ဝှက်ထိန်ချန်ထားသလိုပဲ ဟု ငြိမ်းသူ ခံစားရပါသည်။

ဒီနေ့တော့ ဘာကြောင့်မှန်းမသိ လူကြီးရဲ့အိမ်သို့ သွားကာ လူကြီးကို မွေးနေ့အမှတ်တရအဖြစ် surprise တစ်ခု ခု လုပ်ချင်စိတ် ရင်ထဲမှာ ပြင်းပြလျက်ရှိသည်။ ဟုတ်ပြီ . . . သူ့ အခန်းထဲမှာ နှင်းဆီတွေ ဝေနေအောင် သွားထိုးပေးမယ်။ ပြီးတော့ . . . သူ့ရဲ့ အိပ်ရာပေါ်မှာ နှင်းဆီပွင့်ဖတ်လွှာကလေးတွေ သွားပြီး ဖြန့်ကျဲပေးထားမယ်။ ခြံအနောက်ဘက်ရှိ နှင်းဆီရုံဆီမှ ရှိရှိသမျှ နှင်းဆီအဖြူတွေ သွားခူးခိုင်းထားလိုက်သည်။ ထို့နောက် ရေမိုးချိုး အဝတ်အစားလဲကာ လူကြီးရဲ့ မေမေ့ဆီ





ငြိမ်းသူလာမည့်အကြောင်း ဖုန်းကြိုဆက်ထားလိုက်သည်။ ပြီးတော့ မယ်မယ့်ကို အသိပေးကာ ကိုယ့်ကားကလေးဖြင့် လူကြီး၏အိမ်သို့ ထွက်လာခဲ့သည်။ လူကြီး၏မေမေက အိမ်တံခါးဝသို့ပင် ထွက်ကာ လှိုက်လှိုက်လှဲလှဲ ကြိုဆိုလျက်ရှိသည်။

"သမီး လာမယ်ဆိုလို့ မေမေက Lunch အတွက်တောင် menu စီစဉ်ပေးထားပြီးပြီ၊ အို . . . နှင်းဆီဖြူတွေ လှလှချည်လား သမီးရယ်"

"ဟုတ်ကဲ့ . . . မေမေ၊ ဒီနေ့ သူ့မွေးနေ့လေ၊ သူ့ အခန်းကို white roses တွေနဲ့ အလှဆင်ပေးထားပြီး သူ့ကို surprise လုပ်မလို့ မေမေ"

"အမလေး . . . ကောင်းပါလေ့ သမီးရယ်၊ လာလာ သမီးကို သားရဲ့ အခန်းဆီ လိုက်ပို့ပေးမယ်၊ သမီးကို ကူဖို့ မေမေကိုယ်တိုင် နေပေးရမလား၊ ကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် လွှတ်ပေးရမလား သမီး"

"ဟင့်အင်း မေမေ ... သမီးတစ်ယောက်တည်း အေးအေးဆေးဆေး အချိန်ယူပြီး လုပ်မလို့ပါ၊ ပန်းအိုး ကလေးတွေတောင် အသစ်တွေ ဝယ်လာခဲ့တယ်"

"ကောင်းတယ် ... ကောင်းတယ် ... သမီး၊ အဲဒါ ဆိုရင် သမီးကို အနှောင့်အယှက် မပေးတော့ဘူး၊ take your time သမီး၊ ထမင်းစားချိန်ကျမှ တံခါးလာခေါက် လိုက်မယ်၊ O.K"

သူ့မေမေက ငြိမ်းသူ့ကို သူ့အခန်းဝထိ လိုက်ပို့ ပေးကာ ပခုံးကလေးကို ပွေ့ဖက်နှုတ်ဆက်ပြီး ပြန်ထွက်သွားပါ သည်။ သူ့အခန်းက အကျယ်ကြီးပင်။ ကျယ်ပြန့်သလောက် ရှင်းလင်းသေသပ်ကာ စည်းကမ်းရှိသော၊ အသန့်အပြန့်ကြိုက် သော လူတစ်ယောက်၏ အခန်းလိုပင် သန့်ရှင်းနေသည်။ အခန်းထောင့်မှာ နှစ်ယောက်အိပ် ကုတင်တစ်လုံးကို နှင်းဆီ





ပွင့်အကြီးကြီးများပါသော ပန်းနုရောင် အိပ်ရာဖုံးဖြင့် ဖုံးအုပ် ထား၏။ နံရံကပ်ဗီရိုကြီးများက မြင့်မားလှကာ ဗီရိုတိုင်းမှာ စာအုပ်တွေအပြည့် စီရရီ။ ကွန်ပျူတာ စားပွဲပေါ်မှာ sony vaio laptop ကလေးက ပွင့်လျက်သား။ အင်း ... စားပွဲပေါ် မှာ ပန်းအိုးတစ်လုံး တင်ရမယ်။ ပြီးတော့ ... ကုတင်ခေါင်း ရင်းမှာရောပေါ့။ မွေ့ရာပေါ်မှာလည်း နှင်းဆီပွင့်ချပ်ကလေး ကြဲထားရမယ်။ အခန်းထဲမှာပင် သက်တောင့်သက်သာ လဲလျောင်းနိုင်သည့် ကြိမ်သားဖြင့် ယက်ထားသော couch ရှည်ကလေးတစ်လုံး။ ပြီးတော့ ရေခဲသေတ္တာ အသေးကလေး လည်း ရှိသည်။ မှန်ပြတင်းတွေကိုတော့ ဇာလိုက်ကာ ခန်းဆီး ရှည်တွေဖြင့် အလှဆင်ထားသည်။ ငြိမ်းသူ၏ ခြေလှမ်းများက သူ့ကုတင် ခေါင်းရင်းဆီသို့ တရွေ့ရွေ့ ချဉ်းကပ်လာခဲ့သည်။ ဟင် ... ခေါင်းရင်းမှာ ဓာတ်ပုံမှန်ပေါင်ကလေး နှစ်ခု။ တစ်ခုက နာရီကလေးပါသော မှန်တုံး ပုံစံကလေး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအတိုင်း ကြည့်လိုက်လျှင် နာရီပဲ။ သို့သော် 3D လို ပုံစံမျိုးဖြစ်သည်။ နည်းနည်း ကိုယ်ကို ရွှေ့ကြည့်လိုက်တော့မှ အထဲက မာတ်ပုံကို မြင်ရပါသည်။ ကြည့်စမ်း . . . စုံတွဲပုံ တစ်ပုံပဲ။ ရုတ်တရက် မြင်လိုက်ရသော ထိုစုံတွဲပုံကလေးက ငြိမ်းသူ့ရင်ကို တဖျပ်ဖျပ် လှုပ်ခါသွားစေခဲ့သည်။ စုံတွဲပုံထဲက ယောကျ်ားလေးဟာ လူကြီးဖြစ်နေပြီး မိန်းကလေးကတော့ ငြိမ်းသူ့ လုံးဝ မျှော်လင့်မထားသော မယ်မယ်ပါ။ သိပ်ကို သေချာတာပေါ့။ နောက်ခံ background က ပင်လယ်ပြင် beach တစ်ခုဖြစ်သည်။ မယ်မယ်က ဖြူလွှသော ဂါဝန်ကလေးနှင့် နေကာမျက်မှန်နီညိုရောင် အကြီးကြီးကို နဖူးပေါ် လှန်တင်ထားကာ အားပါးတရ ရယ်မောနေသည့်ဟန်။ ပြီးတော့ သူ့ရဲ့ လက်တစ်ဘက်ကို ဆွဲထားလျက်။ ဒီလောက် ရင်းနှီးနီးကပ်နေခဲ့သူနှစ်ယောက်ဟာ ဘာကြောင့် အခုတော့ လုံးဝမသိသော သူစိမ်းနှစ်ယောက်ဟန်ဆောင်နေခဲ့ကြပါလိမ့်ဆိုတာ





တွေး၍မရပါ။ ပြီးတော့ကျ သူတို့ ဟန်ဆောင်နိုင်ကြတာလည်း မဟုတ်။ မျက်လုံးတွေကို ညာလို့မှ မရတာ။ နေစမ်းပါဦး . . . မယ်မယ်နဲ့ လူကြီးတို့ဟာ ချစ်မျှား ချစ်ခဲ့ကြသလားဟင်။ ထိုအတွေးသည် ငြိမ်းသူ့နှလုံးသားတည့်တည့်ဆီသို့ စူးနစ်ဝင်ရောက်သွားခဲ့ပါသည်။ လူကြီးဟာ ဘာဖြစ်လို့ မယ်မယ့်ကိုရော၊ ငြိမ်းသူ့ကိုရော။ ဟင့်အင်း . . .၊ ဆက်မတွေးရက်ပါ။ ဒါဆိုရင် မယ်မယ်ကရော သူ့ကိုတွေ့တော့ ဘာဖြစ်လို့ ခုမှ တွေ့ဖူးဟန်ဆောင်ထားရသလဲ။ ငြိမ်းသူ့မေးတော့ သူ့ကို လုံးဝ မသိခဲ့ပါလို့ လိမ်ညာခဲ့ရသလဲ။ သူတို့နှစ်ယောက်ဆီမှာ လျှို့ဝှက်သော ငြိတွယ်ပတ်သက်မှု တစ်ခု ရှိကို ရှိနေမှာ မလွဲမသွေပါ။ သူတို့ ဘာကြောင့်များ ညာကြရသလဲ။ ငြိမ်းသူ နားမလည်နိုင်ပါ။ ဘယ်သူတွေကများ သူတို့ရဲ့ အချစ်ကို တားဆီးမှာမို့လို့လဲ။ ဘာတွေလဲဟင် . . .။ ဘာတွေလဲ . . .။ ငြိမ်းသူ၏ မျက်ဝန်းများသည် စိတ်လှုပ်ရှားခြင်းတို့ဖြင့် စားပွဲပေါ်ရှိ vaio Laptop



www.burmeseclassic.com

www.burmeseclassic.com



ကလေးဆီ ရောက်ရှိသွားသည်။ လူတိုင်းဟာ ခုခေတ်မှာ သူတို့ဘဝရဲ့ အရေးကြီးသော အချက်အလက်၊ မှတ်တမ်းတချို့ကို computer ထဲမှာ save လုပ်ထားတတ်ကြသည်မှလား။

ငြိမ်းသူ့သည် Laptop ကလေးကို power ဖွင့်လိုက်သည်။ screensaver မှာ ပေါ်လာသော မြင်ကွင်းသည် ငြိမ်းသူ့ ရင်ကို ခပ်ပြင်းပြင်း ပုတ်နှိုးလိုက်သလို ဆတ်ခနဲနိုးကြားသွားသည်။ မယ်မယ်နှင့် ငြိမ်းသူ့ချစ်မိသော လူကြီး၏ စုံတွဲပုံပါပဲ။ နောက်ခံရှုခင်းသည် London မှာဖြစ်သည်။ အနောက်မှာ London eye ကြီးကို ထင်ရှားစွာ မြင်နေရသည်။ ဘာကြောင့်မှန်းမသိဘဲ ငြိမ်းသူ့ နှလုံးသားသည် ဖျတ်ခနဲ သေဆုံးသွားသလို ခံစားလိုက်ရကာ မျက်ရည်တွေ မျက်ဝန်းနှင့်အပြည့် ဖြစ်လာသည်။ ဒီပုံတွေကို ကြည့်ပြီး သူတို့နှစ်ယောက် တကယ် မချစ်ခဲ့ကြပါဘူးလို့ ဘယ်သူ ငြင်းနိုင်မလဲ။ My Photos ဆိုသော file ကလေးကို သိချင်စိတ် ပြင်းပြနေသော





ကြောင့် ကျုံးကျော်စွာပင် ဖွင့်ကြည့်လိုက်မိသည်။ view as a slide show ကို နှိပ်လိုက်လျှင် ကွန်ပျူတာ screen နှင့်အပြည့် ပေါ်လာသမျှ တစ်ပုံပြီးတစ်ပုံသည် London မှာ ရိုက်ခဲ့ကြသော မယ်မယ်နှင့် လူကြီး၏ ရင်းနှီးငြိတွယ်နေသော ပုံရိပ်များချည်းပင်။ ဟင် . . . မယ်မယ် ဟန်ဆောင်ကောင်းလှချည်လားဟင်။ လူကြီးကရော ငြိမ်းသူ့ သို့မဟုတ် မယ်မယ်က ဖွင့်မပြောလျှင် သားအမိ တော်စပ်နေသော မိန်းမနှစ်ယောက် စလုံးကို သူ ဘယ်လို နှလုံးသားနှင့်များ ချစ်နိုင်ခဲ့ပါလိမ့်။ ငြိမ်းသူ့ရင်ထဲ လှပ်ဟာသွားလိုက် . . . မောလှနာကျင်စွာ ဆို့နစ်သွားလိုက်နှင့် တစ်ယောက်တည်း ဆောက်တည်ရာမရ ဖြစ်နေသည်။ ငြိမ်းသူ့ ဘာလုပ်ရပါ့မလဲ။ တစ်ခုခုတော့လုပ်ရတော့မယ်လေ။ ငြိမ်းသူ့အတွက် . . . သို့မဟုတ် မယ်မယ့်အတွက်ပေါ့။

ကံကောင်းချင်တာလား . . . ကံဆိုးသွားတာ



www.burmeseclassic.com

www.burmeseclassic.com



လား မသိဘဲ internet ဝင်ထားလိုက်မိချိန်တွင် e-mail အသစ်ဝင်သော အမှတ်အသားကလေးပေါ်လာသည်မို့ သူတစ်ပါး၏ privacy ကို ကျူးကျော်လက်စဖြင့်ပင် ထိုစာအိတ်သင်္ကေတ အမှတ်အသားကလေးကို ဖွင့်လိုက်မိသည်။ gmail တန်းဖွင့်လာသည်မို့ password မလိုပါ။ Inbox ထဲရှိ စာကို ဖွင့်ဖတ်လိုက်သည်။

To : nhaungtoe (nhaungtoe@gmail.com)

Subject : HAPPY BIRTHDAY

From : Ma Ma (nwemageyin@doctors.org.uk)

**"Dear နှောင်တိုး"**

ပျော်စရာမွေးနေ့ဖြစ်ပါစေနော်။ သမီးရဲ့ချစ်သူအဖြစ် မင်းကို ပြန်တွေ့ခွင့်ရတာ ကိုယ် ဘယ်လိုပျော်မိမှန်း မသိဘူး။ သမီးရဲ့ဘဝကလေး လုံခြုံနွေးထွေးသွားပြီလို့ ကိုယ်ခံစားရတယ်။ တကယ်ပါ။ ကိုယ် မပြန်ခင် မင်းတို့





စေ့စပ်မယ်ဆိုတာကတော့ အတိုင်းထက်အလွန်ပေါ့ကွယ်။ သမီးကို မင်းရဲ့လက်ထဲ အပ်ထားလိုက်ပြီနော်။ သမီးကို ချစ်ပါ။ မြတ်နိုးပါ။ အလိုလိုက်ပါ။ သည်းခံပေးပါ။ ဘဝရဲ့ အချိန်တိုင်းမှာ စိတ်ချမ်းသာကြည်နူးရမှုဆိုတာ ကိုယ်ချစ်မြတ်နိုးတဲ့သူတွေ ရယ်မောပျော်ရွှင်နေတာကို မြင်ရတဲ့အချိန်မျိုးတွေမှာပေါ့။ အစစအရာရာအတွက် မင်းကို ကိုယ် ဘယ်လို ကျေးဇူးတင်မှန်းကို ပြောမပြတတ်တော့ပါဘူး။

'မင်းရဲ့ ရိုးဖြောင့်သော ...

နွေးမယ်ရင် ...

ငြိမ်းသူ့ရင်ထဲမှာ နှလုံးသားပျောက်ဆုံးသွားသလို လှပ်ဟာလျက် နာကျင်ထိခိုက်ခြင်းကြီးစွာ ခံစားရသည်။ မယ်မယ့်ရဲ့ စာထဲမှာ သံယောဇဉ်တွေ၊ ငြီတွယ်မှုတွေ၊ ကြေကွဲမှု



www.burmeseclassic.com

www.burmeseclassic.com



တွေကို မြင်တွေ့နေရသလိုပဲ။ မယ်မယ်ဟာ ချစ်သူကို စွန့်လွှတ်ရလောက်အောင် ရက်စက်ရောတဲ့ မိန်းမတစ်ယောက်လား။ ဘာကြောင့်လဲ . . .။ ဘာအတွက်လဲ . . .။ သူတို့နှစ်ယောက် ဘာဖြစ်လို့ ခုလို လျှို့ဝှက်စွာ ဆက်သွယ်နေခဲ့ကြတာလဲ။ ငြိမ်းသူ့ကိုရော ဘာဖြစ်လို့ ညာထားခဲ့ကြတာလဲ။ ဘာဖြစ်လို့ လှည့်စားခဲ့ကြတာလဲ။ ငြိမ်းသူ့သည် အလိမ်အညာ လှည့်စားခံနေရခြင်း၌ နာကျင်စွာ ပေါက်ကွဲချင်လာသည်။ သို့သော်. . . ဘယ်သူ့ကို ပေါက်ကွဲရမည် မသိ။ မယ်မယ့်ကိုလား။ လူကြီးကိုလား။ သူတို့ ပေးဆပ်ခဲ့ကြတာတော့ သေချာပါသည်။ ကိုယ်က ပေးတိုင်း တစ်ဖက်သားရဲ့ ရရှိမှုဟာ ပြည့်စုံမှုတပါရဲ့လားဆိုတာတော့ မယ်မယ်ရော သူပါ တွေးသင့်သည် ထင်တာပဲ။ ပိုဆိုးတာက ပေးတာကို ရိုးရိုးသားသားမပေးဘဲ ပိပိရိရိ လိမ်လည်လှည့်စားထားခဲ့ပြီး ပေးခဲ့ခြင်း ဖြစ်သည်။ ဒီကိစ္စမှာ ငြိမ်းသူ့ဘက်က အရာရာကို သိနေရက်နှင့် မသိချင်ဟန်ဆောင်ပြီး





ယူထားလိုက်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါ။ ဘဝတစ်လျှောက်လုံး လက်တွဲသွားရမည့် ချစ်သူဟာ ဘယ်သူ့ကို တကယ် ချစ်ခဲ့ပြီး ဘယ်သူ့ကိုတော့ ကိုယ်ပွားတစ်ခုသဖွယ် အစားထိုးခဲ့သလဲဆိုတာကို ငြိမ်းသူ့ သိခွင့်ရမှ ဖြစ်မည်။ သူတို့နှစ်ယောက် ငြိမ်းသူ့ကို လှလှပပကလေး လှည့်စားခဲ့ကြသလို ငြိမ်းသူ့ကလည်း ပြန်၍ လှည့်စားနိုင်ရမည်လေ။

☺☺☺

www.burmeseclassic.com

www.burmeseclassic.com



သူ့မွေးနေ့ အမှတ်တရအဖြစ် သူ အိမ်သို့ ပြန်ရောက်လာသောအခါ အဖြူရောင်နှင်းဆီတွေ ဝေနေသော အခန်းကလေးထဲမှာ အလှဆုံး အပြုံးကလေးနှင့် ငြိမ်းသူက စောင့်ကြိုနေလိုက်သည်။ မျက်နှာပေါ်မှာ ဘာသံသယမှ ရှိမနေစေရ။ ကြိုတင်စီစဉ်ထားသည့်အတိုင်း ဘုရားအတူတက်ပြီး restaurant တစ်ခုမှာ ညစာအတူ စားဖြစ်ကြသည်။ ငြိမ်းသူက သူ့အတွက် မွေးနေ့လက်ဆောင်အဖြစ် sony ericsson mobile handset နောက်ဆုံး model အသစ် ပါးပါး ငွေရောင်ကလေးကို ပေးခဲ့သည်။ ဖုန်းနှင့် video ပါ ရိုက်လို့ရ





သည်။ သူက ဖုန်းကလေးကို လှည့်ပတ်ကြည့်နေရင်းမှ ငြိမ်းသူ့မျက်နှာဆီ ခပ်သဲ့သဲ့ကလေး ပြုံးပြရင်း . . .

"အင်း . . . ကိုယ့်အသက်တောင် တော်တော်ကြီးလာပြီကွ၊ မထူးပါဘူး မီးလေးရာ၊ မယ်မယ်မပြန်ခင် တစ်ခါတည်း လက်ထပ်လိုက်ရအောင်၊ မကောင်းဘူးလားဟင်"

ဟု ထုံးစံအတိုင်း ခပ်လောလော စကားကိုဆိုလျှင် ငြိမ်းသူသည် မရည်ရွယ်ဘဲ သူ့ကို စကားတစ်ခွန်း ပြောမိသွားခဲ့သည်။

"လက်ထပ်တယ်ဆိုတာ တစ်သက်လုံးစာအတွက် ကိုယ့်ကိုယ်ကို အမှားဆိုတဲ့ သေတ္တာတစ်ခုထဲမှာ သော့ခတ်သိမ်းဆည်းခံလိုက်ရတာပဲ လူကြီးရဲ့၊ အဲဒီ အမှားတွေထဲမှာ မိန်းကလေးတွေအကြောက်ဆုံးက ဘာလဲ သိလား. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲဟင် . . ."

သူက နားမလည်နိုင်သော မျက်နှာပေးဖြင့် ပြန်မေးသည်။

"ကိုယ့်ကို တစ်ယောက်ယောက်ရဲ့နေရာမှာ အစားထိုးလိုက်မှာကိုပေါ့၊ လူတွေဟာ တစ်ခါတလေ လုပ်တတ်ကြတယ်လေ၊ ကိုယ် သိပ်လိုချင်မက်မောတဲ့ Ideal တစ်ခုကို မရနိုင်တဲ့အခါ အဲဒီ Ideal နဲ့ အနီးစပ်ဆုံးဆင်တူတဲ့ အရာတစ်ခုနဲ့ အစားထိုးလိုက်ကြတယ်၊ အစားထိုးခံလိုက်ရတဲ့ လူက သိချင်မှတောင် သိမယ်လေ" '

"မီးလေး ဘာတွေပြောနေတာလဲ၊ ကိုယ် နားမလည်ဘူး၊ ကိုယ်က ဘယ်သူ့ကို အစားထိုးရမှာလဲ၊ ကိုယ့်ရဲ့ Ideal ဆိုတာ ရှိခဲ့ရင်တောင် အဲဒါဟာ မီးလေးပဲလေ"

သူ့မျက်နှာက တကယ့်ကို ရိုးသားဖြူစင်နေဟန်

"ဟုတ်လား . . ."





ဟု ပြန်မေးသံမှာ သရော်သံကလေး စွက်နေတာကို သူ ရိပ်မိမှာပါ။ ခံစားမိမှာပါ။ သူလည်း ဒီလောက် တုံးအ, သူမှ မဟုတ်ဘဲ။

"မီးလေး ဘာတွေဖြစ်နေတာလဲ . . ."

ဟု ထပ်မေးသည်ကို ဟင့်အင်းဟုသာ ခေါင်းခါပြလိုက်ပြီး နှုတ်ခမ်းနှစ်လွှာကို ချုပ်ခနဲ စေ့ပိတ်ပစ်လိုက်သည်။ တော်လောက်ပြီ . . .။ ဒီထက်ပိုရင် စကားတွေ လွန်ကုန်တော့မယ်။

☺☺☺

www.burmeseclassic.com

www.burmeseclassic.com



"မီးလေး . . .၊ စေ့စပ်ပွဲနေ့အတွက် ဘာမှလည်း မပြင်ဆင်သေးပါလား၊ ဘာဝတ်မှာလဲ၊ ဘယ်မှာ လုပ်မှာလဲ၊ သူတို့ဘက်က အိမ်ကိုလာပြီး နားဖောက်တောင်းရမ်းစေ့စပ်မှာလား၊ ဒါမှမဟုတ် hotel တစ်ခုခုမှာ လုပ်မှာလားဆိုတာ မယ်မယ့်ကို ပြောပြလေ၊ မယ်မယ်က ပြန်ရတော့မှာ၊ မယ်မယ် မပြန်ခင် ခရီးလေး ဘာလေးလဲ ထွက်ချင်သေးတယ်၊ အင်းလေးဘက်သွားမလားလို့ . . .၊ အဲဒီအခါကျတော့ နှောင်တိုးကိုပါ ခေါ်ခဲ့လေ၊ မယ်မယ်တို့ သုံးယောက် သွားကြတာပေါ့"





မယ်မယ့်ဟန်က ပေါ့ပါးသွက်လက်လျက်ပါပဲ။ မယ်မယ့် မျက်ဝန်းတွေလည်း ရီဝေဆွေးလျမနေခဲ့။ မယ်မယ့်အပြုံးတို့ကလည်း ကြေကွဲရိပ်သမ်းမနေခဲ့ပြန်ပါ။ မယ်မယ်တကယ်ပဲ သူ့ကို ငြိမ်းသူနှင့် ရက်ရောကြည်ဖြူနေတယ်ပေါ့။ ခက်သည်မှာ ငြိမ်းသူဖြစ်သည်။ မယ်မယ်နှင့်လူကြီးကို မရိုးသားဟု သံသယ စဝင်လာခဲ့ချိန်ကတည်းက ဆုံးဖြတ်ချက်က တစ်ချက်တည်း ပြတ်သားခဲ့ပြီးသား။

"မီးလေး သူ့ကို မစေ့စပ်ချင်တော့ဘူး မယ်မယ်"

"ဟင် . . . ဘာဖြစ်လို့လဲ"

မယ်မယ့်မျက်နှာက ကွက်ခနဲ ပျက်သွားကာ ငြိမ်းသူ့ဘက်သို့ ချာခနဲ လှည့်ကြည့်လိုက်ဟန်က တကယ့်ကို ထိတ်လန့်တုန်လှုပ်စွာ မယ်မယ့်မျက်လုံးကလေးတွေ အဝိုင်းသားဖြစ်လို့။

"ဘာဖြစ်လို့လဲဆိုတော့ အချိန်နဲ့အမျှ လူ့ရဲ့စိတ်က



www.burmeseclassic.com

www.burmeseclassic.com



လည်း အလိုလို ပြောင်းလဲနေလို့ပေါ့ မယ်မယ်၊ မီးလေး သူ့ကို ချစ်ခဲ့တယ်လို့ ထင်ခဲ့တာ သူ့ဆီမှာ ကိုယ်ဖြစ်စေချင်တဲ့ စံတွေ အကုန်နီးပါး ရှိနေခဲ့လို့ပါ၊ တကယ်တမ်း စေ့စပ်ရတော့မယ်၊ လက်ထပ်ဖို့အထိ စဉ်းစားရတော့ မယ်လည်းဆိုရော မီးလေး လန့်လာတယ်၊ အဓိက ကွာခြားချက်ကတော့ အသက်အရွယ်ပဲ မယ်မယ်၊ အရွယ်မတူတော့ အတွေးအခေါ်ချင်း၊ စိတ်ကူးဆန္ဒချင်းလည်း မတူဘူး၊ မီးလေး သူ့ကို တကယ် လက်မထပ်ချင်တော့ဘူး၊ မီးလေး စိတ်ပြောင်းသွားပြီ"

ငြိမ်းသူ့ကို စူးစူးစိုက်စိုက်ကြည့်နေခဲ့သော မယ်မယ့် မျက်ဝန်းတွေက တဖျပ်ဖျပ် လက်လာခဲ့သည်။ မယ်မယ်ရဲ့ ဖြူစင်ကြည်လင်သော အသားအရည်မှာ အနီရောင်သမ်းလျက် . . .။

"ဒါ ကလေးကလား လုပ်ရမယ့် ကိစ္စ မဟုတ်ဘူးနော် မီးလေး၊ စိတ်ပြောင်းချင်တိုင်း ပြောင်းလို့မရဘူး၊





တစ်ဖက်သားကိုလဲ ထည့်တွက်ရဦးမယ်၊ သူတစ်ပါးအသည်းကို ခွဲရမယ့်ကိစ္စ၊ မီးလေး သူ့ကို ဘာဖြစ်လို့ ချစ်ခဲ့သေးလဲ"

မယ်မယ့်အသံက အနည်းငယ် တုန်ခါနေသည်။ ငြိမ်းသူက မယ်မယ့်ရဲ့ မျက်နှာကို အေးတိအေးစက်ပင် စိုက်ကြည့်နေကာ . . .

"မီးလေးက စချစ်ခဲ့တာ မဟုတ်ဘူး၊ သူက စချစ်ခဲ့တာ"

"အို . . . ဘာပဲဖြစ်ဖြစ် နှစ်ဦးသဘောတူလို့ ချစ်သူတွေဖြစ်ခဲ့ပြီးသားပဲ မီးလေးရဲ့၊ သူ့မှာ ဘာအပြစ်အနာအဆာမှ မရှိဘဲ မီးလေး သူ့ကို ဖြတ်လို့မရဘူး၊ စေ့စပ်မယ့်ကိစ္စကို မယ်မယ် သဘောတူပြီးသား၊ မစေ့စပ်ချင်တော့လို့ မရဘူး၊ စေ့ကို စေ့စပ်ရမယ်၊ ဒါပဲ . . .၊ တခြား အပိုတွေ မကြားချင်ဘူး"

မယ်မယ့်မျက်နှာက စိတ်လှုပ်ရှားနေမှန်း သိသာ



www.burmeseclassic.com

www.burmeseclassic.com



လှပါသည်။ ငြိမ်းသူက မယ်မယ့်ကို ဒီထက်ပိုပြီး သွေးဆူလာအောင် နှိုးဆွပေးချင်လာခဲ့သည်။ မယ်မယ် ဘယ်အချိန်ထိ ဆက်ပြီး ဟန်ဆောင်ထားနိုင်မလဲ။ စောင့်ကြည့်သေးတာပေါ့ကွယ်။

"မယ်မယ် . . . မီးလေးကို ဘယ်တုန်းက ဖွင့်အတင်း အကျပ် နိုင်းလို့၊ အမိန့်ပေးလို့ ရဖူးလို့လဲဟင်၊ ဒီကိစ္စဟာ မီးလေးရဲ့ သဘောတစ်ခုတည်းပါ၊ မီးလေး ရွေးထားတဲ့ ချစ်သူကို ကြိုက်တဲ့အချိန်မှာ အချိန်မရွေး ဖြတ်ခွင့်ရှိသားပဲ၊ စိတ်မှ မပါတော့တာ၊ ဘာလုပ်ရမှာလဲ၊ မီးလေး သူ့ကို စိတ်ကစားရုံသက်သက်ပါ"

"**စိတ်ကစားရုံ** . . .၊ ကြည့်စမ်း . . .၊ ဘယ်လောက် တစ်ကိုယ်**ကောင်းဆန်လိုက်**တဲ့ စကားလဲလို့ မီးလေး၊ ကိုယ့်ရဲ့ **စိတ်ကစားမှု**ကလေးအတွက် တစ်ဖက်လူမှာ ဘယ်လောက် ထိခိုက်နစ်နာသွားနိုင်မလဲဆိုတာ





မီးလေး လုံးဝ မတွေးတော့ဘူးလား"

"အသည်းကွဲတာများ မဆန်းပါဘူး မယ်မယ်ရာ၊ မယ်မယ်ရော အသည်းမကွဲဖူးပါဘူးလို့ ညာချင်သေးလို့လား၊ ဒီအသက်အရွယ်ရှိတဲ့၊ သိပ်လည်းလှတဲ့ မိန်းမတစ်ယောက်ရဲ့ နှလုံးသားမှာ အချစ်နဲ့ပတ်သက်တဲ့ အစက်အပျောက်ကလေး တစ်စက်တလေမှတောင် မစွန်းထင်းဖူးသေးဘူးဆိုတာကိုများ မီးလေးတို့က မယုံရေးချ မယုံပဲ မယ်မယ်၊ မယ်မယ် မညာတမ်း ဝန်ခံရဲသလား၊ မယ်မယ်ချစ်တဲ့ လူတစ်ယောက်ကို အကြောင်းတစ်ခုခုအတွက် စွန့်လွှတ်ခဲ့ဖူးပါတယ်လို့လေ"

မယ်မယ့်မျက်နှာက ချက်ချင်းပင် သွေးရောင်လွှမ်းလာခဲ့ပါသည်။ ငြိမ်းသူ့ကို ကြည့်သော အကြည့်တွေမှာ ပိုပြီး စူးရဲလာသလောက် မခံချိမခံသာရိပ်တွေလည်း စွန်းထင်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းပါ မီးလေးရယ် . . .၊ မယ်မယ့်အကြောင်းဘာမှ ပြောစရာမရှိဘူး၊ ဆိုင်လည်း မဆိုင်ဘူး၊ မီးလေးအကြောင်းပဲ ပြောစမ်းပါ၊ နှောင်တိုးနဲ့ မီးလေးကို မယ်မယ် စိတ်ချတယ်၊ သဘောတူတယ်၊ အခိပ္ပါယ်မရှိ ကလန်ကဆန် မလုပ်ချင်စမ်းပါနဲ့ မီးလေးရယ် နော်၊ ရှေ့အပတ်ထဲမှာ စေ့စပ်မယ့်ကိစ္စကို ဘာအနှောင့်အယှက်၊ အပြောင်းအလွဲမှ မဖြစ်စေချင်ဘူး၊ မီးလေးလည်း စဉ်းစားတွေးခေါ်တတ်တဲ့ မိန်းကလေးတစ်ယောက်ပဲ၊ သူလို အဖက်ဖက်က ပြည့်စုံနေတဲ့ ယောကျ်ားမျိုးဆိုတာ မီးလေးတစ်သက်မှာ နောက်တစ်ယောက် ထပ်တွေ့ဖို့ ဘယ်သိုမှ မလွယ်ကူတော့ဘူး၊ ကိုယ့်လက်ထဲမှာ ရှိနေတဲ့ အခွင့်အရေးတစ်ခုကို အမိအရပဲ ဆုပ်ကိုင်ထားစမ်းပါ မီးလေးရယ်၊ စိတ်ရှုးမပေါက်စမ်းပါနဲ့၊ လူကြီးတွေလည်း မျက်နှာပျက်စရာ





တွေ ဖြစ်ကုန်မယ်၊ ဘိုးဘိုးနဲ့ ဘွားဘွားတို့လဲ စိတ်ချမ်းသာမှာ မဟုတ်ဘူး၊ မယ်မယ်လည်း ပြန်ဖို့ စိတ်အနှောင့်အယှက် ဖြစ်ရမယ်နော်"

မယ်မယ့်လေသံက ချော့ချော့မော့မော့ပေမယ့် ငွတ်ဖိအားပေးမှုကလေးတွေက ရှိနေပြီးသား။ ငြိမ်းသူက ခေါင်းကလေးကိုသာ တယမ်းယမ်း ခါနေရင်း ခေါင်းမာမာ၊ အသည်းမာမာဖြင့်ပင် မယ်မယ့်ကို ဆန့်ကျင်နေသည်။

"ယောကျ်ားတစ်ယောက်ကို အခွင့်အရေးတစ်ခုလို အမိအရ ယူရမယ်ဆိုရင်တော့ မရရင်လည်း နေပါစေ၊ မယူတော့ဘူး မယ်မယ်၊ မီးလေးက နှလုံးသားရဲ့ အလိုကိုသာ လိုက်ချင်တာ"

"တောက် . . . ငြိမ်းသူရင်၊ နင် မယ်မယ့်ကို တမင်သက်သက်များ အရွဲ့တိုက်နေသလားဟင်၊ နင်ရဲ့ ချစ်သူပဲ နင် နှလုံးသားရဲ့ အလိုနဲ့ ချစ်ခဲ့တာ မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



လား၊ အခုမှ ဘာကို ကလန်ကဆန် လုပ်ချင်နေရတာလဲ၊ နင် ဘာကို မကျေမနပ် ဖြစ်နေတာလဲ"

မယ်မယ်က ဘာကို စိတ်ဆိုးမှန်းမသိ စိတ်ဆိုးလာဟန်ရှိလေသည်။ ငြိမ်းသူသည် မယ်မယ့်ကို သနားလည်း သနားလျက်ရှိကာ ငြိမ်းသူ့အပေါ် မရိုးသားကောင်းလား၊ လှည့်စားရကောင်းလား ဟူသော နာကျင်စိတ်ဖြင့်သာ အန္တွ တိုက်ကာ တိုက်ပွဲဝင်နေမိခြင်း ဖြစ်သည်။ မယ်မယ့်ဆီက ငြိမ်းသူ့အလိုချင်ဆုံးမှာ ဝန်ခံမှုတစ်ခုဖြစ်သည်။ မယ်မယ်ဟာ ဘာအတွက်များ မယ်မယ်နှင့် လူကြီးတို့ရဲ့ ပတ်သက်ငြိတွယ်မှုကို ဖုံးအုပ်လျှို့ဝှက်ထားချင်ရတာပါလိမ့်။

"မယ်မယ်ကရော ဘာဖြစ်နေတာလဲ၊ ကိုယ့်ချစ်သူကို အချိန်မရွေး လက်တွဲဖြုတ်ခွင့် မိန်းကလေးတိုင်းမှာ ရှိသားပဲ၊ စိတ်မှ မပါတော့တဲ့ဥစ္စာ၊ ဘာဖြစ်လို့ အားနာသမှုနဲ့ ရှေ့ဆက်တိုးနေရမှာလဲ"





"ငြိမ်းသူ့ရင် မယ်မယ် စိတ်ဆိုးလာပြီနော်၊ ငါသိတယ်. . , နင် ငါ့ကို သက်သက်ရွဲ့နေတာ၊ နင် ဘာဖြစ်ချင်နေတာလဲ၊ စေ့စပ်ကြဖို့ နင်တို့နှစ်ယောက်ပဲ ကြည်ကြည်ဖြူဖြူ သဘောတူခဲ့ပြီးသားလေ၊ အခုမှ အစိမ်းဖြတ် ဖြတ်လိုက်ရင် တစ်ဖက်လူ ဘယ်လောက် ထိခိုက်ခံစားရမလဲ နင် မတွေးတော့ဘူးလား"

"မတွေးတော့ဘူး မယ်မယ်၊ လောကမှာ သူများကို မနာကျင်စေချင်ပေမယ့် ကိုယ် မနာကျင်အောင်လဲ ကာကွယ်ရမှာပဲ"

"အဲဒါ တစ်ကိုယ်ကောင်းဆန်တာပေါ့ . . ."

"နေစမ်းပါဦး မယ်မယ် . . . မယ်မယ်က ဘာဖြစ်လို့ သူ့ဘက်က အရမ်းနာနေရတာလဲ၊ မယ်မယ် သူ့ကို ခုမှ သိရတာမှလား၊ သူက မယ်မယ့်အတွက် သူစိမ်းပဲဥစ္စာ၊ မယ်မယ် ဘာတွေကို စိုးရိမ်နာကျင်နေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ . . . မီးလေး၊ မယ်မယ် အရိုးသားဆုံး ဝန်ခံချင်တယ်၊ နှောင်တိုးကို မယ်မယ် ခုမှသိတာ မဟုတ်ဘူး၊ အင်္ဂလန်မှာကတည်းက သိခဲ့တာ၊ သူ့မှာ မယ်မယ်လိုချင်တဲ့ စံတွေ အစုံအလင်ရှိတယ်၊ သူ့ကို မီးလေးအတွက် ရည်ရွယ်ပြီး မယ်မယ် ရှာတွေ့ခဲ့တာ၊ သူ့ကို မီးလေးဆီရောက်အောင် သွားဖို့ မယ်မယ်ပဲ လွှတ်ခဲ့တာ၊ ကဲ . . . အဲဒါဆိုရင် မယ်မယ့်ကို ငဲ့ညာတဲ့ စိတ်ကလေးနဲ့ မယ်မယ် စီစဉ်ခဲ့တာကို မဖျက်ဆီးပစ်လိုက်ပါနဲ့နော်၊ မယ်မယ် တောင်းပန်ပါတယ်"

မယ်မယ့်ထံမှ လုံးဝ မျှော်လင့်မထားသော ဝန်ခံစကားကို ကြားလိုက်ရချိန်တွင် ငြိမ်းသူ့နားထဲ လေတွေ ထွက်သွားသလို ရင်ထဲမှာ လှပ်ခနဲ ဖြစ်သွားသည်။ ပါးစပ် အဟောင်းသားကလေးဖြင့် မယ်မယ့်ကို မယုံနိုင်စွာ ငေးကြည့်နေရုံမှလွဲပြီး ဘာစကားမှမပြောနိုင်။ နင်လျက်ရှိသည်။ ခုတ်ရာတခြား





ရှရာတခြားပါလား။ ငြိမ်းသူ့သံသယနှင့် တခြားစီပင်။ သို့သော် . . . ထို အမှန်တရားကို သိလိုက်ရချိန်မှာ ဖျတ်ခနဲ ဖြစ်သွားသော စိတ်က လူကြီးဆီသို့ ပုံကျသွားခဲ့ခြင်းဖြစ်သည်။ လက်စသတ်တော့ တကယ်တမ်း မရိုးသားခဲ့သူဟာ သူပေါ့။ နှလုံးသားရဲ့ ဆန္ဒ၊ သူ့ရဲ့ အလိုဆန္ဒ သက်သက်ဖြင့် ငြိမ်းသူ့ဆီသို့ အလိုအလျောက် ရောက်လာခဲ့ခြင်း မဟုတ်ဘဲ မယ်မယ့်ရဲ့ စေညွှန်းမှုနဲ့ ပရိယာယ်နဲ့ ငြိမ်းသူ့ဆီသို့ တမင်သက်သက် ဝင်လာခဲ့တာပေါ့၊ ဒါဟာလည်း လှည့်စားမှု တစ်မျိုးပါပဲ။

"ကျေးဇူးပဲ မယ်မယ်၊ အဲဒီလို အမှန်အတိုင်း ဝန်ခံလိုက်တာကို စောင့်နေတာပါ၊ ခုတော့ ပို့ရှင်းသွားတာပေါ့၊ မယ်မယ့်ကြောင့်သာ သူ မီးလေးကို ရှာတွေ့ခဲ့တာကိုး၊ သူ့ အစွမ်းအစ ဘာမှ မပါဘူး၊ မီးလေးကို သူ ဒီလောက် လွယ်လွယ်နဲ့ ဘယ်ရလိမ့်မလဲ မယ်မယ်၊ မီးလေးက သူ့ကို ရိုးရိုးသားသား ဆက်ဆံခဲ့တာ၊ သူက တစ်ချိန်လုံး



www.burmeseclassic.com

www.burmeseclassic.com



ညာနေခဲ့တာ"

"အဲဒါတွေ ပြောမနေနဲ့လေ မီးလေး၊ လူကြီးချင်း သဘောတူ ကြည်ဖြူလို့ ရှာပေးတဲ့ အချစ်မျိုးတွေ တောင် ရှိသေးတာပဲ၊ သူ မီးလေးကို အမှန်အတိုင်း မပြောပြခဲ့တာက မယ်မယ်က မပြောစေခ်င်လို့ပါ၊ မယ်မယ် လွှတ်လိုက်တာလို့ မီးလေးသိရင် မီးလေးက ညစ်ဦးမှာ၊ ကလန်ကဆန် လုပ်ဦးမှာမှုလား"

"နေစမ်းပါဦး . . .၊ သူက ဘာဖြစ်လို့ မယ်မယ့်စကား ကို မြေဝယ်မကျ နာခံနေရတာလဲ၊ အရာရာကို သူ သဘောနဲ့သူ မဆုံးဖြတ်နိုင်ဘူးလား၊ မယ်မယ် ရှာပေးမှ ယောကျ်ားယူရတော့မယ်ဆိုရင် မီးလေး ဒီတစ်သက် အပျိုကြီးပဲ လုပ်လိုက်တော့မယ် သိလား၊ လုံးဝ No ပဲ"

"ငြိမ်းသူ့ရင် မယ်မယ့်စကားကို နားမထောင်နိုင်ဘူး





လား"

"ဆောရီးပဲ မယ်မယ်၊ မီးလေးအကြောင်း မယ်မယ် သိပြီးသားပါ၊ မီးလေးရဲ့ဘဝကို ဘယ်သူကမှ လာပြီး ချယ်လှယ်စီမံလို့ မရဘူး၊ မီးလေးသဘောအတိုင်းပဲ လုပ်မယ်၊ ကိုယ့် ကိုယ်ကိုယ်ပဲ ပိုင်တယ်၊ ကိုယ့်ဘဝကို ကိုယ့်ဘာသာပဲ ဆုံးဖြတ်မှာပေါ့"

"ကြည့်စမ်း . . . မွေးရကျိုးနပ်လိုက်တဲ့ သမီး၊ နင့် အတွက် ငါ ဘာတွေ ပေးဆပ်ခဲ့ရသလဲဆိုတာ နင် မသိဘူး၊ ငါက နင့်ဘဝကို အမြင့်မားဆုံး ဖြစ်စေချင် တာ မီးလေးရဲ့"

မယ်မယ့်တစ်ကိုယ်လုံး တဆတ်ဆတ် တုန်လာပါ သည်။ ငြိမ်းသူက မယ်မယ့်ကို ပြုံးပြလိုက်ကာ . . .

"မီးလေးဘဝကို ယောကျ်ားတစ်ယောက်က တွဲခေါ်မှပဲ အမြင့်ဆုံးရောက်နိုင်မှာ မဟုတ်ပါဘူး မယ်မယ်ရယ်၊



www.burmeseclassic.com

www.burmeseclassic.com



မီးလေးဘာသာလည်း အမြင့်ဆုံးရောက်အောင် ပျံသန်းနိုင်ပါတယ်"

ဟု ဂျစ်ကန်ကန်လေသံကလေးဖြင့် ပြန်ပြောလိုက်သည်။ ပြီးတော့ မယ်မယ် ဘာမှ ထပ်မပြောနိုင်ခင်မှာ အိမ်ထဲကနေ လေအလျှင်လို လှစ်ခနဲ ပြေးထွက်ခဲ့ပါသည်။ ဘာကြောင့်မှန်းတော့ မသိ။ ရင်ထဲမှာ နာကျင်လျက်။ တစ်ခါတစ်ရံကျတော့ ငြိမ်းသူရင်က ခေါင်းတော့အမာသား။ အသည်းသာ အကွဲခံလိုက်ချင်သည်။ မာနကိုတော့ မလျှော့ချင်ပါ။ ပြီးတော့ ဘာကိုမှန်းမသိ အရွဲ့လည်း တိုက်ချင်နေပြန်သည်။ ငြိမ်းသူရင်အတွက် ယောကျ်ား မရှားပါဘူးကွယ်။ ကမ္ဘာကြီးကလည်ပတ်နေသားပဲ။

☺☺☺



## အခန်း ... ၁၀

## Boat Club:

မိန်းမတွေကို သူ အမှန်တကယ်ပင် နားမလည်နိုင်တော့တာပါ။ လိုက်လို့လည်း မမီနိုင်တော့။ လောကမှာ မသေချာဆုံးသော အရာဆိုသည်မှာ မိန်းမတွေရဲ့ စိတ်ပဲလား မသိ။ သူ့ဘဝမှာ နီးကပ်ရင်းနှီးစွာ ငြိတွယ်ပတ်သတ်ခဲ့ဖူးသူဆို၍ မမနှင့်မီးလေး နှစ်ဦးတည်းသာ ရှိခဲ့ဖူးပါသည်။ ထိုနှစ်ယောက်စလုံးကပဲ သူ့ကို နားမလည်နိုင်စရာ ပညာတွေ ပေးခဲ့ခြင်းဖြစ်သည်။ အမှန်အတိုင်း အရိုးသားဆုံး ဝန်ခံရကြေးဆိုလျှင် သူ့နှလုံးသား



www.burmeseclassic.com

www.burmeseclassic.com



ထက်မှာ ပထမဆုံး ပုံရိပ်ထင် လွှမ်းမိုးခဲ့သော မိန်းမသားမှာ မမပဲ ဖြစ်ပါသည်။ အနေနီးကပ်မှုကြောင့်ရော၊ အခြေအနေ၊ အချိန်အခါကြောင့်ရော၊ မမရဲ့ လွှမ်းမိုးနိုင်စွမ်းတွေကြောင့်ပါ မမအပေါ်မှာ သူ တိတ်တခိုး ငြိတွယ်သာယာခဲ့မိပါသည်။ အဲဒါကို ယောကျ်ားတစ်ယောက် (အချစ်ကို တစ်ခါမှ မကြုံကြိုက်ဖူးသေးသော အရိုင်းဆန်ဆန် လူတစ်ယောက်) အတွက် ဖြစ်လေ့ဖြစ်ထရှိသော၊ နှလုံးသား ယစ်မူးတိမ်းညွတ်မှုတစ်မျိုးလို့ အမည်တပ်လို့ရလျှင် သူ တပ်ချင်ပါသည်။ မမထံမှာ သူ ပျော်ဝင်၍ နေသားမကျသေးခင်မှာ မမက အလွန်လှပသော လှည့်ကွက်တစ်ခုဖြင့် သူ့ကို မျက်လှည့်ပြလိုက်သည်။ မမရဲ့ သူ့အပေါ် လွှမ်းမိုးရင်းနှီးမှုများ အားလုံးကို သူ ဘယ်လိုမှ မျှော်လင့်မထားခဲ့သော လမ်းကြောင်းတစ်ခုဆီသို့ ပြောင်းလွှဲပစ်လိုက်ခြင်း ဖြစ်သည်။ အဲဒါကတော့ သူ အလွန် ချစ်မြတ်နိုးသွားမိသည့် ငြိမ်းသူ့ရင်ဆိုသော၊ နားလည်ဖို့ မလွယ်ကူနိုင်သော၊ အနှိုးရခက်ခဲသော





မိန်းကလေးဆီသို့ ဖြစ်သည်။ ထို မိန်းကလေးကို သူ့ဘဝမှာ နောက်ထပ် ဘယ်သူ့ကိုမှ မချစ်နိုင်တော့မည့် သံယောဇဉ်မျိုးဖြင့် သူ တကယ် ချစ်ခဲ့မိခြင်း ဖြစ်ပါသည်။ တစ်သက်စာလုံးလည်း အပိုင်ရချင်သည်။ မျှော်လင့်ချက်တွေလှည်းများစွာပင်။ ချစ်သူကို အသေအချာ သိမ်းပိုက်ခွင့် ရတော့မည်ဟု အစစအရာရာ ပြင်ဆင်ပြီးချိန်တွင် ကံကြမ္မာကလား၊ ငြိမ်းသူ့ရင်ကလည်း မသိ သူ့ကို တစ်ချက်တည်းဖြင့် ခပ်ပြင်းပြင်း အလဲထိုးပစ်လိုက်လေသည်။ သူ့ရှေ့က မိန်းကလေးကို မယုံနိုင်ခြင်းများစွာဖြင့်သာ သူ ငေးကြည့်နေမိသည်။ ဘာစကားမှ မပြောနိုင်သေး။ ငြိမ်းသူ့ရင်ရဲ့ နှုတ်ခမ်းကလေးတွေ တဖျပ်ဖျပ် လှုပ်သွားခဲ့ကာ ထိုနှုတ်ခမ်းလွှာကလေးတွေဆီမှ အဓိပ္ပါယ်မရှိသော စကားလုံးကလေး လေးလုံး ခုန်ပေါက်ထွက်ကျလာခဲ့သည်ကို သူ နားနှင့် ဆတ်ဆတ် မယုံနိုင်စွာ ကြားလိုက်ရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လမ်းခွဲကြစို့ . . ."

တဲ့ . . .။ နားရှိလို့သာ ကြားလိုက်ရခြင်းဖြစ်သည်။ သူ လုံးဝ မယုံနိုင်ပါ။ နေရာက အင်းလျားကန်စောင်းရှိ boat club ထဲမှာ ဖြစ်သည်။ ငြိမ်းသူ့ကားဆီမှ နောက်ဆုံးထွက်ထားသော Beyonce နှင့် Shakira တို့နှစ်ယောက် တွဲဆိုထားသော "Beautiful Liar" ဆိုသော သီချင်းသံက ကျယ်လောင်စွာ ခုန်ပေါက်ထွက်ပေါ်နေသည်။ တမင်သက်သက် ဖွင့်ထားသော အဓိပ္ပါယ်မျိုးဖြစ်သည်။

"ဘာဖြစ်လို့ အဲဒီလို တစ်ဖက်သတ်ကြီး မြန်မြန်ဆန်ဆန် ဆုံးဖြတ်လိုက်ရတာလဲ မီးလေး၊ ကိုယ် ဘာမှားသွားလို့လဲ၊ ကိုယ် ဘာလုပ်မိလို့လဲ၊ မနေ့ကအချိန်ထိ မီးလေး အကောင်းကြီးပဲ ဥစ္စာ၊ ဘာပြဿနာဖြစ်လို့လဲ၊ ဘာကို စိတ်ဆိုးစိတ်မျက်သွားလို့ ဒီစကားပြောတဲ့အထိ ဖြစ်သွားရတာလဲ၊ ကိုယ်တို့ စေ့ပဲစေ့စပ်တော့မယ့်ဥစ္စာ မီးလေး





ရယ်၊ သွေးပူနေတုန်းမှာ ဘာကိုမှ အလောတကြီး မဆုံးဖြတ်ပါနဲ့၊ ခေါင်းအေးအေးထားပြီး သေချာ ပြန်စဉ်းစားပါဦးနော်၊ မီးလေးရဲ့ ဆုံးဖြတ်ချက်နဲ့ ကိုယ်တို့နှစ်ယောက်စလုံး ထိခိုက်နာကျင်ကြရမှာနဲ့ ထိုက်တန်ရဲ့လားဆိုတာ အရင်ဆုံး ပြန်တွေးပါဦးကွာ . . . နော်"

သူက စိတ်ကို လျှော့ပြီး လူကြီးပီပီ ရင့်ကျက်တည်ငြိမ်ဟန်ဖြင့် ဖျောင်းဖျောင်းဖျဖျ ပြောနေသော်လည်း ရင်ထဲမှာတော့ စိုးရိမ်ထူပူစိတ်တွေနှင့် ဗလောင်ဆူနေပြီ။ ငြိမ်းသူ့ရဲ့မျက်နှာက ပြတ်သားစွာ ဆုံးဖြတ်ထားပြီးသူတစ်ယောက်လို အေးစက်နေသောကြောင့် ဖြစ်သည်။

"ပြန်တွေးစရာ မလိုတော့ဘူး လူကြီး၊ မီးလေး ဆုံးဖြတ်ပြီးရင် ပြန်မပြင်ချင်တော့ဘူး၊ ထိုက်တန်တာတွေ မတန်တာတွေလည်း မတွေးချင်ဘူး၊ လုံးဝကို မဖြစ်နိုင်တော့လို့ပါ၊ အားနာပါးနာလေးနဲ့တောင် လူကြီးကို မချစ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



တော့လို့ပါ၊ စေ့စပ်ဖို့ဆိုတာ သိပ်ကို ဝေးသွားပြီ၊ လူကြီးကို စကားတစ်ခွန်းတော့ ပြောခဲ့မယ်၊ နှစ်သိမ့်စကားလို့ ထင်ချင်လည်း ထင်ပေါ့၊ လူကြီးကို အရူးလုပ်တယ်၊ အသည်းခွဲတယ်၊ ပမာမခန့်လုပ်တယ်ဆိုပြီး နာကြည်းချင်ရင်လည်း တစ်သက်လုံး နာလိုက်တော့ပေါ့၊ ဒါပေမယ့် ကမ္ဘာကြီးက လည်ပတ်နေတယ်၊ အခု လမ်းခွဲပြီးရင်လည်း တစ်ချိန်ချိန်မှာ မျက်နှာချင်းဆိုင်ပြန်ဆုံချင် ဆုံမိလိမ့်မယ်၊ တစ်ယောက်ယောက်က တွန်းပို့လိုက်လို့ မဟုတ်ဘဲ ကိုယ့်နှလုံးသားနဲ့ တွေ့တာကိုပဲ လိုချင်တယ်၊ မီးလေးက ကိုယ့်ဗိုက်နဲ့ ကိုယ့်နှလုံးသားကိုပဲ တန်ဖိုးထားတယ် . . . သိလား”

သူ နည်းနည်းတော့ ရိပ်မိသွားပါသည်။ အကြောင်းတစ်ခုခုဖြင့် သူ့ကို မမက သူမဆီ လွှတ်ခဲ့တယ်ဆိုတာ မီးလေး သိသွားခဲ့ပြီ။





“နေဦး . . . မီးလေး၊ ကိုယ် သေသေချာချာ ရှင်းပြချင်တယ်၊ မီးလေး ဘာကို စိတ်နာသွားတာလဲ၊ မမ . . .”

“ဟင့်အင်း . . . ဘာမှ ရှင်းပြစရာ မလိုပါဘူး၊ လမ်းခွဲချင်တာဟာ ဖီလင်မရှိတော့လို့ပေါ့၊ လှလှပပကလေး လိမ်ညာခဲ့တာကိုလည်း ခွင့်မလွှတ်နိုင်လို့ပေါ့၊ ဒါပါပဲ . . .၊ လူကြီး ဘယ်လိုပဲ ရှင်းပြရှင်းပြ မီးလေးက စိတ်မပြောင်းတော့ဘူး၊ မယ်မယ် ဘယ်လောက် စိတ်ဆိုး၊ စိတ်ဆိုး မီးလေးကလည်း ဒါဆိုဒါပဲ၊ မပြောင်းလဲဘူး၊ လောကမှာ သူ ဖြစ်စေချင်တိုင်း ဖြစ်မလာတတ်ပါလားဆိုတာကို မယ်မယ်သိရင် တော်ပြီ၊ ကဲ သွားပြီနော်၊ မယ်မယ့်ဆီ ဖုန်းဖြစ်ဖြစ်၊ message ဖြစ်ဖြစ် ပို့လိုက်ပါဦး၊ ရင်းနှီးပြီးသား လူတွေပဲ၊ သူစိမ်းတွေလို ဟန်ဆောင်မနေနဲ့၊ ဟန်ဆောင်ရတာ အလေးပင်ဆုံးပဲ၊ ပေါ့ပေါ့ပါးပါးလေးပဲ ကောင်းပါတယ်၊ Good-bye



www.burmeseclassic.com

www.burmeseclassic.com



လူကြီး"

ငြိမ်းသူက ရိုသဲ့သဲ့ပင် နှုတ်ဆက်ကာ ကားပေါ်တက်ပြီး တရှိန်ထိုး မောင်းထွက်သွားလေသည်။ သူ မတားလိုက်မိပါ။ တားလို့မရနိုင်မှန်းလည်း သူ သိနေသောကြောင့်ဖြစ်သည်။ သူ့နှလုံးသားသည် လှပစွာပင် အသတ်ခံလိုက်ရပြီ။ လျှင်မြန်လွန်း၍ သေဆုံးသွားမှန်းတောင် မသိလိုက်ရပါ။


☺☺☺

BURMESE CLASSIC .com





ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်




စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







BURMESE CLASSIC .com

မမရဲ့ မျက်လုံးတွေကို သူ မကြည့်မိပါ။ ဆွေးမြည့်နာကျင်သော၊ မျက်ရည်စွန်းထင်းသော၊ ကြေကွဲအထီးကျန်နေသော အရိပ်တွေကို မမြင်လိုသောကြောင့် ဖြစ်သည်။ တကယ်ဆို သူ မမကို လာတောင် မနှုတ်ဆက်သင့်တော့ဘူး ထင်သည်။ သူ့ အတွက် အရာရာသည် ပြီးဆုံးသွားခဲ့ပြီ။ ငြိမ်းသူ့ရင်က မမကို လိုက်မပို့ပါ။ အဲဒါလည်း သူ ကြိုသိပြီးသား ဖြစ်သည်။ မမက သူ့ Mobile ဆီ message လှမ်းပို့ကာ နောက်ဆုံး နှုတ်ဆက်ချင်သောကြောင့် လေဆိပ်သို့ လာခဲ့ဖို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ခဲ့သောကြောင့် သူ ရောက်လာခဲ့ရခြင်း ဖြစ်သည်။

"ကိုယ် ဘာပြောရမှန်းတောင် မသိတော့ပါဘူး နှောင်တိုးရယ်၊ ကိုယ် တစ်ခုခုကို စွန့်စားလိုက်ခဲ့မိတယ်၊ သမီးကိုလည်း လျှော့တွက်လိုက်မိတာပါ၊ သမီးရဲ့စိတ်ကို သိသိကြီးနဲ့ ကိုယ် ဖြစ်စေချင်တာကို ဇွတ်တိုးခဲ့မိတာ လူတစ်ယောက်ရဲ့ နှလုံးသားကို စတေးလိုက်မိသလို၊ ကစားလိုက်မိသလို ဖြစ်သွားခဲ့ပြီ၊ ဆောရီးပဲ နှောင်တိုးရယ်၊ ဒီထက်လေးနက်တဲ့ စကားလုံးမျိုးနဲ့ တောင်းပန်ချင်တာပါ၊ ကိုယ်က စစ်တုရင်ကစားခဲ့မိတာ၊ ဒါပေမယ့် မင်းနဲ့ သမီးက စစ်တုရင်ကွက်ပေါ်က အရုပ်ကလေးတွေမှ မဟုတ်ခဲ့တာနော်၊ အားလုံးဟာ ကိုယ့်ရဲ့ အမှားတွေချည်းပါပဲကွယ်၊ မင်း ကိုယ့်ကို သိပ်များ စိတ်နာနေမလားဟင်"

မမရဲ့ အသံက အက်ကွဲသွေ့ခြောက်၍နေသည်။

သူက နင့်ကြပ်လေးလံနေသော နှလုံးသားကို သက်သာလိုသက်





သာငြား သက်ပြင်းကလေး ရှိုက်ထုတ်လိုက်မိကာ . . .

"ဘယ်တတ်နိုင်မလဲ မမရယ်၊ ဒါ ဝဋ်တစ်ခုပဲ ဖြစ်မှာပေါ့၊ ကျွန်တော် ဘယ်တုန်းက ချစ်သူတွေကို အစိမ်းလိုက်ခွဲခဲ့ဖူးမှန်းမှ မသိတာ၊ မလည်မဝယ်နဲ့ ကိုယ်မကျွမ်းကျင်တဲ့ ကစားနည်းတစ်ခုကို ကစားခဲ့မိတဲ့ လူတစ်ယောက်မှာ အနည်းနဲ့အများတော့ ထိခိုက်နာကျင်ရတာ၊ ဆုံးရှုံးရတာတွေ ရှိမှာပေါ့၊ ကျွန်တော် အခု တကယ် မပျော်ပါဘူး၊ အသည်းလည်းကွဲနေတယ်၊ စိတ်ထဲမှာလဲ နာနာကျင်ကျင်ကြီး ခံစားနေရတယ်၊ ရှက်လည်း ရှက်နေတယ်၊ ဒါပေမယ့် ကျွန်တော်မှ ဘာမှ မတတ်နိုင်တာ၊ ကြိတ်မှိတ်ခံရဦးမှာပဲ၊ နောက်တော့လည်း အားလုံး ပြီးသွားမှာပါ။ This, too, will, pass"

တကယ်လည်း သူ အဲဒီစကားလေးကိုပဲ နှလုံးသွင်းနေခဲ့တာပါ။ မမက သူ့ကို ရုတ်တရက် သိုင်းဖက်လိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com



သူ့ ပခုံးကလေးတစ်ဖက်ကို ပုတ်လျက် နှစ်သိမ့်ရင်း စကားလေးတစ်ခွန်းကို သူ့နားရွက်မှာ တိုးတိုးဖွဖွကလေး ပြောသွားခဲ့ပြီး ချာခနဲ လှည့်ဝင်သွားခဲ့ပါသည်။ သူ သက်ပြင်း ရှိုက်လိုက်မိပြန်သည်။ ခုချိန်မှာတော့ သူ စာတတ်သွားခဲ့ပြီ။ ထိုစကားလေးမှာ သူ မသာယာတတ်တော့ပါ။

"မင်းကို ကိုယ် ဘယ်တုန်းကမှ မဆုံးရှုံးချင်ခဲ့ပါဘူး"

တဲ့ . . .။ ထိုစကားကို မမက အင်္ဂလိပ်လို ညည်း တွားသွားခဲ့ခြင်း ဖြစ်သည်။ ထိုစကားရဲ့ အဓိပ္ပါယ်ကို ခွဲခြမ်းစိတ်ဖြာ မနေချင်တော့ပါ။ လောကကြီးက မာယာများပါသည်။ မိန်းမတွေက လောကကြီးနှင့် တူပါသည် . . . .။

BURMESE CLASSIC .com



စိတ္တသုခ၊ ကာယသုခဖြင့် ပြည့်စုံနိုင်ကြပါစေ . . .

မေတ္တာအားဖြင့် . . .



လွန်းထားထား (ဆေးတက္ကသိုလ်)

၁-၅-၂၀၀၇

www.burmeseclassic.com